www.burmeseclassic.com

# လွန်းထားထား

(ဆေးတက္ကသိုလ်)

## အာဝဏ်

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁)

"ခုချိန်မှာ ကျွန်တော် ဒီလိုဓာတ်မျိုးတွေ မရိုက်ချင်ဘူးဗျာ၊ ကျွန်တော့်ရင်ဘတ်ထဲမှာ ရှိနေတဲ့ နှလုံးသားက ထိလိုက် ရင်တောင် ကွဲရှသွားမတတ် အရှမ်းနုနယ်နေတယ်ဆိုတာ ဒါရိုက်တာကြီး ... ခင်ဗျား သိတယ်နော်၊

အချစ်ဆိုတာကြီးက ကျွန်တော့်နှလုံးသားကို ပြုစား ထားတယ်၊ ကျွန်တော် ခုအချိန်မှာ အရိုက်ချင်ဆုံးက အဓ အကြောင်းပဲ၊ ရူးလောက်အောင်ချစ်တဲ့ အချစ်အကြောင်း၊ သေလောက်အောင်ချစ်တဲ့ အချစ်အကြောင်း၊ အချစ်အ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com


တွက် မိုက်ရူးရဲဆန်တဲ့ သူ့ရဲကောင်းအကြောင်း၊ အဲ့ဒါပဲ၊

ကျွန်တော့်နှလုံးသားက အရမ်းနူနေတယ်ဗျာ၊ ကဲ ခင်ဗျားရဲ့ အလွမ်းအနင့်ဇာတ်ကြီး ပြန်ယူသွား၊ ချစ်နိုင်သလောက်ချစ်တဲ့ချစ်ဇာတ်သာရှာလာခဲ့၊ အိုကေ ကျွန်တော် ရိုက်ရက်ပေးမယ်၊ ရက်ကို ပိုစောစော လိုချင်ရင် မင်းသမီးက 'မေယုံကြည်' နော်၊ အိုကေ"

"အိုကေ ခင်ဗျာ၊ အိုကေ"

ဒါရိုက်တာပြည့်စုံက သွားကိုဖြီးကာ ခေါင်းကို တဆတ်ဆတ်ညိတ်ရှာလေသည်။ သူ လက်ထဲမှ ဆဲလ်ဖုန်းခလုတ်လေးတွေကို မျက်စိမှတ်ပြီးတော့ပင် အသာအယာနှိပ်လိုက်သည်။ သူ့နှုတ်ခမ်းများ အလိုလိုပြုံးနေကြသောကြောင့် သူ့မျက်လုံးတစ်ခုလုံးကြည်လင်ဝင်းလက်နေလေသည်။

"ဟယ်လို၊ သည်း လား၊ အိပ်ရာနိုးပြီလား၊ ခု ဘာလုပ်နေလဲ၊ ဘာအင်္ကျီလေးဝတ်ထားလဲ၊ ပြော"

"မောနင်း ဟန်နီ၊ သည်း ခုလေးတင် အိပ်ရာက နိုးလာတာ၊ မျက်နှာတောင် မသစ်ရသေးဘူး၊ ကိုယ်ပေါ်မှာ ညဝတ်အင်္ကျီပန်းရောင်နုနုကလေးဝတ်ထားတယ်၊ သည်းက ဟန်နီ့အကြောင်းတွေးနေတာလေ"

သူမအသံက ရွှဲပျစ်ချိုအိစွာသွက်ပေါလာပြီး ပါးစပ်ထဲမှာ ဝါးလက်စကီတ်မုန့်ကို အသံမပြည်အောင် ဖုန်းကို ခပ်ခွာခွာဖြစ်အောင် လက်ဆန့်တန်း၍ခွာထားပြီး ပါးစပ်ကဆက်ဝါးလေသည်။

"ကိုယ့်အကြောင်း တွေးနေတာ ဟုတ်လား၊ ဘာတွေ တွေးနေတာလဲဟင်၊ ပြောပါဦး"

"အို၊ သိပ်ချစ်စရာကောင်းတဲ့ ရွှေမင်းသားလေး အကြောင်းပေါ့ကွယ်၊ သည်း မျက်စိမှိတ်လိုက်တိုင်း အာရုံထဲမှာ ပေါ်လာတဲ့ ခပ်ချောချောကောင်လေးပေါ့"

သူမက ပြောရင်း မုန့်မနင်အောင် ကော်ဖီကို မျိုချနေသောကြောင့် ဖုန်းခွက်ကို အပေါ်သို့မြှောက်ထားဏ်။ သူမ ပလီစိချောက်ချက်လုပ်နေပုံကို ညီမ နှစ်ယောက်က ပါးစပ်ကိုအုပ်ကာ တခွိခွိကြိတ်ရယ်လျက်ရှိကြလေသည်။ သူမကတော့ မရှက်၊ ဒါမျိုးမှုယာမာယာတွေပိုလွန်းလို့လည်း ပြည်သူ့အချစ်တော် နိုင်ငံကျော်



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com


ရှုပါမင်းသမီးကလေး ဖြစ်နေတာလေ။ ပရိသတ်က သူမကို အသည်းစွဲချစ်အောင် သမင်မျက်လုံးလို ကျယ်ဝန်းဝိုင်းစက်ရွှန်းစိုသော မျက်လုံးကြီးများကို အပြစ်ကင်းစင်အောင်အမြဲလှုပ်နေကျ။ လှပသော နှင်းဆီငုံဖူးလိုနှုတ်ခမ်းကလေးကို ခပ်ဟဟအာအာကလေးထားရင် ပရိသတ်တို့ အသည်းဖျတ်ဖျတ်ခါစေတတ်တာ သူမသိသည်။ ဖြူဝင်းမွတ်စင်သော နို့နှစ်ရောင်အသားအရည်နှင့် ပိုးသားများသဖွယ် နက်မှောင်အိစင်းနေသော ဆံပင်ရှည်ရှည်များကြောင့် မြန်မာနိုင်ငံရှိမင်းသမီးများထဲတွင် သူမကို ဘယ်သူမှ လိုက်မမီအောင် ပရိသတ်ရဲ့ အသည်းနှလုံးကို ညို့ယူသိမ်းပိုက်နိုင်ခဲ့တာဖြစ်သည်။

ပို၍ သေချာအောင်ပြောရရင် မြန်မာပြည်၏ ရှုပါအဖြစ်ဆုံး ပရိသတ်တို့၏အသည်းစွဲမင်းသား၏နှလုံးသားကိုပါ သူမက အောင်မြင်စွာ သိမ်းပိုက်လွှမ်းမိုးနိုင်ခဲ့တာဖြစ်သည်။

"သည်း၊ သည်း၊ ဟယ်လို ဟယ်လို"

"အင် ဟင်၊ ပြောလေ ဟန်နီ၊ ဒီမှာ ကိုယ်ကိုဆန့်ပြီး ပျင်းကြောဆွဲလိုက်လို့ ဖုန်းက နားကနေဝေးသွားတာ၊ ဘာလဲ ဟင် ဟန်နီ၊ ပြောပါဦး"

"ကိုယ် အခု သည်းဆီလာခဲ့မယ်လို့ပြောတာ၊ Breakfast သွားစားကြမယ်လေ"

"အိုခေ လာခဲ့လေ၊ သည်းက ဒီနေ့ ကြော်ငြာရိုက်ရမှာ၊ SEDONA မှာ၊ ဟန်နီက ဘယ်မှာလဲ"

"ကိုယ်လည်း ကြော်ငြာပဲ၊ Hotel Nikko မှာ၊ ဒါပေမယ့် ကိုယ် ခဏကူးလာခဲ့ မယ်၊ သည်းရဲ့မျက်နှာကလေးကို မြင်ပြီးမှ ရိုက်ရတာ ဖီလင်လာတာ၊ ရုပ်ရှင်ကားတစ်ကား သည်းနဲ့တွဲပြီး ကိုယ် စီစဉ်ထားတယ်နော်၊ နေ့နေ့ညည အတူတူတွေ့နေချင်ဘာ"

သူက အသည်းပိုစွာပြောလျှင် သူမသည် ဒီဘက်ကနေ သဘောကျစွာ ရယ်မောမိလေသည်။

"ဟန်နီကလေး သိပ်ပိုတာပဲ၊ ပြီးတော့ ဟုတ်တာလည်း မဟုတ်ဘူး၊ သည်းကတော့ ကို့ရဲ့အပြောလေးတွေထဲမှာ အရည်တွေပျော်ပြီး ဘာအလုပ်မှတောင် လုပ်လို့မရတော့ဘူး သိလား၊ အချိန်တိုင်း ကို့ကိုပဲ သတိရနေတာ၊ တစ်

www.burmeseclassic.com

စက္ကန့်ရဲ့ လေးပုံတစ်ပုံစာလောက်တောင် ဟန်နီနဲ့ မခွဲချင်တော့ဘူးသိလား”

“ဟစ် ဟစ် ဟစ်”

သူ့ရယ်သံက သာခွေယိုင်လို ချွဲပျစ်ပျော့ပျောင်းလျက်ရှိသည်။

“ကိုယ် ခုပဲ လာခဲ့မယ်နော်”

“မြန်မြန်လာနော်”

သူမက ချွဲချွဲနွဲ့နွဲ့ကလေးအော်လိုက်ကာ ဖုန်းကို ကောင်မလေးထံ လှမ်းပေးလိုက်၏။

“မာမီရေ မိတ်ကပ်လိမ်းမယ်”

“အဆင်သင့်ပဲ သမီးရေ”

မိတ်ကပ်ပြင်မည့်မာမီက သူမကို ချစ်လွန်းသဖြင့် မနက်ဆို အစောကြီး အိမ်ရောက်နေပြီ။ သူမရဲ့ ရှုတင်တိုင်းဆီ လိုက်ပေးတတ်သည်။

“လက်သည်း ခြေသည်း”

“လာပြီ မမ”



သူမ အိမ်တွင် သူမ၏ဝေယျာဝစ္စတွေလုပ်ကိုင်ပေးဖို့ ကောင်မလေးတွေချည်း ငါးယောက်လောက်ရှိသည်။ သူတို့အားလုံး သူမကိုချစ်ခင်လွန်းကြစွာ သူမ အော်လိုက်တာနှင့် အဆင်သင့်ရှိနေတတ်ပါသည်။

“အကျီတွေ၊ ဂါဝန်တွေ”

“အဆင်သင့်ပဲ မမရေ”

“အိုကေ၊ မင်းသားလာရင် အပေါ်ထပ်သာလွှတ်လိုက်၊ မိတ်ကပ်ပြင်နေလို့ လို့ ပြောနော်”

“စိတ်ချပါ မမ”

သူမက ကျေနပ်စွာ ပြုံးပြီး မိတ်ကပ်အလိမ်းခံဖို့ မှန်ရှေ့တွင် ဝင်ထိုင်လိုက်သည်။ သူမက သူမဘေးမှာ အဲ့ဒီလိုခြွေရံသင်းပင်းများစွာ ဝိုင်းရံခစားလျက် တခမ်းတနားနေတတ်တာကို သိပ်သဘောကျပါသည်။ လူတိုင်းက ကိုယ့်ကိုချစ်ခင်နှစ်သက်ကြ၊ အလိုက်သင့်လိုက် အရေးပေးကြတာကိုပဲ လိုချင်သည်။ တဆောင်တယောင် တခမ်းတနားနေရတာကပင် သူမ၏ ဝါသနာဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

ခုလို အောင်မြင်ကျော်ကြားသော ပြည်သူ့အချစ်တော် မင်းသမီးဘဝကလေးကို သူမ ဘာနှင့်မှ မလဲနိုင်အောင် မက်မောစုံမက်လှပါသည်။ ကိုယ့်ဘဝကိုယ်လည်း ကျေနပ်လို့ မဆုံးအောင်ဖြစ်ရ၏။

"မမလေး၊ အစ်ကို လာပြီ"

"ဟန်နီ ဒီကိုလာ"

သူ လာပြီဆိုတာနှင့် သူမ မျက်နှာသည် ဖဝေယာင်းသားရုပ်ကလေးလို နုနယ်ပျော့ပျောင်းသွားပြီး လက်ကလေးတစ် ဖက်ကမ်းပေးလိုက်သည်။ သူက သူမလက်ကလေးကို တယုတယ ဆွဲယူလိုက်ပြီး မိတ်ကပ်ပြင်နေသော သူမပါးတွင် ခုံတစ်လုံးနှင့် ဝင်ထိုင်လိုက်၏။

"လှလိုက်တာ ရွှေမင်းသမီးလေးရာ၊ နုဖတ်ဝင်းအိ နေတာပဲ"

"အဲ့ဒါ မာမီ တော်လို့ပါနော်၊ ဟုတ်တယ်မှလား မာမီ"

"မာမီတော်တာ နည်းနည်းပါနော်၊ သမီးကိုယ်တိုင်ကိုက ကြွေရုပ်ကလေးလို အပြစ်အနာအဆာကင်းအောင် လှနေ





တာ၊ ဘယ်ဘဝက ပါရမီလဲမသိဘူး၊ ဒီလောက် စက်စက် ယိုအောင်လှနေတာ၊ နှုတ်ပြည်ကနေ လမ်းပျောက်ပြီးဆင်း လာတဲ့ နတ်သမီးလေး ထင်ရတယ်"

အခန်းလေးထဲတွင် ရယ်သံတွေဆူညံသွား၏။

"မာမီ ပြောတာ မှန်တယ်၊ ကျွန်တော်လို လူ့ပြည်က လူသားလေးက နတ်ပြည်က နတ်သမီးလေးကို ဒါကြောင့် အရူးအမူးဖြစ်နေတာ၊ တစ်နေ့တစ်နေ့ အိပ်လို့မရ၊ စားလို့ မရ"

"ဟန်နီ ဟန်နီ၊ သိပ် တော်လ်ကီ ကောင်းတာပဲ၊ ဒါကြောင့် ဟန်နီ လျှမ်းလျှမ်းတောက်အောင်မြင်နေတာ သိလား"

"ကိုယ့်ကို ချစ်လား၊ ပြော"

"ဟယ်၊ ဒီမှာ မာမီ ရှိတယ်လေ"

"အဲ့ဒီ မာမီကြီးများ ပျင်းနေပြီ၊ ခေါက်သိမ်းထားလိုက်"

"ထားလိုက်ပါတော့၊ ထားလိုက်ပါတော့၊ သူတို့နှစ်ယောက် လောက်ချစ်နိုင်တာ သူတို့နှစ်ယောက်ပဲရှိတယ်၊ တကတည်း တွေ့ဖူးပေါင်တော်၊ ရိုမီယိုနဲ့ ဂျူးလီယက်တောင်



www.burmeseclassic.com

www.burmeseclassic.com



သူတို့လောက် အဖြစ်မသည်းကြဘူး၊ သိပ် ချစ်တတ်ကြတာပဲ"

"ချစ်တာကိုး မာမီရဲ့၊ ချစ်တယ် ဟန်နီ၊ ဟန်နီ့ကို ချစ်တယ်၊ ချစ်တယ်၊ ချစ်တယ်၊ သိလား"

သူမနှင့်သူသည် တစ်ယောက်မျက်နှာ တစ်ယောက် ရှုမဝနိုင်သော တပ်မက်စုံမက်ခြင်းများဖြင့် နစ်မြောရှည်ကြာစွာ စိုက်ကြည့်မိကြသည်။ ရင်ဘတ်ထဲက နှလုံးသားတွေ လှုပ်လှုပ်ခတ်ခတ်ဖြစ်၍လာကြသည်။ အချစ်သည် လူသားတိုင်းအတွက် အလွန်ကြီးမားပြင်းထန်သည့် အင်အားတစ်ခုဖြစ်လေသည်။

"သမီးရေ၊ မာမီ အိုင်းရှဒိုး ထည့်ရမှာလား"

"မာမီကလည်းနော်၊ သိပ် နှောင့်ယှက်တာပဲ၊ ကိုယ့်ချစ်သူကိုကြည့်တာတောင် စိတ်ရှိလက်ရှိမကြည့်ရဘူး၊ တကယ်ပဲ"

"ကဲလိုက်တာဟယ်၊ ဒီလောက် ချစ်နေကြရင်လည်း ယူလိုက်ကြပါတော့လား"

မာမီက ပြုံးမျက်စောင်းနှင့် မူနွဲ့စွာ ပြောသည်ကို





နှစ်ယောက်စလုံး ရယ်မောလိုက်မိကြ၏။

"ယူချင်တာပေါ့ဗျာ၊ ဒီလောက် ညို့ဓာတ်ပြင်းတဲ့ ညို့မင်းသမီးကလေးကို ကျွန်တော်က အမြန်ဆုံးယူချင်တာပေါ့၊ သူ့ကို လူတိုင်းက ချစ်ကြတာ၊ ကျွန်တော် စိတ်ချတာမဟုတ်ဘူး၊ သူက အရမ်းအောင်မြင်နေတုန်းအချိန်မှာ ရုတ်တရက်အိမ်ထောင်ပြုလိုက်ရင် ပရိသတ်အချစ်လျော့သွားမှာ၊ စန်းကျသွားမှာစိုးတယ်ဆိုပြီး ဂျီကျနေတာ၊ ကျွန်တော်က ယူချင်လှပြီ"

သူက မချင့်မရဲပြောသည်ကို သူမက ချစ်စဖွယ်မျက်နှာပေးကလေးဖြင့် တမင်တကာမူနွဲ့ကာ

"အံမယ်၊ ဟန်နီ့အတွက်လည်း တွေးတာပါနော်၊ ဟန်နီ့ကို မိန်းကလေးတွေက သည်းသည်းလှုပ်အောင် မြတ်နိုးစွဲမက်ကြတာ၊ ဟန်နီ လူပျိုဖြစ်နေလို့ရှင့် သိပြီလား၊ အိမ်ထောင်ပြုတယ်ဆိုတာ အချိန်မရွေးပြုလို့ ရတယ်၊ အောင်မြင်မှုနဲ့ စန်းဆိုတာ အချိန်အခါရှိတယ် သိလား၊

ခုလည်း ချစ်နေလို့ရတာပဲဥစ္စာ၊ နေ့နေ့ညည အတူ

www.burmeseclassic.com

တူမခွဲပဲနေချင်ရင် ကြော်ငြာကွေ၊ ရုပ်ရှင်တွေ အတူတူဟွဲ ရိုက်ဖို့ တောင်းဆိုလိုက်ပေါ့၊ စက်ဘုပူ အတူတူသွားချင် တုန်းက စက်ဘုပူမှာ ကြော်ငြာအတူသွားရိုက်ခဲ့သေးတာပဲ၊ ဘယ်လောက်ပျော်စရာကောင်းသလဲ၊ ချစ်သူဘဝဆိုတာ ဘယ်တော့မှ ပြန်ရနိုင်တော့မှာ မဟုတ်ဘူး၊ လင်မယား ဘဝဆိုတာ အသက်ကြီးတဲ့အထိ အကြာကြီးပေါင်းရမှာ၊ ပြီးတော့ သည်းတို့က ငယ်ပါသေးတယ်၊ နှစ်ဆယ့်သုံးပဲ ရှိသေးတာ၊ နှစ်ဆယ့်ငါးလောက်ဆို ယူကြတာပေါ့"

"အပြောလေးကတော့ကွာ၊ လူချစ်အောင် သိပ်ပြောတတ် တာပဲ၊ အရှုံးပေးပါတယ် နော်၊ အရှုံးပေးပါတယ်၊ အချိန် ကြပ်ကြပ်ဆွဲထားပါ၊ သိပ်ချစ်ပြီး ရူးသွပ်လာရင်တော့ ခိုး ကိုပြေးမှာ၊ မလုပ်ဘူးမထင်နဲ့ ကြိုပြောထားတယ်"

သူက ချစ်စနိုးဟန် အံကြိတ်ပြီးကြိမ်းသည်ကို သူမ က မျက်လုံးကလေးပြူးကာ ချစ်စဖွယ်၊ အသည်းယားစဖွယ် အမူ အရာကလေး လုပ်ပြလေသည်။ သူ့ အသည်းတွေ လျှော့လှုပ်သ လို ယိမ်းထိုးတုန်ခါသွားလေသည်။





"ကဲ၊ မိတ်ကပ် ပြင်ပြီးပါပြီ၊ အဝတ်အစားလဲတော့မယ်၊ မင်းသား ထွက်ပေးလေ"

"ထွက်ပေးဘူး"

"ဟယ်၊ ရဲလိုက်တာ ကြည့်စမ်း"

"ဟန်နီ နော်၊ ချစ်တယ်ဆိုရင် ထွက်ပေးကွာ၊ အဲဒီလို မဆိုး ရဘူးလေ၊ မနက်ဖြန်ဆို ဟန်နီနဲ့ သည်း ကြော်ငြာအတူတူ ရိုက်ဖို့ရှိတယ်လေ၊ ဟုတ်တယ်မှလား၊ ဒီနေ့ကလေးတစ်နေ့ ပဲ ခွဲရတဲ့ဥစ္စာကို"

"ကိုယ်က ချစ်တာကိုး"

"ဘယ်သူက ပိုချစ်တာလဲ၊ ဟင်း သည်းက ပိုချစ်တာကို များ၊ သည်းက ဟန်နီ့ကို အိပ်မက်ထဲမှာတောင် မခွဲဘူး သိရဲ့လား၊ ဟန်နီသာ ညက အိပ်မက်ထဲမှာ သည်းကို ထည့်မမက်ဘူးမှလား"

"အမလေး၊ ဘုရား ဘုရား၊ သူများ မနေတတ်တော့ဘူး မင်းသားရယ်၊ အဲဒီလောက်တောင် မခွဲနိုင် မခွာရက်ဖြစ် နေရင်လည်း ခိုးသာသွားပါတော့"



www.burmeseclassic.com

www.burmeseclassic.com

"တွေ့လား၊ မာမီတောင် စိတ်ညစ်ပြီ"

သူက အခန်းထဲမှာ မထွက်ချင်ထွက်ချင်ဟန်ဖြင့် ထွက်လာခဲ့သည်။

"မင်းသားက သမီးကို သိပ်ချစ်တာပဲနော်"

"အမလေး၊ သမီးက ပိုချစ်တာပါနော်"

BURMESE CLASSIC .com

အဝတ်အစားလဲပြီး သူမနှင့်သူ့က ကားတစ်စီးဖြင့် Breakfast စားဖို့ 'TRADERS' သို့ အတူထွက်ခဲ့ရာ' နောက်ကား တစ်စီးမှာ သူမရဲ့ ရဲရွေဖော်တွေနှင့် မာမီက လိုက်ပါလာသည်။

သူက အဲ့ဒီလို ချစ်တတ်သူဖြစ်ရာ၊ သူ့ အချစ် အတွက် သူမက အလွန်ဂုဏ်ယူပီတိဖြာရလေသည်။ တစ်နေ့က လေး ကားရိုက်အတူမရှိတာနှင့် ရိုက်ကွင်းကို ဖုန်းဆဲယ်ကြိမ်ထက် မနည်းအောင်ဆက်တတ်တာ၊ သတိရတာတွေ၊ ချစ်တာတွေ၊ တွေ့ ချင်တာတွေ၊ မခွဲချင်တာတွေ မရိုးနိုင်အောင် ပြောလေ့ရှိတတ်သော ချစ်သူကလေးဖြစ်သည်။

ထိုမျှနှင့်မလုံလောက်သေး။ ရိုက်ကွင်းရှိရာကို သူ ကိုယ်တိုင် မလာအားလျှင် သူ့တပည့်တွေလွှတ်ကာ ဈေးမအရုပ်





လုလုကြီးတွေ ပို့ပေးရတာနှင့်၊ မုန့်တွေ အအေးဗူးတွေ ပို့ရတာနှင့်၊ ပန်းစည်းလုလုကြီးတွေ ပို့ရတာနှင့် သူ အလွန်ချစ်တတ်တာ၊ Romantic ဖြစ်တတ်တာကို သူမ,သိအောင် ပြသတတ်သူဖြစ်လေ သည်။

ထို့ကြောင့်ပင် သူ့ကိုလည်း သူမက ရူးနေအောင် ချစ်ရတာဖြစ်သည်။ သူမက သူ့ကိုချစ်တာကျတော့ သူ့ထက် မလျော့တဲ့အပြင် သဝန်တိုစိတ်က ပိုပါသည်။ သူနှင့်သူမ သိပ် ချစ်နေကြတာကို သိထားကြသော ဒါရိုက်တာတွေ၊ ပရိဂျူဆာတွေ၊ လုပ်ငန်းရှင်တွေက သူနှင့်သူမ စုံတွဲရိုက်ဖို့သာကမ်းလှမ်းကြတာ များသလို၊ သူနှင့်သူမ တွဲ၍ရိုက်သမျှ ကြော်ငြာတိုင်း၊ ရုပ်ရှင်ကား တိုင်းကလည်း ပရိသတ်အသည်းစွဲ တစ်ခဲနက် အားပေးရတတ် သည်။ သူတို့နှစ်ယောက်တွဲတိုင်း အောင်မြင်ကြတာများလေသည်။

အဲ့ဒီလိုမှ မဟုတ်ပဲ သူ့ကို တခြားမင်းသမီးတွေနှင့် တွဲပြီးရိုက်ပြီဆိုလျှင်တော့ သူမရဲ့ သဝန်တိုစိတ်တွေက ရင်မှ အပြည့်ပျံ့နှံ့ကာ စိတ်မချနိုင်လောက်အောင်ဖြစ်ရသည်။ အိုရှုတင် ဆီ ဘယ်သူမှမသိအောင် ကိုယ့်ကိုယ်ကို ရုပ်ဖျက်ပြီးလိုက်ချောင်း


www.burmeseclassic.com

www.burmeseclassic.com


ရတာ အမော။

လော့ဗ်ဆဲင်(န်)း သာမြင်ခဲ့လို့ကတော့ စိတ်ကောက်ရှမဆုံးတော့ချေ။ အဲဒါဆို သူ့ အကြီးအကျယ်ကိုချော့ပေတော့။ ဒါကြောင့်လည်း ပရိဂျူဆာတွေ၊ ဒါရိုက်တာတွေက သူတို့ကို စုံတွဲလိုက်ရိုက်ကြတာ များလေသည်။ သူတို့နှစ်ယောက်တွဲမှလည်း ပရိသတ်က အချစ်ပိုကြလေသည်။

ဟိုတယ်မှာ Breakfast အတူတူစားပြီး သူက သူမရိုက်ကွင်းရှိရာ SEDONA သို့ လိုက်ပို့ပေး၊ LOBBY မှာ စကားတွေ အကြာကြီးပြောပြီးမှ သူ့ရိုက်ကွင်းရှိရာဆီသို့ သွားဖို့ပြင်သည်။

"ဟန်နီ ဒီနေ့ရိုက်မှာ models တွေ အများကြီးပဲဆို၊ စိတ်မချပါဘူးနော်၊ ကောင်မလေးတွေနဲ့ ပရောပရည်တွေ သိပ်လုပ်မနေနဲ့နော်၊ သည်း လာချောင်းမှာ၊ မဟုတ်တာတွေ့လို့ကတော့ ပေါက်ကွဲမှုကိုသာ မျှော်လင့်ထားပေတော့"

"စိတ်ချပါကွာ၊ ဒီရင်ဘတ်ထဲမှာ သည်း တစ်ယောက်တည်း နေရာအပြည့်ယူထားတာ၊ ဘယ်သူမှ ဝင်တိုးလို့တောင် နေရာမရှိဘူး၊ သွားတော့မယ် နော် ဘိုင့်ဘိုင်"

"နေဦး ခဏ၊ ခေါင်း ခဏလာဦး၊ ခေါင်းဖြီးပေးလိုက်မလို့"

သူ့မျက်နှာက အပြုံးတွေ သီးလင်းသွားလေသည်။

သူမက သူ့ ဆံပင်များကို Paul Mitchell ခေါင်းလိမ်းဆီဖြင့် အရင်လူးပေးကာ ကျကျနနဖြီးသင်ပေး၏။

မြင်သူတကာတိုင်းက သူမတို့နှစ်ယောက်ကို သိပ်ချစ်နိုင်ကြသောစုံတွဲကလေး ဟု ပြောစမှတ်ပြုကြတာကို သူမ သဘောကျတတ်ပါသည်။

"ကဲ၊ ဒီတစ်ခါ တကယ် သွားပြီ ဘိုင့်ဘိုင်"

"ဟန်နီ ဖုန်းကို နာရီဝက်ခြားတစ်ခါဆက်နော်"

"အိုကေ"

သူ SEDONA မှ ကပျာကယာထွက်ခဲ့သည်။ ချစ်သူကို အချစ်ပိုနေရတာနှင့် သူ ရှူတင်နောက်ကျနေပြီ။ အမြဲတမ်း အချိန်မှန်ကန်တိကျတတ်သောသူသည် သူမနှင့် ရိုက်ကွင်းမတူတိုင်း အချိန်နောက်ကျလေ့ရှိတတ်တာကို ရိုက်ကွင်းရှိသူများက နားလည်ပေးကြမြဲ။

www.burmeseclassic.com



"ဆောရီးဗျာ၊ ကျွန်တော် နောက်ကျသွားတယ်၊ ကဲ စလို့ရပြီ၊ အဝတ်အစားလဲခဲ့ပြီးသား၊ ခေါင်းက ဖြီးခဲ့ပြီးသား၊ ရိုက်ဖို့ အဆင်သင့်ပဲ"

ရိုက်ကွင်းသို့ရောက်တာနှင့် စောင့်နေသော အဖွဲ့သားတွေကို သူ မျက်နှာချိုသွေးကာ အော်လိုက်လေသည်။



## အခန်း(၂)

ဒီတစ်ခေါက် သူတို့နှစ်ယောက်အတူတူတွဲ၍ ရိုက်ရမည့်ရုပ်ရှင်ဇာတ်ကားသည် ချောင်းသာမှာတည်ထားသည်မို့ ရုပ်ရှင်အဖွဲ့သားတွေက အဆင်သင့်ရောက်နှင့်နေကြပြီ။ သူနှင့် သူမက ကားတစ်စီးစီနှင့် အတူတူ နောက်မှလိုက်ပါလာခဲ့သည်။ ရိုက်ရမည့်ကားက အချစ်ကားမို့ သူတို့နှစ်ယောက်စလုံး မူ–ဒ်ကို အသီးသီး၊ တကူးတက သွင်းနေစရာမလိုပါ။

တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ရုံဖြင့်ပင် အရောင်များဖြာလက်ရွှန်းလင်းနေတတ်သောကြောင့်သူတို့ အောင်



www.burmeseclassic.com

www.burmeseclassic.com

မြင်မြဲ။ အချစ်ကားသန့်သန့်ကလေးတွေ ရိုက်တိုင်း သူတို့ ပို၍ အောင်မြင်တတ်ကြသည်။ တစ်ယောက်ကိုတစ်ယောက် အရူးအမူး ချစ်ကြိုက်နေသော အမူအရာများကို သူတို့ သရုပ်ဆောင်တာ မဟုတ်ပဲ တကယ်ဖြစ်နေသည့်ဟန် ခံစားပြတတ်၏။

ကားရိုက်နေသောအချိန်များတွင်လည်း သူတို့နှစ်ယောက် မခွဲမခွာ တပူးတွဲတွဲ။ ကားရိုက်နားသောအချိန်များမှာလည်း သူတို့နှစ်ယောက်သား ပင်လယ်ကမ်းခြေဖက်တွင် တစ်ယောက်ခါးတစ်ယောက်ဖက်ရင်း မမောနိုင်၊ မပန်းနိုင် လမ်းလျှောက်ရင်း စကားတွေပြောကြသည်ကို မြင်ရသူတိုင်းက သဘောကျကြစမြဲ။ သူတို့နှစ်ယောက်ကို သိပ်ချစ်ကြသောစုံတွဲကလေးအဖြစ် ရိုက်ကွင်းတစ်ဖွဲ့လုံးက အသိအမှတ်မပြုပဲ မနေနိုင်ကြ။

တစ်နေ့လုံး မခွဲကြသည့် သူတို့နှစ်ယောက်သည် ညမိုးချုပ်မှပင် ခွဲဖြစ်ကြတော့၏။ ရှုတင်မရှိသောတစ်ရက်တွင် သူမနှင့်သူ ထိုင်စကားပြောနေရင်း သူမက

"ပျင်းလိုက်တာ ဟန်နီရယ်၊ တစ်ခုခုကစားရအောင်"





ဟု ဆိုသည်။ သူက

"သည်း ဘာကစားချင်လို့လဲ"

ဟု အလိုလိုက်နေကျ အစ်ကိုကြီးတစ်ယောက်၏ လေသံဖြင့် မေးသည်။

"ဆံပင်ညှပ်ချင်တာ၊ တစ်ယောက်ယောက်ရဲ့ဆံပင်ကို ညှပ်ပေးချင်စိတ်ပေါက်လာတာ"

"ဟာ အဆန်းပါလား၊ ကဲ ဘယ်သူ မားစာခံလုပ်ပေးမလဲ ဟေ့၊ ဒီမှာ မေယုံကြည်က ဆံပင်ညှပ်ပေးချင်လို့တဲ့"

သူ အော်လိုက်ပေမယ့် ရိုက်ကွင်းအဖွဲ့သားတွေဆီမှ တစ်ယောက်မှပင် တုပ်တုပ်မျှမလှုပ်ကြချေ။ သူမက လက်ထဲမှာ ကတ်ကြေးတစ်လက် အဆင်သင့်ကိုင်ထားပြီ။

"လာကွာ၊ ဟန်နီ့ကို ညှပ်ပေးချင်တယ်"

ဟု ဂျီကျစွာ့ဆိုးလေသည်။ သူ တွန့်ဆုတ်ဆုတ်လုပ် မနေပဲ သူမ ရှေ့ကို ခေါင်းထိုးခံပေးလိုက်လျှင် ဒါရိုက်တာဆီမှ အသံထွက်လာသည်။

"ဟာ ကိုသိင်္ဂါရ မလုပ်နဲ့လေ၊ ဆံပင်ပုံစံမတူတော့ရင် ဒုက္ခ



www.burmeseclassic.com

www.burmeseclassic.com



များကုန်မယ်လေ၊ ပျက်စီးကုန်ဦးမယ်"

"နေပါစေဗျာ၊ သူ စိတ်ချမ်းသာသလို လုပ်ပစေ၊ ကဲ သည်း စိတ်တိုင်းကျ ညှပ်"

သူမက လှပ်ပုံအလယ်တွင်သဘောကျစွာ ပြုံးလိုက်သည်။ သူမရဲ့အပြုံးက အလွန်အချစ်ခံ၊ အလိုလိုက်ခံရသော ကလေးတစ်ယောက်၏အပြုံးမျိုးဖြစ်သည်။ ထိုအကြောင်းကို ကွယ်ရာမှာ လူတွေ တိတ်တခိုးစကားဆိုကြမှာကိုလည်း ဂရုမစိုက်။

သူ့ဆံပင်တွေကို သူမ စိတ်ထင်သလို ကတ်ကြေးနှင့်ညှပ်ရင်း သူ့အပေါ်ချစ်ခင်မြတ်နိုးသောစိတ်တွေ အလုံးအရင်းနှင့်လှိုက်တက်၍လာကာ သူမက သူ့နောက်ဖက်ကနေ သူ့လည်ပင်းကိုသိုင်းဖက်လိုက်ပြီး

"ဟန်နီ့ကို သိပ်ချစ်တာပဲ သိလား၊ အဲ့ဒါ ဟန်နီ့အချစ်ကို စမ်းသပ်ကြည့်တာ၊ ဘယ်ယောကျ်ားမှ တော်ရုံ အလိုမလိုက်နိုင်တဲ့ကိစ္စတစ်ခုကို တောင်းဆိုကြည့်တာ၊ ဟန်နီ့ကိုယ်ကိုနဲ့ သည်းကို ဘယ်သူ့ကို ဟန်နီ ပိုချစ်နိုင်သလဲ ဆိုတာ သိချင်လို့ သိလား"





ဟုံ နဲ့ မို့ဗွာ ဆို၏။ သူကလည်း ပြုံးနေသည်။ ခဏကပရိသတ်က သူတို့နှစ်ယောက်ကို ရုပ်ရှင်ရိုက်နေသည်အမှတ်နှင့် ငေးမောလျက်ရှိကြသည်။

"ခု သိပြီလား"

"သိပြီလေ၊ သည်းကို ပိုချစ်တယ်ဆိုတာ သိပြီ"

"သိရင် လက်ထပ်ကြစို့ကွာ"

သူက ခပ်တိုးတိုးပြောလိုက်သည်။

"လပ်ထပ်ချင်ပါတယ်၊ ဘယ်သူက ကိုယ့်ချစ်သူနဲ့ လက်မထပ်ချင်ပဲနေမလဲ၊ ဒါပေမယ့် သည်း စဉ်းစားနေတာ နှစ်ယောက်စလုံးက သိပ်အောင်မြင်နေကြတဲ့အချိန်ဆိုတော့ လက်ထပ်ပြီးရင် ဘာတွေဖြစ်လာမလဲဆိုတာကိုပါ၊

အခုဆိုရင် ဟန်နီက သည်းကို အရမ်းအလိုလိုက်တာလေ၊ လက်ထပ်ပြီးရင် ခုလိုမှ အလိုလိုက်ပါ့မလား၊ ရိုးသွား၊ ငြီးငွေ့သွားမှာလား၊ ပြီးတော့ ဟန်နီ့မှာ သည်း မကြိုက်နိုင်တဲ့ အကျင့်ဆိုးတွေ ဘာတွေရှိမှန်း သည်း မသိဘူးလေ၊ လက်ထပ်ပြီးတော့မှ အဲ့ဒါတွေပေါ်လာရင် သည်း



www.burmeseclassic.com

www.burmeseclassic.com

မခံနိုင်မှာစိုးတယ်"

"သည်းက စဉ်းစားလိုက်တာကွာ၊ အဲဒီလောက် စဉ်းစားနေရင် ခေါင်းတွေဖြူကုန်လိမ့်မယ်၊ ယောကျ်ားရတော့မှာ မဟုတ်ဘူး၊ အိမ်ထောင်ပြုတယ်ဆိုတာ လူနှစ်ယောက်ပေါင်းစပ်ကြတာဆိုတော့ အံဝင်ခွင်ကျမဖြစ်တဲ့ဟာကလေးတွေ ရှိမှာပဲ၊ ရှိလာရင်လည်း ညှိယူကြတာပေါ့၊ အဓိကကျတာ တစ်ယောက်ကိုတစ်ယောက် ချစ်နေကြဖို့"

သူက ညို့ငင်ဆွဲဆောင်လျှင် သူမက တွေတွေဝေဝေကလေးဖြစ်လာသည်။ ရိုက်ကွင်းတစ်ဖွဲ့လုံးနှင့်တကွ သူတို့နှစ်ယောက်ကိုချစ်ကြသော ပရိသတ်တိုင်းကလည်း သူတို့နှစ်ယောက် အလွန်လိုက်ဖက်အတွဲညီတာကိုသိလျက် အမြန်ဆုံးလက်ထပ်စေချင်ကြတာကိုလည်း သူမ သိသည်။ ဂျာနယ်တွေ၊ မဂ္ဂဇင်းတွေမှာ သူတို့စုံတွဲနှစ်ယောက်ရဲ့သတင်းတွေ အမြဲတမ်းလိုလိုပါလေ့ရှိတာကိုလည်း သူမ သိသည်။

မိန်းကလေးတကာရဲ့အသည်းနှလုံးကို ဆွဲငင်သိမ်းပိုက်နိုင်စွမ်းရှိသော၊ သူမအပေါ်လည်း သူမတူအောင် ချစ်ခင်မြတ်





နိုးယုယတတ်သော ထိုယောကျ်ားကို လက်ထပ်ဖို့၊ နှစ်ယောက်ဘဝကို တူနှစ်ကိုယ်တည်ထောင်ဖို့ သူမလည်း တကြာခဏစိတ်ကူးယဉ်ကြည့်ဖူးပါသည်။ အလွန်ပျော်စရာကောင်းမည့်ဘဝပဲ။

သို့သော် ဘာကိုကြောက်မှန်းမသိ သူမက တစ်ခုခုကို စိုးထင့်ကြောက်စိတ်ဝင်နေသည်။ သူမက သူများတကာနှင့်မတူ အလွန်အသန့်အပြန့်ကြိုက်တာ၊ ဓိဓာကြောင်ချင်တတ်တာတွေရှိသည်။ ထည်ထည်ဝါဝါ ခမ်းခမ်းနားနား နေထိုင်တတ်သည်။

သူကကျတော့ မင်းသားတစ်ယောက်ဖြစ်ပေမယ့် ဟန်ကြီးပန်ကြီးနေလေ့မရှိ။ သူ့ရဲ့ ဝေယျာဝစ္စတွေလုပ်ကိုင်ပေးသော တပည့်တစ်ယောက်ကလွဲပြီး သူ့မှာ သူမလို ခြွေရံသင်းပင်းတွေမရှိ။ ဟိတ်ကြီးဟန်ကြီးနှင့်မနေတတ်။ အဲဒီအချက်သည် သူနှင့်သူမအကြားတွင် အလွန် ကွဲပြားခြားနားသော စရိုက်ချင်းကွာခြားချက်ဖြစ်သည်။

သို့ပေမယ့် သူရော သူမပါ နှစ်ယောက်စလုံး သရုပ်ဆောင်သည့်အတတ်ပညာတွင်တော့ တစ်ဖက်ကမ်းခပ်အောင် ကျွမ်းကျင်မှော်ဝင်ကြတာကျတော့ တူညီပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ကဲ အဒေါ်ကြီး ဘာတွေစဉ်းစားနေတာလဲ၊ တခြားကိစ္စတွေ သိပ်စဉ်းစားမနေပါနဲ့ကွာ၊ ကိုယ်တို့နှစ်ယောက် အတူတူ နေကြဖို့သာ ဦးစားပေးပြီးစဉ်းစားပါ"

"စဉ်းစားတာပေါ့ကွယ်"

သူက လက်ထပ်ဖို့စကား အမြဲ နားပူနားဆာလုပ်နေတော့ သူမ နားယောင်ချင်လာသည်။ လူအများရှေ့မှာပင် သူ့ဆံပင်ကို သူမ စိတ်တိုင်းကျညှပ်ခွင့်ပေးခဲ့သော သူ့အပြုအမူကလေးကို သူမ စွဲသွားသည်။

တခြား စွဲလမ်းစရာတွေ သူ့မှာ အများကြီးပါ။ စကားပြောအရမ်းကောင်းတာ၊ သူ ချစ်တဲ့အကြောင်းကို ဖွဲ့ဖွဲ့နွဲ့နွဲ့ အကြာကြီး ပြောတတ်တာ၊ Romantic ဖြစ်တာ၊ သူ ချစ်တာကို တစ်ဖက်သား ကြွေစေလောက်သော အပြုအမူတွေနဲ့ လုပ်ပြတတ်တာ၊ လူကိုကြည့်လိုက်လျှင် အရည်ပျော်သွားမတတ် ညို့ရီပြီး ကြည့်တတ်တာ စသောအချက်တွေဖြစ်သည်။ သူ့ကို ချစ်ချင်သော၊ လက်ထပ်ချင်ကြသောမိန်းမတွေ အများကြီးရှိတာကိုလည်း သူမ သိသည်။ ထိုအကြောင်းကို စဉ်းစားလိုက်တိုင်း သူ့ကို သူမ လက်





ထပ်ချင်စိတ်ပေါက်မြဲဖြစ်သည်။

ချောင်းသာမှပြန်လာပြီး မကြာခင်တွင် သူနှင့်သူမ လက်ထပ်ဖို့ သေချာသွားစေသော အကြောင်းတစ်ခု ပေါ်ပေါက်လာခဲ့ပါသည်။

❑ ❑ ❑


www.burmeseclassic.com

www.burmeseclassic.com

ခြံက ကေ၀က်လောက်ရှိပြီး တိုက်ကြီးကတော့ ဆောက်ပြီးကာစ ရဲတိုက်ကြီးတစ်ခုပမာ အလွန်ကြီးမားခမ်းနားလှသည်ကို သူမ မြင်မြင်ချင်းပင် အလွန့်သဘောကျမက်မောသွားမိ၏။ ရုပ်ရှင်ရိုက်နေကျအိမ်လှလှကလေးတွေ မြောက်များစွာကို တွေ့ခဲ့ဖူးပေမယ့် အခုလို စိတ်ထဲမှာလိုချင်စုံမက်စိတ်မျိုး မပေါ်ပေါက်ဘူးခဲ့ပေ။

အိမ်ရှေ့တွင် ရေကူးကန်တည်ဆောက်ထားပုံကလည်း အလွန်လှပသည်။ ပန်းဥယျာဉ်ကလေးလည်းရှိပြီး အင်ကြင်းကျောက် ရေတံခွန်က‥ည်း ကြီးမားမြင့်မားစွာဖြင့် စမ်းချောင်းကလေးတစ်ခုသဖွယ် စီရင်ထားပါသည်။ ဂျပန်မြက်ခင်း





စိမ်းစိမ်းများဖြင့် အိမ်ရှေ့မြက်ခင်းပြင်ကျယ်ကို ဖွဲ့စည်းထားပြီး မက္ကဆီကန် ထန်းပင်များကို လမ်းတစ်ဖက်တစ်ချက်စီတွင် စီတန်း၍စိုက်ထား၏။

ပွတ်လုံးတိုင်ကြီးနှစ်ခုဖြင့်မြင့်မားစွာဖွဲ့စည်းထားပြီး အိမ်အတွင်း decorations များ ပြင်ဆင်ထားပုံကအစ သူမ စိတ်တိုင်းကျဖြစ်လို့နေသည်။

ထိုအိမ်ကြီးမှာ ပထမက ကြော်ငြာရိုက်ဖို့ ဒါရိုက်တာရဲ့အသိအိမ်မို့ ရောက်ခဲ့ရခြင်းဖြစ်သည်။ အိမ်ကြီးကိုသဘောကျလွန်းသဖြင့် သူမ ဆွေ့ဆွေ့ခုန်နေပုံကိုကြည့်ကာ ဒါရိုက်တာက နောက်ပြောင်၍ပြောလိုက်သောစကားတစ်ခွန်းမှ စတင်၍ ထိုအဖြစ်အပျက်များ၊ စိတ်ကူးများ စတင်ပေါ်ပေါက်ခဲ့တော့တာဖြစ်သည်။

"ဒီလောက်ကြိုက်နေရင်လည်း ယုံကြည်ရယ်၊ ဝယ်လိုက်ပေါ့၊ သူတို့က ရောင်းမှာတဲ့၊ ကျွန်တော့်ကိုပြောထားတယ်"

"ဟုတ်လား၊ တကယ်ရောင်းမှာတဲ့လား၊ ကျွန်မ တကယ်လိုချင်တာနော်၊ အိမ်ရှင်တွေနဲ့ ဆုံပေးစမ်းပါ၊ ကျွန်မတို့စကားပြောကြည့်မယ်"



www.burmeseclassic.com

www.burmeseclassic.com

သူမက တက်တက်ကြွကြွပင် ပြောမိ၏။ ဘယ့်နှယ့်ကြောင့် ဒီအိမ်ကြီးကို ဒီလောက်လိုချင်တပ်မက်စိတ်ပြင်းပြသွားခဲ့မှန်း သူမ တွေးလို့ပင်မရ။ သိပ်လိုချင်နေတာပဲ သိသည်။

"စိတ်ချ စိတ်ချ၊ ကျွန်တော် ဆုံပေးမယ်၊ ကျွန်တော်လည်း ပွဲခ ရတာပေါ့ ဟားဟား၊ ခုတော့ ကြော်ငြာလေး အရင်ရိုက်လိုက်ပါဦးနော်၊ ဒါက အရေးကြီးလို့ပါ"

ကြော်ငြာရိုက်ရင်း အိမ်ကြီးထဲမှာ သူမ တစ်ခန်းဝင်တစ်ခန်းထွက် လျှောက်ကြည့်လေ ပိုပြီး လိုချင်လာလေပဲဖြစ်သည်။ တစ်ခါမှ ခုလောက် လိုချင်စိတ်မဖြစ်ခဲ့။ မေမေနှင့် ညီမနှစ်ယောက်ကိုပါ ခေါ်ပြသည်။ သူတို့ကတော့ အခုလက်ရှိနေသောအိမ်ရှိလျက်နှင့် ဤမျှကြီးကျယ်ခမ်းနားသော နောက်ထပ်အိမ်သစ်ကြီးတစ်အိမ်ထပ်ဝယ်မှာကို သိပ်တော့လှိုက်လှိုက်လှဲလှဲ တိုက်တွန်း အားပေးခြင်းမပြုချေ။

တစ်အိမ်လုံးမှာ သူမကသာ ဦးဆောင်၍ ငွေရှာသူဖြစ်သောကြောင့် အရာရာ သူမ စိတ်တိုင်းကျလုပ်စေဖို့သာ မိဘတွေက ခွင့်ပြုထားပါသည်။





ကြော်ငြာရိုက်လို့ပြီးသွားချိန်တွင် သူမ်သည် သူ့ဆီဖုန်းဆက်ကာ လှမ်းခေါ်လိုက်သည်။ သူကလည်း ခဏတွင်းမှာပင်ရောက်လာပါသည်။

"ဟန်နီ ရေ၊ သည်းတော့ ရူးနေပြီ၊ ဒီအိမ်ကြီးကို အရမ်းလိုချင်တာပဲ၊ ဘယ်လိုကြိုက်မှန်းကို မသိဘူး"

ဟု သူမက အရူးအမူးဖြစ်နေသံဖြင့် ပြောလိုက်သည်။ အံ့ဩစရာကောင်းတာက သူကပါ သူမကိုပင် ရှုန်းလက်တောက်ပြာသောမျက်လုံးများဖြင့် အိမ်ကြီးကို နှစ်လိုစုံမက်စွာကြည့်ကာ

"အေး၊ ကိုယ်လည်း အရမ်းကြိုက်တာပဲ၊ ဒီအိမ်မှာ ညို့မာတ်တစ်ခုခုရှိနေသလိုပဲ၊ ကိုယ် ခြံထဲဝင်လာကတည်းက သဘောကျတာ"

ဟု စိတ်တူကိုယ်တူ ပြောလျှင် သူမ ပို၍ အားတက်သရောဖြစ်လာသည်။

"ကြည့်စမ်း၊ သည်းတို့ အကြိုက်တူနေပြီပေါ့"

"ဈေးကတော့ နည်းမှာမဟုတ်ဘူး၊ အိမ်ကြီးက တအား ခမ်း


www.burmeseclassic.com

 www.burmeseclassic.com

နားလွန်းနေပာ၊ ကိုယ်တို့ တက်နိုင်ပါ့မလားတောင် မသိဘူး"

"အို စကားပြောကြည့်တာပေါ့"

ဒါရိုက်တာ၏ စီစဉ်ပေးမှုနှင့် ထိုအိမ်ပိုင်ရှင်နှင့် သူမတို့ တွေ့ဆုံဖြစ်လေသည်။

"ကျွန်တော်တို့ သိန်းထောင့်ငါးရာ ခေါ်ထားပါတယ်"

ဟု အိမ်ရှင်ကပြောသောအခါ၊ သူနှင့်သူမ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ သူက သူမ၏လက်ဖဝါးကလေးကို လှမ်း၍ဆုပ်ကိုင်ထားသည်။

"ဟာ သိပ်များတာပေါ့၊ အဲဒီလောက်တော့ ကျွန်တော်တို့ စဉ်းစားလို့ ရတော့မှာမဟုတ်ဘူး၊ တကယ်ဝယ်ဖြစ်မယ်ဆိုရင်တောင် ကျွန်တော်တစ်ယောက်တည်းလည်း မတတ်နိုင်ဘူး၊ သူ တစ်ယောက်တည်းလည်း မတတ်နိုင်ဘူး၊ ကျွန်တော်တို့ နှစ်ယောက်စပ်တူ ဝယ်ကြရမှာ၊

အဖြစ်နိုင်ဆုံးဈေးကို ညှိပေးစေချင်တယ်ဗျာ"

ဟု သူက ဦးဆောင်ပြီးပြောလေသည်။ သူပြောတာ





အမှန်ပင်ဖြစ်သည်။ သူမ တစ်ယောက်တည်းမတတ်နိုင်။

"မင်းသားရော၊ မင်းသမီးရော ဒီလောက် ဝင်ငွေတွေကောင်းနေတာပဲဗျာ၊ နှစ်ယောက်စလုံး လိုက်ဖက်လည်းညီတယ်၊ နှစ်ယောက်ပေါင်းလိုက်ရင် ပိုက်ဆံတွေထားစရာတောင်နေရာရှိမှာမဟုတ်ပါဘူး"

အိမ်ရှင်က ပြောလေသည်။ သူတို့ တစ်ယောက်ကိုတစ်ယောက်ကြည့်ကာ ပြုံးမိသည်။

"လူတိုင်းက ဒီလိုပဲ ပြောကြတာပဲဗျ၊ အခုလည်း သူက ဒီအိမ်ကို အရမ်းကြိုက်နေတာ၊ အဖြစ်နိုင်ဆုံးဈေးကို ကျွန်တော်တို့ကို ညှိပေးပါလား"

"ကျွန်တော်၊ ကျွန်တော့်အမျိုးသမီးနဲ့ တိုင်ပင်လိုက်ပြီး အကြောင်းပြန်ပါ့မယ်၊ ရှင်းရှင်းပြောရရင် ခင်ဗျားတို့ နှစ်ယောက်စလုံးကို ကျွန်တော့်အမျိုးသမီးက အရမ်း ခရေဇီဖြစ်တာဗျ၊ ခင်ဗျားတို့နှစ်ယောက်သာဝယ်မယ်ဆိုရင် သူကျွန်တော့်ကို အတင်းအကြပ် ဈေးလျှော့ခိုင်းဖို့ဖိအားပေးမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com

ထိုညက သူနှင့်သူမ ထိုအိမ်ကိုဝယ်ဖို့ အကြာကြီး ဆွေးနွေးညှိနှိုင်းကြလေသည်။ ညစာကို SEDONA မှာအတူစားရင်း

"ကိုယ်တို့နှစ်ယောက်စပ်ပြီး အဲဒီအိမ်ကို တကယ်ဝယ်ဖြစ်ကြပြီဆိုရင် ကိုယ်တို့နှစ်ယောက် လက်ထပ်ပြီးအတူနေကြမယ်နော်"

ဟု သူက ရှင်လန်းတက်ကြွစွာ ပြောလေသည်။ သူမသည် ထိုအိမ်ကြီးကို မက်မောပိုင်ဆိုင်လိုသော စိတ်ဆန္ဒနှင့်အတူ ထိုအိမ်ကြီးမှာ သူနှင့်အတူနေထိုင်ရလျှင် ဘယ်လောက်ပျော်စရာကောင်းသောဘဝတစ်ခုကို ပိုင်ဆိုင်ရရှိမလဲဆိုတာကိုပါ တွေးမိလာသည်။

"သည်းတို့နှစ်ယောက်စလုံး အရမ်းအောင်မြင်နေတဲ့အချိန်မှာ လက်ထပ်လိုက်ရင် စန်းကျသွားမှာကိုတော့စိုးတယ်"

"မဆိုင်ပါဘူး သည်းရယ်၊ ခုခေတ် ပရိသတ်တွေက အရမ်းနားလည်တတ်လာပါပြီ၊ ခေတ်မီလာပါပြီ၊ အိမ်ထောင်ရှိတဲ့ မင်းသားမင်းသမီးတွေ အောင်မြင်နေတာအများကြီးရှိ၊





ပြီးတော့ ပရိသတ်တွေ အားလုံးကလည်း ကိုယ်တို့နှစ်ယောက်ကိုသဘောတူနေကြတာလေ၊ ကိုယ်တို့နှစ်ယောက်စလုံးကို သူတို့ကတောင် အမြန်ဆုံးလက်ထပ်စေချင်နေကြတာ၊

လက်ထပ်လိုက်လို့ စန်းကျမသွားနိုင်ပါဘူး၊ ပရိသတ်က အရင်ကလိုပဲ အချစ်မလျော့ပဲ အားပေးကြမှာပါ၊ ပြီးတော့ သည်းကို ကိုယ် ဘယ်လောက်အသည်းအသန်ချစ်နေသလဲဆိုတာ သည်းလည်း အသိဆုံးပဲ၊ အတူနေကြစို့ကွာ"

သူမ မျက်နှာကလေး တဖြည်းဖြည်းပြုံးလာသည်။

"ပထမတော့ သည်းတို့မင်္ဂလာဆောင်ရင် TRADERS တို့ SEDONA တို့မှာ ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနား လုပ်မယ်လို့ စိတ်ကူးထားတာ၊

အခုအိမ်ကိုသာဝယ်ဖြစ်ရင် အဲဒီအိမ်က ဟိုတယ်ထက်တောင် သာသေးတယ်၊ ရေကူးကန်ဘေးမှာညစာစားပွဲလုပ်လို့ရတာပဲနော်၊ ခြံကြီးက အကျယ်ကြီးပဲဥစ္စာ"



www.burmeseclassic.com

www.burmeseclassic.com

ဟု စိတ်ကူးထဲမှာ မင်္ဂလာပွဲကို ပုံဖော်ကြည့်နေမိသည်။

"ဒါပေါ့၊ ကိုယ် အဲ့ဒီအိမ်ကြီးကို မရရအောင်ဝယ်မယ်၊ ပြီးရင် သည်းနဲ့ကိုယ် လက်ထပ်ကြမယ်"

သူမသည် ခါတိုင်းအချိန်ဆိုရင်တော့ လက်ထပ်ဖို့ကိစ္စကို အချိန်ဆွဲနေဦးမှာဖြစ်ပေမယ့်၊ အခုတော့ လိုချင်မက်မောနေသော ထိုအိမ်ကြီးကိုသာ ပိုင်ဆိုင်မည်ဆိုလျှင် သူနှင့် လက်ထပ်ဖို့လည်း သိပ်မခက်ခဲတော့ချေ။

"အင်းလေ၊ ဒီနည်းလမ်းပဲရှိတော့တာပေါ့၊ လက်ထပ်ဖို့ကိစ္စကို စွန့်စားခန်းတစ်ခုလိုပဲ သတ်မှတ်လိုက်တာပေါ့၊

တစ်ခါတစ်ခါ ဘဝမှာ စွန့်စားခန်းတွေဟာ ပျော်စရာတော့ကောင်းမှာပါ"

ဟု သူမက သဘောတူလိုက်လေသည်။ ထိုအချိန်က သူ ပြုံးလိုက်သောအပြုံးသည် သူမ မြင်ဖူးသမျှအပြုံးတွေထဲတွင် စွဲမက်ဖွယ်အကောင်းဆုံးဖြစ်လေသည်။

□□□



ထိုအိမ်ကြီးဝယ်ယူရေးကိစ္စကို သူမနှင့်သူ တက်ညီလက်ညီ၊ အားသွန်ခွန်စိုက် ကြိုးပမ်းကြလေသည်။ ဈေးညှိနှိုင်းခြင်းကိစ္စကို အကြိမ်ကြိမ် ဆွေးနွေးညှိနှိုင်းကြပြီးနောက် သိန်းထောင့်နှစ်ရာနှင့် ဈေးတည့်သွားလေသည်။ နှစ်ယောက်သား ဘာယ်သူမှမရှိချိန်တွင် အားပါးတရအော်ရယ်ကာ

"ဖြစ်မှဖြစ်ရလေ၊ လက်ထဲမှာ ပိုက်ဆံသိန်းထောင့်နှစ်ရာလည်းမရှိဘဲနဲ့၊ အိမ်ဝယ်ဖို့ ဆုံးဖြတ်လိုက်ကြပြီ၊ ဘယ်မလဲ သိန်းထောင့်နှစ်ရာ"

ဟု သူမက မေးလျှင် သူက ပွပင်ကြောင်ကြောင်ရှိဘဲ

"ကိုယ့်ဆီက သိန်းခြောက်ရာ၊ သည်းဆီက ခြောက်ရာရ



www.burmeseclassic.com

www.burmeseclassic.com



အောင်ပွဲကြမှာပေါ့၊ ရုပ်ရှင်ကားတွေ၊ ကြော်ငြာတွေ လက်ခံပြီး ပိုက်ဆံတွေစုမယ်၊ ကိုယ် ခုစီးနေတဲ့ PRADO ကို ဝိတ်လျှော့လိုက်မယ်၊ MARK II Saloon ပြောင်းစီးမယ်၊ ကုမ္ပဏီတစ်ခုခုနဲ့ ဆယ်ကားလောက်ချုပ်လိုက်ရင်လည်း ငွေတော်တော်ထွက်လာမှာပဲ၊ သည်းလည်း အဲ့ဒီလိုပဲလုပ်ပေါ့"

ဟု ပြောလေသည်။

"သည်းက ရပါတယ်၊ စိန်တွေဝယ်စုထားတာ အများကြီးပဲ၊ အဲ့ဒါတွေ ရောင်းလိုက်ရင် တော်တော်ထွက်လာမှာပါ၊ ရုပ်ရှင်နဲ့ ကြော်ငြာတွေဆီကပဲ ရဦးမှာ၊ ကားကိုတော့ ဝိတ်မလျှော့ချင်ပါဘူး၊ သည်းက ကားကို ကောင်းကောင်းကြီးပဲ စီးချင်တာ၊ စိန်က အရေးပေါ်လို့ ဝတ်ချင်ရင် အစစ်နဲ့ တထေရာတည်းတူတဲ့အတုတွေမှ အများကြီးပဲ၊ မေယုံကြည် ဝတ်တော့လည်း ဘယ်သူက အတု ထင်မလဲ၊ နောက်မှ ပြန်ဝယ်ပြီးစုမှာပေါ့"

သူမကလည်း တက်တက်ကြွကြွ ပြောလေသည်။





သူမတို့နှစ်ယောက်စလုံး ထိုအိမ်ကြီးကိုသာ သည်းကြီးမည်းကြီး အရူးအမူးဖြစ်လို့နေသည်။

"အိုကေ၊ အိမ်ဝယ်ဖို့ အစီအစဉ်ကတော့ အဆင်ပြေပြီ၊ လက်ထပ်ကြဖို့ ဆွေးနွေးမယ်၊ ကိုယ် သည်းရဲ့ဖေဖေနဲ့ မေမေဆီမှာ ဘယ်တော့လာတောင်းရမ်းရမလဲ၊ ကိုယ့်မိဘတွေကို ဖွင့်ပြောထားပြီးသားပါ၊ သူတို့က သဘောတူပြီးသားမို့ ဘယ်အချိန်ယူယူ ယူဖို့အဓိကပဲ"

"အိမ်ဝယ်ပြီးချိန်လောက်မှ အိမ်တက်မင်္ဂလာနဲ့ ညည့်ခံပွဲကို ခြံထဲမှာပဲ လုပ်လိုက်ရင် မကောင်းဘူးလား၊ အရင်းနှီးဆုံးလူတွေဖိတ်မယ်လေ"

"ကောင်းပြီ၊ ဒါဆို ကိုယ်တို့ ငွေချေနိုင်ဖို့ကိစ္စတွေ အမြန်ဆုံးလုပ်ကြမယ်"

ထိုရက်ပိုင်းများတွင်တော့ သူနှင့်သူမတို့ ပြောသမျှ အကြောင်းအရာတိုင်းသည် ထိုအိမ်ကြီးနှင့်ပတ်သက်၍သာဖြစ်သည်။

လုပ်ဖော်ကိုင်ဖက် ဒါရိုက်တာများ၊ မင်းသား မင်း

www.burmeseclassic.com

စစေတာမှာစာအုပ်

www.burmeseclassic.com

သမီးများကလည်း ထိုအိမ်ကြီးကို သူမတို့နှစ်ယောက် စပ်တူပူးပေါင်းပြီးဝယ်ကြတော့မယ်ဆိုတာကို တစ်ဆင့်စကားတွေနှင့် သိကုန်ကြပြီး တွေ့တာနှင့် စနောက်ကြမြဲ။ နီးစပ်ရာ ပရိသတ်ဆီသို့လည်း ပျံ့နှံ့လျက်ရှိပြီ။

ထိုရက်ပိုင်းများအတွင်း သူရော သူမပါ အလုပ်တွေကို ကြိုးစားပမ်းစားလုပ်ကြသည်။ ရသမျှအနုပညာကြေးတွေကို စုဆောင်းကြသည်။ သူမကလည်း စိန်ထည်တချို့ ထုတ်ရောင်းပစ်လိုက်၏။

နောက်ဆုံးတော့ သူနှင့်သူမ၏ စိတ်ကူးယဉ်နန်းတော်ကြီးကို တကယ်သိမ်းပိုက်နိုင်ခဲ့တော့သည်။ အရောင်းအဝယ်စာချုပ်တွင် ဝယ်သူမှာ သိင်္ဂါရ နှင့် မေယုံကြည် ဖြစ်ပြီး ဂရန်အမည်ပြောင်းတော့လည်း သူနှင့်သူမ နာမည် ပူးတွဲလျက်ဖြစ်သည်။

ထိုအိမ်ကြီးကို သူမတို့ပိုင်ပြီ ဟူသော အသိသည် သူမ၏စိတ်နှလုံးကို အကြီးမားဆုံးသောအင်အားဖြင့် ဆွဲငင်သိမ်းညို့ထားခဲ့လေသည်။



အခန်း(၃)

"သမီး သူနဲ့ လက်ထပ်တော့မလို့ ဖေဖေနဲ့ မေမေ"

ဟု သူမက ခွင့်တောင်းစဉ် မိဘတွေက ဒိဇာတ်

လမ်းကို အစအဆုံးသိပြီးသားမို့ ထူးပြီးမအံ့သြတော့ချေ။

"သမီးလည်း အရွယ်ရောက်ပြီပဲလေ၊ အောင်မြင်မှုဆိုရင်

လည်း ထိပ်ဆုံးမှာရောက်နေပြီ၊ သမီးချစ်တဲ့လူနဲ့ လက်

ထပ်တာပဲ၊ ဖေဖေတို့ သဘောမတူစရာမရှိပါဘူး၊ သဘော

တူပါတယ်"

ဟု ကြည်ဖြူစွာပင် ခွင့်ပြုလေသည်။ သူတို့ဖက်က


www.burmeseclassic.com

www.burmeseclassic.com

သူ့မိဘတွေနှင့် သူ့ညီနှစ်ယောက် ညနေကျတော့ ရောက်လာကြကာ တောင်းရမ်းနားဖောက်ခြင်းကိစ္စကို ပြုကြသည်။ နှစ်ဖက်မိဘတွေကလည်း ရင်းနှီးခင်မင်ပြီးသားမို့ ထူးထူးထွေထွေပြဿနာမရှိ။

အဲဒီနောက်တော့ သူရော၊ သူမပါ ရိုက်ကွင်းများကတစ်ဖက်၊ မအားလပ်သည့်ကြားမှပင် မင်္ဂလာညှိခံပွဲနှင့် အိမ်သစ်တက်မင်္ဂလာပွဲအတွက် စီစဉ်စရာရှိတာတွေ စီစဉ်ကြရသည်။

အိမ်ကြီးကတော့ ဒက်ကော်ရေးရှင်းတွေ အပြည့်ပါဝင်ပြီးသားမို့ ထူးထူးကဲကဲ ထပ်ပြင်စရာမလိုတော့ပေ။ အသင့်ပြောင်းရွှေ့တက်နေရုံပင်။ အိမ်ထောင်ပရိဘောဂများကအစ နံရံများထဲတွင်မြှုပ်နှံတပ်ဆင်ထားပြီးသား။ ပင်မအိပ်ခန်းကြီးထဲမှာဆိုရင်လည်း နှစ်ယောက်အိပ် ကျွန်းခုတင်ကြီးပေါ်တွင် Dunlop မွေ့ယာပါ ပါပြီးသား။ မီးဆိုင်းများကအစ တပ်ဆင်ထားပြီးသားမို့ သူမတို့ ဘာမှထပ်ပြင်စရာမလိုတော့ပေ။ အားလုံး ရေကန်အသင့်၊ ကြာအသင့်။ သူမတို့နှစ်ယောက်ကို ကံကောင်းလိုက်တာ ဟု လူတိုင်းကချီးကျူးအံ့သြကြရလေသည်။

မင်္ဂလာညှိခံပွဲအတွက်လည်း Hotel တစ်ခုဆီမှာ စားသောက်ဖွယ်ရာများမှာထားလိုက်ရုံ၊ စားပွဲထိုးများပါငှားလိုက်





ရုံနှင့် သူတို့ဘာသာ အားလုံးတာဝန်ယူ ပြင်ဆင်လုပ်ကိုင်ပေးပါမည် ဟု ကတိပေး၏။

တဖြည်းဖြည်းနှင့် သတင်းတွေ ကျယ်ပြန့်လာသည်။ ဖိတ်စာအပ်ကတည်းက သူနှင့်သူမ လက်ထပ်ကြတော့မည်ဆိုသောသတင်းသည် တောမီးသဖွယ် တဝုန်းဝုန်းပျံ့နှံ့သွားတော့သည်။

မင်္ဂလာဝတ်စုံအတွက် ညနေခင်းသတို့သမီးဝတ်စုံကို သူမ၏ဒီဇိုင်နာက တာဝန်ယူချုပ်လုပ်ပေးသည်။ ဖြူလွှသည့်ပိုးသားအိအိ ဂါဝန်ကလေးမှာ မယုံနိုင်လောက်အောင်ပင် လှပ၏။ သူကတော့ ဆု(ထ်)မဝတ်ချင်ဟုဆိုကာ တက်ဆီဒိုဝတ်စုံကလေးသာ ရွေးချယ်ထားသည်။

ဤသို့ဖြင့် မင်္ဂလာပွဲသည် တဖြည်းဖြည်း နီးကပ်လာပါသည်။ အနုပညာလောကတစ်ခုလုံးမှ အပေါင်းအသင်းများကလည်း သူနှင့်သူမ၏ မင်္ဂလာပွဲကို စိတ်ဝင်စားလျက်ရှိကြကာ သူတို့ချင်းဆုံမိကြလျှင် သူမတို့အကြောင်းသာ ခေါင်းစဉ်ဖြစ်နေသည်။

□□□


www.burmeseclassic.com

www.burmeseclassic.com

ညှိခံပွဲမတိုင်ခင်တစ်ရက်တွင် သူနှင့်သူမသည် မြရိပ်ညို ဟိုတယ်လ်မှာ လက်မှတ်ထိုးပွဲအခမ်းအနားကလေးကို နှစ်ဖက်ဆွေမျိုးများနှင့် ကျင်းပလိုက်သည်။ လက်မှတ်ထိုးပြီးပြီမို့ လင်မယားအရာမြောက်သဖြင့် သူနှင့်သူမသည် အိမ်သစ်ကြီးမှာပြောင်းနေကြဖို့ နှစ်ဦးသဘောတူ ဆုံးဖြတ်လိုက်ကြ၏။

နောက်တစ်နေ့ညဆို ညှိခံပွဲလုပ်တော့မှာမို့ သူမကလည်း သူမပစ္စည်းတွေ အိမ်သစ်ဆီသို့ စတင်ရွှေ့ပြောင်းသလို သူကလည်း သူ့ပစ္စည်းတွေ့ သယ်ဆောင်လာခဲ့သည်။

ထိုအချိန်မှ စတင်၍ သဘောထားကွဲလွဲမှုအသေးစားကလေး စတင်ခဲ့တာဖြစ်သည်။ သူမ ပြောင်းရွှေ့ထားသော





ပစ္စည်းတွေထဲမှာ သက်ရှိနှင့်သက်မဲ့ ဟူ၍ နှစ်မျိုးနှစ်စားပါဝင်လေသည်။ သက်ရှိတွေထဲမှာတော့ သူမရဲ့ စားဖိုမှူး၊ သူမရဲ့ ဒီဇိုင်နာ၊ သူမ နောက်ကလိုက်ရသော မိန်းကလေး၊ သူမ အလှအပအတွက် မာမီက လက်ထပ်သင်ကြားပေးထားသော မိန်းကလေး (ထိုမိန်းကလေးက သူမကို ခေါင်းလျှော်ပေးဖို့၊ တစ်ကိုယ်လုံးကို နှိပ်ပေးဖို့၊ ပေါင်းတင်ပေးဖို့ ဖြစ်လေသည်။) အဝတ်လျှော်၊ မီးပူတိုက်၊ သန့်ရှင်းရေး၊ အိမ်ဝေယျာဝစ္စတွေ လုပ်ပေးသော မိန်းကလေး၊ တခြား လက်တိုလက်တောင်းခိုင်းဖို့ မိန်းကလေး စသဖြင့် ခြောက်ယောက်ပါဝင်၏။

သက်မဲ့ပစ္စည်းတွေထဲမှာတော့ သူမ၏ cosmetics တွေနှင့် skin care ပစ္စည်းများ၊ အမွှေးနံ့သာပုလင်းများ၊ သူမ၏ အဝတ်အစားများ (ဝတ်စုံပေါင်း တစ်ရာကျော်ပါသည်။) ပြီးတော့ သူမ ခရေဇီအဖြစ်ဆုံး ဖိနပ်များ (အရံပေါင်း တစ်ရာကျော်လေသည်။) ထို့နောက် သူမ Body beauty ကစားသည့် စက်ကိရိယာပစ္စည်းများအစုံအလင် ပါဝင်လေသည်။

ကားကြီးတစ်စင်းတိုက်ပါလာသော သူမ၏ပစ္စည်း



www.burmeseclassic.com

 www.burmeseclassic.com

များကိုကြည့်ရာ သူက တအံ့တသြမျက်လုံးပြူး၍ကြည့်လေသည်။

"ဝါး၊ များလှချည်လား သည်းရာ၊ ပစ္စည်းတွေကလည်း"

"အောင်မယ်၊ ဒါ ပထမ ဦးစားပေးပစ္စည်းတွေပဲရှိသေးတာ ဟန်နီရဲ့၊ နောက် တဖြည်းဖြည်းပြောင်းရွှေ့ရမယ့် ပစ္စည်းတွေက အများကြီးကျန်သေးတယ်"

"လူတွေကလည်း ခြောက်ယောက်တောင်၊ ဟုတ်လား"

"ဟုတ်ပါ့၊ နေပါဦး၊ ဟန်နီကရော ဒီခွေးနဲ့ ကြောင်ကို ဘာလုပ်ဖို့ ခေါ်လာတာတုံးဟင်၊ ဟိုအိမ်မှာပဲ ထားပစ်ခဲ့တာ မဟုတ်ဘူး"

သူမက ကြမ်းပြင်မှာဝပ်၍နေသော အမွေးစုတ်ဖွားတယ်ရီယာခွေး အဖြူဆွတ်ဆွတ်ကလေးနှင့် ကြောင်က ကြောင်နှင့်မတူသော အမွေးတွေရှည်ရှည်နှင့် ယိုးဒယားကြောင်ဖြူကလေးကို မျက်စောင်းချိ၍မေးလိုက်သည်။

"ဟာ၊ ဒါ ကိုယ့်ရဲ့ အချစ်တော်တွေလေ၊ ခေါ်လာမှဖြစ်မှာပေါ့၊ ကိုယ်မရှိတော့ရင် ကိုယ့်ညီတွေက သူတို့ကို ဂရုစိုက်





မှာ မဟုတ်ဘူး"

"ဟင်-စိတ်ညစ်လိုက်တာ၊ သည်းက ကြောင်တွေ ခွေးတွေ မချစ်ပါဘူး၊ အမွေးတွေလျှောက်ကပ်ကုန်မယ်နော်၊ သူတို့ကို ဘယ်မှာထားမှာလဲ"

"သူတို့က ကိုယ့်အခန်းထဲမှာပဲ အိပ်ကြတာ သည်းရဲ့၊ မနက်ဆို ဒီကောင် ပိ(စ်)က ကိုယ့်ကိုနှိုးနေကျ၊ တစ်ခါတလေ သမီး ဆွီတီက ကိုယ့်ရင်ခွင်ထဲ လာအိပ်နေကျ၊ သည်းသိသားပဲ၊ ကိုယ် ကြောင်တွေ ခွေးတွေ ချစ်တတ်တာကိုလေ၊ ကိုယ် ခဏခဏပြောပြပါတယ်၊ သည်းလည်း ချစ်တယယ် ဆို"

"အို မချစ်ပါဘူး၊ အလကား လျှောက်ပြောခဲ့တာ၊ တခြားအခန်းမှာ ထားလိုက်ကွာ နော်၊ ဟဲ့ မနော် လာဦး၊ မမဖိနပ်တွေ ဒီမှီဘီရိုထဲမှာ လှလှပပ စီထည့်စမ်း၊ မိအေးက အင်္ကျီတွေ ဘီရိုထဲမှာ ချိတ်"

"ဟာ၊ သည်းက ဖိနပ်တွေကို ဒီအိပ်ခန်းထဲမှာ မှန်ဘီရိုနဲ့ ထားမယ် ဟုတ်လား၊ မကောင်းပါဘူးကွာ၊ ကိုယ်က တ



www.burmeseclassic.com

www.burmeseclassic.com

ခြား လုတပတ ပစ္စည်းလေးတွေထည့်ထားမလားလို့"

"ဟင့်အင်း၊ ဖိနပ်တွေပဲ ထည့်မှာ၊ ဟိုအိမ်မှာလည်း မှန်ဘီရိုထဲမှာပဲထည့်ခဲ့တာ မတွေ့ဖူးဘူးလား၊ အိပ်ခန်းထဲမှာပဲလေ"

"အဲဒီတုန်းက သည်းက တစ်ယောက်တည်းအိပ်တာလေ၊ အခုဟာက ကိုယ်နဲ့ နှစ်ယောက်အိပ်ကြရတော့မှာ၊ ဖိနပ်တွေ ဘယ်လောက်ပဲလှလှ၊ အဲဒီလိုကြီးထည့်ထားတော့ ကိုယ် ဘုန်းတွေဘာတွေနိမ့်ကုန်မှာပေါ့"

"အောင်မယ်၊ မဆိုင်ပါဘူး၊ ဒီဖိနပ်တွေထဲမှာ ဟန်နီ ဝယ်ပေးထားတာတွေလည်း ပါတာပဲ၊ ဘာလဲ ဟန်နီ၊ လက်ထပ်ပြီးပြီဆိုပြီး သည်းကို အလိုမလိုက်တော့ဘူးလား၊ ဟုတ်လား၊ ဒါတောင် ညည့်ခံပွဲ မလုပ်ရသေးဘူး၊

အောင်မယ်၊ အောင်မယ်၊ ဟဲ့ကြောင်မ၊ ငါ့မွေ့ယာပေါ် မတက်နဲ့၊ ဆင်းစမ်း၊ ရာရာစစ"

သူမက ပြောရင်းဆိုရင်း သူမတို့၏ မင်္ဂလာအိပ်ရာကြီးပေါ် ဖျတ်ခနဲခုန်တက်လိုက်သော ကြောင်မကို နီးစပ်ရာဖိနပ်





တစ်ဖက်နှင့်ကောက်ပြီး ပေါက်ထည့်ပစ်လိုက်သည်။ ကြောင်မကညောင်ခနဲအော်ကာ ပြန်ဆင်းပြေးသွားပြီး အခန်းထောင့်မှာ သွားထိုင်နေသည်။

"ဟာ၊ သမီးကို မလုပ်ပါနဲ့ကွာ၊ သည်းကလည်း လန့်သွားပါ့မယ်၊ သူက ကိုယ့်အိပ်ရာပေါ် တက်နေကျဆိုတော့ အကျင့်ပါနေလို့ပါ"

သူ့မျက်နှာက ခါတိုင်းလို ရွှင်ချို့နွေးမြသော မျက်နှာမျိုးမဟုတ်တာကို သူမ သတိထားလိုက်မိ၏။ သူက ကြောင်မကို သွားဖွေ့ချီကာ တယုတယ ပွတ်သပ်ချော့မော့နေသည်ကို သူမက ပထမဆုံး သူ့အပေါ် စိတ်ခုသွားတော့သည်။

"အံမယ်၊ အဲဒီကြောင်မနဲ့ သည်းက ဘယ်သူ ပိုတန်ဖိုးရှိသတုံး၊ မချီပါနဲ့ အဲဒီကြောင်ကြီးကို၊ သွား သွား၊ လက်သွားပြန်ဆေးဦး၊ သည်း ကြိုပြောထားတယ်နော်၊ သည်း အသန့်အပြန့် အရမ်းကြိုက်တာလည်း ဟန်နီ သိရက်သားနဲ့"

သူက ကြောင်မကလေးကို ပွတ်သပ်ချော့မြူနေရာ


www.burmeseclassic.com

www.burmeseclassic.com

မှ သူမဆီ မျက်ဝန်းအကြည့်တစ်မျိုးဖြင့် လှမ်းကြည့်သည်။

"ဘာကြည့်တာလဲ၊ ချလိုက်ဆို၊ အဲ့ဒီကြောင်ကို၊ လက်သွား ဆေးလေ၊ အဲ့ဒီ ကြောင်နဲ့ခွေးတွေကို အခန်းတစ်ခန်းဆီပို့၊ သည်း အခန်းထဲ မဝင်စေနဲ့၊ ဝင်ရင်တော့သည်းက လုပ်မှာပဲ"

"ဟာကွာ၊ မတရားတာကြီး၊ သည်းကျတော့ ခွေးချေးနင်း ထားဖူးတဲ့ ဖိနပ်တွေကိုတောင် အခန်းထဲ ဘီရိုထဲထည့်ပြီး တခမ်းတနားထားသေးတာ၊

ကိုယ့် ခွေးနဲ့ကြောင်ကလေးတွေကိုလည်း ထားမှာ ပဲကွာ၊ သူတို့နဲ့ မခွဲနိုင်ဘူးကွ"

"အောင်မယ်၊ မခွဲနိုင်ရင် ဘာလို့ သည်းကို ယူသေးလဲ၊ မယူနဲ့ပေါ့၊ ညှော်ခံပွဲကို ချက်ချင်းဖျက်လို့ရတယ် သိလား၊ ကြောင်တွေ၊ ခွေးတွေကိုများ အကဲလာပိုမနေပါနဲ့"

"ဟာ သည်းကလည်း၊ သည်းအလိုကျချည်းပါပဲလား၊ အ ရင်က ဒီလိုမျိုးမဟုတ်ပါဘူး"

"ဒီလိုပါပဲ၊ ဒီလိုပါပဲ၊ တချို့ကိစ္စတွေကျတော့ ဟန်ဆောင်





ထားတာတွေရှိချင်ရှိမှာပေါ့၊ ဘယ်ပြောနိုင်မလဲ၊ ဥပမာ ကြောင်တွေခွေးတွေဆိုရင် လုံးဝ မချစ်တတ်ဘူး၊ အဲ့ဒါက တော့ ချစ်ဟန်ဆောင်ခဲ့တာ အခု ဝန်ခံတယ်"

"တော်ပြီကွာ၊ မင်္ဂလာဆောင်ခါနီး စကားတွေအများကြီး မပြောချင်ပါဘူး၊ ကိုယ်ပဲ အလျှော့ပေးပါ့မယ်၊ ကဲ ပီ(စ်)၊ သွား လာ၊ သမီး ဆိုတီ လာ၊ တခြားအခန်း သွားကြမယ်"

သူက ကြောင်နှင့်ခွေးကိုခေါ်ပြီး ထွက်သွားလျှင် သူမက ပခုံးတွန့်ကာ ကျန်ခဲ့သည်။ သူကလည်း သိပ်ကျေနပ်ပုံ မရ။ သူမကလည်း ကြည်လင်လှသည်မဟုတ်။

သို့သော် နှစ်ယောက်စလုံး ထိုအသေးအဖွဲ့ ပဋိပက္ခ ကလေးကို မျိုသိပ်သိမ်းဆည်းထားလိုက်ကြလေသည်။

□□□



www.burmeseclassic.com

www.burmeseclassic.com

မင်္ဂလာဆည့်ခံပွဲနေ့သို့ ရောက်သောအခါ သူရော သူမပါ ကမ္ဘာပေါ်တွင် အပျော်ရွှင်ဆုံးချစ်သူစုံတွဲများ၏အပြုံးကိုယ်စီဖြင့် ဧည့်ပရိသတ်များကြားသို့ လက်ချင်းတွဲကာ ရောက်ခဲ့ကြလေသည်။ အားလုံးက လိုက်ဖက်လွန်းကြသော သူတို့နှစ်ယောက်ကို ဝေးမောချီးကျူး၍မဆုံးကြချေ။ သူတို့နှစ်ယောက်စလုံးရဲ့မျက်နှာများမှာ အပြုံးများသီးပွင့်နေသည်။

"သူတို့နှစ်ယောက်က တစ်ယောက်ကိုတစ်ယောက်သိပ်ချစ်ကြတာ သိလား၊ မျက်စိအောက်ကတောင် အပျောက်ခံနိုင်ကြတာမဟုတ်ဘူး"

"ယူသင့်တာကြာပြီ၊ ခုမှပဲ ယူကြတော့တယ်၊ အိမ်ကြီးက





လည်း ကောင်းလိုက်တာ အရမ်းပဲ၊ ရဲတိုက်ကြီးကျနေတာပဲ၊ သိပ်ကောင်းတာပဲ"

"သိပ်လိုက်တဲ့ စုံတွဲပဲဟယ်"

စသော ချီးမွမ်းသံတွေကို စီစီညံအောင် ကြားရလေသည်။ သူတို့နှစ်ယောက် ပို၍ပြုံးမိကြလေသည်။

ဧည့်ပရိသတ်က စုံလင်လှပါသည်။ ရုပ်ရှင်လောကသားမောင်နှမများ၊ ဒါရိုက်တာများ၊ လုပ်ငန်းရှင်များ၊ ပြီးတော့ စာ နယ်ဇင်းမီဒီယာများ၊ သူတို့အားလုံး ပျော်ရွှင်ပြုံးရယ်နေကြသည်။

မင်္ဂလာအခမ်းအနားမှူးက အစီအစဉ်သစ်ကလေးတစ်ခုကို အဆန်းထွင်၍ကြေညာလိုက်ရာ လူတိုင်း၏ လက်ခုပ်သံတွေဆူညံသွားကြတော့သည်။

"အားလုံး သိကြတဲ့အတိုင်းပဲ ဒီစုံတွဲကလေးဟာ တစ်ယောက်နဲ့တစ်ယောက် သိပ်ချစ်ကြတယ်ဆိုပြီး နာမည်အလွန်ကြီးပါတယ်၊ ဒီနေ့ကလေးဟာ သိပ်ချစ်ကြတဲ့ချစ်သူစုံတွဲကလေးရဲ့ မင်္ဂလာဆည့်ခံပွဲနေ့ကလေးဖြစ်သလို၊ သူ



www.burmeseclassic.com

www.burmeseclassic.com

တို့နှစ်ယောက်ရဲ့ မင်္ဂလာအိမ်သစ်တက်ပွဲကလေးလည်း ဖြစ်ပါတယ်၊

ခုလို သိပ်ပျော်စရာ၊ ချစ်စရာကောင်းတဲ့ ဒီညက လေးမှာ သူတို့ ရင်တွင်းကစကားသံကလေးတွေကို လူ တိုင်းကြားချင်၊ သိချင်ကြမှာပါပဲလို့ ကျွန်တော် မျှော်လင့် ပါတယ်၊

သူတို့နှစ်ယောက်စလုံးဟာ ရုပ်ရှင်နဲ့ ကြော်ငြာ လောကမှာ အအောင်မြင်ဆုံးသရုပ်ကိုဆောင်းထားနိုင်တဲ့ ရုပါနှစ်ယောက်လည်းဖြစ်ပါတယ်၊ အနုပညာလောကမှာ အအောင်မြင်ဆုံးဖြစ်နေတဲ့ သူတို့နှစ်ယောက်ဟာ တူနှစ် ကိုယ်တိုင်းပြည်တစ်ပြည်ကို ထူထောင်လိုက်ကြပြီမို့ ဒီ အိမ်ထောင်ရေးကို အအောင်မြင်ဆုံးနဲ့ လူတကာအားကျ စံပြုစရာဖြစ်အောင် သူတို့ ဘယ်လိုခံယူချက်တွေ၊ နား လည်မှုတွေနဲ့ တည်ဆောက်ကြမယ်ဆိုတဲ့ ကတိကဝတ်ပြု သံ၊ ရင်ဖွင့်သံတွေကို ကျွန်တော်တို့ ကြားချင်ပါတယ်၊

ပထမဆုံး သတို့သား ကိုသိင်္ဂါရ က သူ့ရင်တွင်း





ကစကားတွေကို ပြောပြပါလိမ့်မယ်၊ သတို့သား ဒီဘက်ကို လာပါ"

အစီအစဉ်ကြေညာပြီးနောက် သူရော သူမပါ လက် တွဲမဖြုတ်ကြပဲ တီးဝိုင်းရှိရာ စင်မြင့်ကလေးဆီသို့ အတူတွဲ၍ လျှောက်သွားကြ၏။ သူ ဘာမှမပြောနိုင်ခင် သူမက မိုက်(ခ်)ရှေ့ မှာဝင်၍

"သူ ပြောတာကို နားထောင်မယ်၊ ခုအချိန်မှာ ကြာလေသွေး တောင် အခွဲမခံနိုင်ဘူးရှင်"

ဟု ရွှတ်နောက်နောက်ကလေးပြောလိုက်ရာ ရယ် မောသံတွေ ဆူညံသွားလေသည်။ သူကလည်း ရယ်မောကာ

"သူ့ကို အဲ့ဒါတွေကြောင့် ကျွန်တော် ချစ်နေတာပါ၊ သူက သိပ်ချစ်ဖို့ကောင်းပါတယ်၊ ကမ္ဘာပေါ်မှာရှိသမျှ ချစ်စရာ ကောင်းတဲ့အရာအားလုံးထက် သူကပိုပြီး ချစ်စရာကောင်း ပါတယ်၊ သူ ဘာလုပ်လုပ် ကျွန်တော် အမြဲ ချစ်နေရတာ ပါ၊

ကျွန်တော်တို့နှစ်ယောက် ခုလို ပေါင်းစည်းလက်



www.burmeseclassic.com

www.burmeseclassic.com

ထပ်လိုက်တာဟာ ကျွန်တော်တို့နှစ်ယောက်ရဲ့ အချစ်တွေကို အင်အားကြီးသထက်ကြီးအောင် ဖွဲ့စည်းလိုက်တာပါ၊ ခုချိန်ကစပြီး ကျွန်တော်တို့နှစ်ယောက် ရဲဘော်ရဲဘက်တွေ ဖြစ်သွားပါပြီ၊ တစ်သက်လုံး ရိုးမြေကျ မပြောင်းလဲ၊ မငြီးမငွေ့မယ့်အချစ်မျိုးနဲ့ ကျွန်တော် သူ့ကို သစ္စာရှိရှိ ချစ်သွားမှာပါ"

ဟု ပြောသွားသည်ကို ပရိသတ်က ဝေးခနဲ အော်ဟစ်အားပေးကြသည်။

သူမက သူ့ခါးဆီဖက်ထားကာ သူ့မျက်နှာကို အကြည်လင်ဆုံးသောအပြုံးများနှာကလေးဖြင့် မျက်တောင်မခတ်ငေးရီစိုက်ကြည့်နေလေသည်။

"ခုတစ်ခါ သတို့သမီး မေယုံကြည်က အမှတ်တရ ရင်တွင်းစကား ပြောကြားပါမယ်"

ဟု အခမ်းအနားမှူးက ကြေညာလိုက်သည်။ ပရိသတ်က အားပေးကြပြန်သည်။ သူမ မျက်နှာကလေးက ရွှင်မြူးချိုမြနေသည်။





"ကျွန်မကတော့ သူ့လိုမပြောတတ်ပါဘူးရှင်၊ ဒါပေမယ့် ကျွန်မအတွက်တော့ သူ့ကို လက်ထပ်ရတာဟာ စွန့်စားခန်းကြီးတစ်ခု လုပ်လိုက်ရသလိုပါပဲ၊ ကျွန်မရဲ့ ပရိသတ်တွေ ကျွန်မအပေါ် အချစ်လျော့သွားမှာကိုလည်း သိပ်စိုးရိမ်တာပဲ၊

ပရိသတ်အပေါ် ကျွန်မ အရင်ကထက် နှစ်ဆပိုပြီး တာဝန်ကျေအောင် ကြိုးစားပါ့မယ်၊ သူ့ကိုလည်း ကျွန်မရဲ့နောက်ဆုံးထွက်သက်အထိ ချစ်သွားမှာပါ၊ 'သူ့အပေါ်မှာ ဇနီးကောင်းတစ်ယောက်ရဲ့ ဝတ္တရားနဲ့အညီ ကျွန်မတာဝန်ကျေအောင် ပြုစုသွားမှာပါ၊ ပြီးတော့ ချစ်စရာကောင်းတဲ့ မိသားစုဘဝလေးတစ်ခုကို ကျွန်မတို့ နှစ်ယောက်ပေါင်းပြီး တည်ဆောက်ကြမယ်၊ ကျွန်မ သူ့ရဲ့ဇနီးအလိမ္မာကလေး ဖြစ်ချင်ပါတယ်၊ သူ ထားရာနေ၊ စေရာသွားဘဝမှာ ကျွန်မ မညည်းမညူနေပါ့မယ်၊ ပျော်ပျော်ကြီးနေပါ့မယ်"

သူမပြောပုံကလေးက ချစ်ကြင်နာစရာပုံပြင်ဖြစ်သော



www.burmeseclassic.com

www.burmeseclassic.com

ကြောင့် ပရိသတ်ဆီမှ လက်ခုပ်သံကို ပို၍ကျယ်လောင်စွာ ရရှိလေသည်။ သူမနားနားသို့ သူကကပ်၍ နှစ်ကိုယ်ကြားပြောလိုက်သည်။

"မပြောတတ်လို့ပဲနော်၊ ပြောများပြောတတ်ရင် လူတွေအားလုံး အရည်ပျော်သွားမယ်"

သူမက အားပါးတရပြုံးလိုက်သည်။ ထို့နောက် သူနှင့်သူမ ခါးကလေးတွေကိုဖက်ထားကာ အပေါင်းအသင်းမိတ်ဆွေတွေကို လိုက်၍နှုတ်ဆက်လေသည်။ ရယ်မောပျော်ရွှင်တတ်သော၊ အစအနောက်သန်သော အနုပညာမောင်နှမသူငယ်ချင်းတွေ အကြားမှာ ရယ်မောနောက်ပြောင်သံတွေ ဆူညံကျယ်လောင်လျက်ရှိသည်။

"ဟဲ့ ယုံကြည်၊ ဒီည ကားရိုက်ရှိတယ်တဲ့၊ ကိုဇော်က ညလုံးပေါက်ရိုက်မှာတဲ့"

"ရိုက်နိုင်ပါဘူး၊ ပင်ပန်းလို့ နားချင်ပြီ၊ နင်တို့ မပြန်ကြသေးဘူးလား"

"မပြန်ဘူး၊ ညလုံးပေါက်ပါတီဆင်နွှဲမလို့"





"ဟင်း၊ သိပ်မကဲနဲ့နော်၊ နင့်ရဲ့လျှို့ဝှက်ချက်ကို ငါ အားလုံးကြားအောင် ပြောပစ်လိုက်ရမလား"

"ဟား ဟား"

"ယုံကြည် သိပ်ပျော်နေတယ်ပေါ့လေ၊ နင်တို့နှစ်ယောက်မှာ ဘယ်သူက ဘယ်သူ့ကို ပိုချစ်တာလဲ ဟင်၊ ပြောပါဦး"

"ငါက ပိုချစ်တာပေါ့"

"ဘယ်ကလာ၊ ငါကပိုချစ်တာ"

"ဟဲ့၊ အချစ်ပြိုင်မနေကြနဲ့၊ ဟိုမှာ ဟိုမှာ၊ အခမ်းအနားမှူး အော်ပြန်ပြီ၊ သူကတစ်မျိုး"

"အစီအစဉ်ကလေးတစ်ခု ကြေညာပါ့မယ်၊ မင်္ဂလာပွဲအမှတ်တရ စုတွဲသီချင်းကလေးတစ်ပုဒ်ကို သတို့သားနဲ့သတို့သမီးက ဆိုပေးဖို့ အနုပညာမောင်နှမတွေက တောင်းဆိုထားပါတယ်"

ဟေးခနဲ လက်ခုပ်သံတွေ ဆူညံသွားလေသည်။

"ဆိုမယ်၊ ဆိုမယ်၊ ဟန်နီ အနမ်းပန်းသီချင်း ဆိုလိုက်မယ်၊ သူတို့အားလုံး ကြွေသွားအောင်"



www.burmeseclassic.com

www.burmeseclassic.com

သူမက သူ့လက်ကိုဆွဲကာ တီးဝိုင်းရှိရာဆီသို့ ရွှတ်နောက်နောက် ခြေလှမ်းများဖြင့် လျှောက်လာခဲ့ပြီး လမ်းတစ်လျှောက်တွင်လည်း တွေ့ရာလူကို စ,နောက်ခဲ့သေးသည်။

စင်ပေါ်ရောက်တာနှင့် သူက

"ကျွန်တော်တို့ အနမ်းပန်း ဆိုပါ့မယ်"

ဟု ကြေညာလိုက်လျှင် တစ်ခြံလုံး ဆူညံကျယ်လောင်သွားတော့သည်။ သူနှင့်သူမသည် ကြယ်ရောင်အောက်တွင် ပြုံးပြုံးပြက်ပြက် ဖိတ်ဖိတ်လက်သော ချစ်ရည်ရွှန်းလက်သည့်မျက်ဝန်းများဖြင့် တစ်ယောက်ကိုတစ်ယောက်ကြည့်ရင်း သီချင်းကို စတင်၍ဆိုကြလျှင် ပရိသတ်သည် အားကျငေးမောကာ ရုတ်ခြည်းတိတ်ဆိတ်ငြိမ်သက်ကျသွား၏။

တစ်ခုသော မိုက်(ခ်)ကို နှစ်ယောက်စလုံးရဲ့လက်များဖြင့် ဖိကိုင်ကာ မျက်နှာချင်းနီးကပ်စွာ မျက်နှာချင်းဆိုင်ထားပြီးဆို၏။ တစ်ခါတစ်ရံ နှဖူးချင်းပင်ထိတိုက်လိုက်ကြသေးသည်။

× × × အားကိုးထိုက်တဲ့ မောင်ရယ်၊ မေချစ်တယ်၊

အမိအဖထက် ပိုတောင်ပိုသေးတယ်၊ ခွဲမ





သွားနဲ့နော်၊ မေ အသည်းကျွမ်းရလိမ့်မယ်၊

အဆုံးဘဝထိတိုင် လက်တွဲမယ် × × ×

× × × ပန်းကလေးထက် မေဟာ ပိုလှတယ်၊

မောင့်ဘဝအတွက် နေရောင်ခြည်ကလေး

သဖွယ်၊ ငြိမ်းချမ်းမှုတွေ ဖန်ဆင်းပေးစွမ်း

တဲ့သူ၊ မင်းကလေးတစ်ယောက်သာ မောင်

ချစ်တယ် × × ×

ရင်ခွင်လှာကြား အကြင်နာတွေများ

ထာဝစဉ်သာ မောင့်အတွက်ရှိတယ် × ×

အခင်မင်ရဆုံး အကြင်နာရဆုံး မေဟာ

မောင် အချစ်ဆုံးပါပဲ × × ×

ငြိမ်းချမ်းတဲ့ဘဝ အတူတူတည်ဆောက်

မယ်၊ တို့နှစ်ယောက်ရဲ့ အချစ်ရာဇဝင် တွင်

ရစ်မယ်၊ တွဲလက်မဖြုတ်ပါ ချစ်ခရီးလမ်း

ဆုံးထိရှယ်၊ အနမ်းပန်းလေးတွေ ဝေကြ

မယ် × × ×



www.burmeseclassic.com

www.burmeseclassic.com

အားကိုးထိုက်တဲ့ မောင့်ရယ် မေချစ်တယ်၊
မိဖထက် ပိုတောင်ပိုသေးတယ်၊ ခွဲမသွား
နဲ့နော် မေ အသည်းကျွမ်းရလိမ့်မယ်၊ အ
ဆုံးဘဝထိတိုင်`လက်တွဲမယ်၊
× × × ပန်းကလေးထက် မေဟာ ပိုလှတယ် × ×
မောင့်ဘဝအတွက် နေရောင်ခြည်ကလေး
သဖွယ်၊ ငြိမ်းချမ်းမှုတွေ ဖန်ဆင်းပေးစွမ်း
တဲ့သူ × × × မင်းကလေးတစ်ယောက်
သာ မောင်ချစ်တယ် × × × × × ×
× × × × × × × × × × × ×

သီချင်းဆုံးသွားချိန်တွင် လူတွေအားလုံး မိန်းမောငေးမော၍ ကျန်ရစ်လေသည်။ ထိုအချိန်ကလေးတွင် သူတို့နှစ်ယောက်လောက်ချစ်နိုင်သူတွေ ကမ္ဘာလောကတွင် မရှိနိုင်တော့ဟု အားလုံးထင်မှတ်ရ၏။

ဤသို့ဖြင့် မင်္ဂလာပွဲပြီးဆုံးချိန်ကို ရောက်လာခဲ့သည်။ နှုတ်ဆက်နောက်ပြောင်ကျီစယ်ကြရင်း လူတွေတဖြည်း





ဖြည်းပြန်ကုန်ကြသည်။ နောက်ဆုံးတော့ သူတို့နှစ်ယောက်သားခြေကုန်လက်ပန်းကျမောပန်းလျက် ကျန်ရစ်ခဲ့တော့၏။

"အမလေး၊ မင်္ဂလာတစ်ခါဆောင်ရတာ မောလိုက်တာနော်၊ ပြီးသွားတော့လည်း ဘာမှမဟုတ်ဘူး"

ပရိသတ်ရှေ့မှာ တစ်ခါမှ ယောင်၍ပင်မဖြုတ်စတမ်းတွဲထားသောလက်တွေကို ခုမှပင် သူမက ဖြုတ်လိုက်သည်။

နှစ်ယောက်သား အိပ်ခန်းဆီသို့ ဝင်လာခဲ့ကြ၏။

"ဟန်နီ၊ အိပ်ရာဝင်ခါနီးရင် ရေတစ်ခါပြန်ချိုးပြီးမှ ဝင်နော်၊ ကိုယ်ခန္ဓာကို မွှေးမွှေးကြိုင်ကြိုင်လေးဖြစ်နေပစေ သိလား၊ သည်းက နှစ်ယောက်အိပ်ခုတင်ကြီးပေါ်မှာ တစ်ယောက်တည်း လွတ်လွတ်လပ်လပ်အိပ်လာတာ၊ အခု နှစ်ယောက်အိပ်ရတော့မှာဆိုတော့ အိပ်တတ်ပါ့မလားတောင် မသိဘူး၊

သွားကို သေချာတိုက်နော်၊ အာပုပ်စော် မနံစေနဲ့"

သူမက လိုချင်တာမှန်သမျှကို ပထမဦးဆုံးညမှ စတင်၍ မှာတမ်းခြွေရသည်။ မေမေကလည်း လက်မသပ်ခင်ရက်

www.burmeseclassic.com

www.burmeseclassic.com

များဆီတုန်းက တိုးတိုးတိတ်တိတ် သင်ကြားပေးလိုက်တာတွေ အများကြီး။

အမိက,ကတော့ ကိုယ်လိုချင်တာမှန်သမျှကို ပထမဆုံးညမှာ အတိအလင်းဖွင့်ဟတောင်းဆိုထားဖို့ပဲဖြစ်သည်။

"သည်းကလည်းကွာ၊ ကိုယ် အရမ်းအိပ်ချင်နေပြီ၊ ရေချိုးလိုက်ရင် အိပ်ချင်စိတ်တွေပျောက်သွားလိမ့်မယ်၊ ဒီအတိုင်းပဲ အိပ်တော့မယ်"

သူက ပြောပြီး မွေ့ရာကြီးပေါ် မှောက်ရက်ပစ်လှဲချပစ်လိုက်သည်။ စည်းမျဉ်းစည်းကမ်းတွေ သူ မကြိုက်။

"ဟာ၊ ဟန်နီ နေဦး၊ မရဘူး၊ သွား သွား၊ ရေချိုးမှဖြစ်မယ်၊ နံနံစော်စော်ကြီး သည်း မကြိုက်ဘူး ထ ထ"

သူမက သူ့ကို အတင်းဆွဲထူတွန်းထိုးပြီး ရေချိုးခန်းထဲသို့ တွန်းထည့်ပစ်လိုက်သည်။

"ဟာကွာ၊ သည်းက ညစ်ပြီကွာ၊ ရေမချိုးချင်ပါဘူးဆိုမှပဲ"

"မရဘူး ချိုးရမယ်၊ ဒါ စည်းကမ်းပဲ၊ ညတိုင်း ရေချိုးပြီး မွှေးမွှေးပျံ့ပျံ့ကလေးနဲ့မှ အိပ်ရာဝင်ရမယ်၊ ဒါပဲ"





သူ စိတ်ထဲက သိပ်မကျေနပ်လှသော်လည်း မင်္ဂလာဦးပထမညတွင် ပဋိပက္ခမဖြစ်ချင်သောကြောင့် အောင့်သက်သက်ဖြင့်ပင် ရေချိုးလိုက်ရသည်။ ညဝတ်အင်္ကျီဝတ်ပြီးချိန်တွင် သူမက ရေချိုးခန်းထဲဝင်သွားကာ ရေချိုးကြွေဇလုံထဲမှာ နှင်းဆီပွင့်ဖတ်များ၊ သံလွင်ဆီ၊ အမွှေးနံ့သာဆီများနှင့် ရေနွေးနွေးကို အကြာကြီးစိမ်နေသေးသည်။ သူ စောင့်ရတာကို သည်းမခံနိုင်လောက်အောင်ဖြစ်လာသည်။

အခန်းတံခါးခေါက်သံကြောင့် သူ တံခါးထဖွင့်ပေးစဉ် သူမ၏ကောင်မလေးတစ်ယောက်ဖြစ်နေသည်။

"ဘာလုပ်မလို့လဲ၊ ငါတို့ အိပ်တော့မှာ"

သူ ဒေါသအနည်းငယ်ထွက်လာကာ ခပ်ဆတ်ဆတ်ပြောလိုက်သည်။ ကောင်မလေးက သူ့ကိုတိုး၍ဝင်လာကာ

"ညတိုင်း မမကို ဘော်ဒီလိုးရှင်းတွေလိမ်းပြီး နှိပ်ပေးရတယ် အစ်ကိုရဲ့၊ အဲ့ဒါပြီးမှ မမက အိပ်တာ"

"ကြီးကျယ်လိုက်တာကွာ၊ ငါက ဘယ်လောက်ထိစောင့်ရမှာတုန်း"


www.burmeseclassic.com

www.burmeseclassic.com



"ဟီဟိ၊ တစ်နာရီ လောက်ပါပဲ"

သူ့မျက်နှာ မှုန်သိုးသိုးဖြစ်လာသည်။ မကြာပါ။ နောက်ထပ်မိနစ်ကလေးတစ်ယောက် ဝင်လာပြန်သည်။ လက်ထဲမှာ နွားနို့ဗန်းနှင့် သစ်သီးစိပ်များ။ သူ နည်းနည်း အမြင်ကတ်လာသည်။

မွေ့ရာပေါ်သို့ ဆောင့်ကြီးအောင့်ကြီးဖြင့် ကိုယ်ခန္ဓာကို ပစ်တင်လိုက်သည်။ သူမ အဲ့ဒီလောက် တခမ်းတနားနိုင်မှန်း အရင်က သူ မသိခဲ့။

ခုတင်ရဲ့တစ်ဖက်ခြမ်းတွင် သူဝင်အိပ်နေချိန်တွင် တစ်ဖက်ခြမ်းမှာ သူမက အနိုပ်ခံလျက်ရှိသည်။

"ဟန်နီ အနှိပ်ခံဦးမလား"

"မခံဘူးကွာ၊ ဒီလိုညမျိုးမှာ အနှိပ်မခံချင်ဘူး"

"သည်းက အကျင့်ပါနေလို့ပါ ဟန်နီရယ်၊ ညတိုင်း အနှိပ်ခံပြီးမှ အိပ်ပျော်တယ်၊ နို့မို့ဆို ညောင်းလွန်း ကိုက်လွန်းလို့"

သူ စကားပြန်မပြောတော့ပဲ သူမကို စောင့်ရင်းစောင့်ရင်းပင် မှေးခနဲအိပ်ပျော်သွားလေသည်။ အဲဒီနောက် သူဘာကိုမှ မသိတော့။ နှစ်နှစ်ခြိုက်ခြိုက်ပင် အိပ်ပျော်သွားတော့၏။





အနှိပ်ခံပြီးနောက် သူမက အိပ်ဖို့ပြင်သည်။ သို့သော် နံဘေးတွင် တမေ့တမောအိပ်မောကျကာ အိပ်ပျော်နေသော သူ့ထံမှ အလွန်ကျယ်လောင်လှသော ဟောက်သံရှည်သည် အခန်းထဲတွင် အနှောင့်အယှက်ကြီးစွာ မြည်ဟည်းနေသည်။ သူမကလည်း ဘယ်လိုအကျင့်မှန်းမသိ ဟောက်သံဆို လုံးဝ မကြားနိုင်။ သည်းလည်းမခံနိုင်။ အထူးသဖြင့် ခုလိုတိတ်ဆိတ်သောညယံမှာ ဟောက်သံကြီးက ကြောက်မယ်ဖွယ်ကောင်းနေသည်။

ကြည့်စမ်း၊ ဒါဟာ သူမ သိပ်ချစ်သော ချစ်စရာအလွန်ကောင်းသော လူငယ်ကလေးမှ ဟုတ်ပါရဲ့လား။ ပါးစပ်ကဟောင်းလောင်းမွင့်ဟနေသော ရှည်လျားသောဟောက်သံသည် သူ့ဆီမှ မှန်မှန်ထွက်ပေါ်နေသည်။ မင်းသားရုပ်ချောချောကလေးပျောက်ကွယ်ကာ သာမန်ယောကျ်ားတစ်ယောက်ရဲ့ စိတ်ပျက်ဖွယ်အကျင့်ဆိုးကြီးကို ပထမဆုံးညမှာ သူမ စတင်ရင်ဆိုင်လာခဲ့ရခြင်းသည် သိပ်တော့မကောင်းလှပါ။



www.burmeseclassic.com

www.burmeseclassic.com

အကယ်၍ သူမသာ သူ့ထက်စောစော အရင်အိပ်ပျော်သွားမည်ဆိုရင်တော့ သူ့ရဲ့ပကတိရုပ်ကို ခုလို မြင်ချင်မှမြင်နိုင်မည်ပေါ့။

"ဘာလို့ ဒီလောက်တောင် ဟောက်သံကြီးထွက်ရတာလဲ၊ ထင်ကိုမထားဘူး၊ တကယ်ပဲ၊ အိပ်လို့လည်းမရတော့ဘူး၊ တောက်"

သူမသည် စိတ်တိုလာကာ သူ့နှာခေါင်းကို လက်နှင့် ဖိညှစ်ထားလိုက်ရာ ဟောက်သံသည် ချက်ချင်းရပ်သွားသော်လည်း သူက အသက်ရှူကျပ်သွားသောကြောင့် လွန့်လူးရုန်းကန်ရင်း ဖျတ်ခနဲလန့်နိုးလာသည်။

"ဟာ ဘာလုပ်တာလဲ၊ မင်း ငါ့ကို ဘာထိုင်လုပ်နေတာလဲ"

သူ အိပ်ချင်မူးတူး အသံဖြင့် အလန့်တကြားမေးလိုက်သည်။

"မဟောက်နဲ့၊ အဲဒီ ဟောက်သံကြီးက အကျယ်ကြီး သရဲချောက်နေတာကျနေတာပဲ၊ သိပ်ကြောက်စရာကောင်းတာပဲ၊ ဒီမှာ သည်း အိပ်လို့မရတော့ဘူး"





"ကိုယ် ဟောက်လို့လား၊ အိပ်ပျော်သွားလို့ သူ့ဘာသာသူ ဟောက်သံထွက်တာပဲကွာ၊ ကိုယ် တမင် ဟောက်တာမှ မဟုတ်တာ၊ သည်းတာ ကြီးဖန်ဂျီကျတာပဲ၊ သူများ အိပ်မောကျနေတာကိုကွာ"

သူ့အိပ်မက်ကလည်း ကောင်းခန်းရောက်နေချိန်မို့ ရုတ်တရက် အသက်ရှူကျပ်သွားအောင် နှာခေါင်းကိုအပိတ်ခံလိုက်ရတာကို သူ မကြည်မလင်ဖြစ်သွားသည်။

"ဘာ ဂျီကျရမှာလဲ၊ အိပ်လို့ကိုမရဘူး၊ ဟန်နီ့ဟောက်သံကြီးကြောင့်၊ ဟောက်သံမထွက်ဘဲ အိပ်လို့ မရဘူးလား"

"ဘယ်ရမလဲ၊ တော်ပြီကွာ အိပ်တော့၊ ကိုယ် ကြိုးစားကြည့်မယ်"

သူ ပြန်အိပ်ဖို့ကြိုးစားရင်း ဟောက်သံမထွက်ရလေအောင် ပျက်နှာပေါ် ခေါင်းအုံးဖိပြီး အိပ်ရလေသည်။

သူမလည်း သူ့ဆီမှ ဟောက်သံထပ်ထွက်မလာအောင် စောင့်နားထောင်ရင်း အိပ်ပျော်သွားတော့၏။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၄)

"ဟင်၊ အဲ့ဒါ ဘာလုပ်နေတာလဲ၊ ရွှံ့စရာကောင်းလိုက်တာ၊ မနက်စောစောထပြီး နှာခေါင်းနှိုက်နေတယ် ဟုတ်လား"

အိပ်ရာကနိုးပြီး သူ ချက်ချင်းမထသေးဘဲ နှာခေါင်းသန့်ရှင်းရေးလုပ်လေ့ရှိသောအကျင့်က ငယ်ငယ်ကတည်းကစွဲနေပြီ။ သူမ၏ ရုတ်တရက်ထအော်သံကြောင့် သူ လန့်လည်းလန့်ကာ စိတ်တိုသွား၏။

"ဟာ ဘာဖြစ်လို့လဲ၊ မျက်လုံးထဲမှာ မျက်ချေးရှိတယ်၊ နှာခေါင်းထဲမှာ နှပ်ချေးရှိတယ်၊ မနေ့က စားထားတဲ့အစာတွေ



www.burmeseclassic.com

www.burmeseclassic.com

rectum ထဲမှာ ချေးအဖြစ်ရှိတယ်၊ ဒါတွေကို ဖယ်ထုတ်စွန့်ရမှာပေါ့၊

သည်းက ဘာလို့ရှိတာလဲ"

"အို၊ ဟန်နီ သိပ်ညစ်ပတ်တာပဲ၊ အဲ့ဒါတွေကို ရှိတယ်၊ အိပ်ရာပေါ်မှာ နှာခေါင်းကြီးနှိုက်နေတာကို အရှုံးဆုံးပဲ၊ သွားသွား၊ ရေချိုးခန်းထဲမှာ သွားလုပ်၊ သည်းရှေ့မှာ လာမလုပ်နဲ့"

"ဩော် ဒုက္ခပါပဲ၊ နှပ်ချေးက ဘာရှုံစရာရှိလို့လဲ၊ နှာခေါင်းထဲမှာရှိတာပဲဥစ္စာ၊ သည်းက အကဲပိုပြီ"

သူက အိပ်ရာပေါ်မှထလာပြီး သူ့မကို သိုင်းဖက်ဖို့ကြိုးစားလိုက်စဉ် သူမက သူ့ကို တွန်းထုတ်ပစ်လိုက်ပြီး

"သွား သွား၊ အာပုပ်ကြီးနဲ့၊ လက်ကလည်း နှာခေါင်းနှိုက်ထားတာကြီးနဲ့ လာမဖက်နဲ့၊ အော်ဂလီဆန်တယ် သွား"

ဟု ကဲကဲဆတ်ဆတ်စွာ အော်ဟစ်လေသည်။ သူ ရယ်ချင်စိတ်ပေါက်လာသလို၊ အရွဲ့တိုက်ချင်စိတ်လည်း ပေါ်လာ၏။

"နှာခေါင်းနှိုက်ရတာ ဖီလင်တစ်မျိုးပဲကွ၊ ကိုယ့်နှာခေါင်းကိုယ်နှိုက်တာပဲကွာ၊ ဘာဖြစ်လဲ"





သူ ပို၍အရွဲ့တိုက်ကာ နှာခေါင်းကိုနှိုက်ကလော်လျှင် သူမသည် တဝေါ့ဝေါ့ထိုးအန်ကာ အခန်းထဲမှ တစ်ဟုန်ထိုးထွက်ပြေးတော့လေသည်။

အံ့သြစရာကောင်းပုံများ။ ချစ်သူဘဝက အဲ့ဒီအသေးအဖွဲ့အကြောင်းအရာကလေးတွေအပေါ် သူမ ဇီဇာကြောင်တတ်မှန်း သူ ဘာဖြစ်လို့ မသိခဲ့ပါလိမ့်။

တံခါးပွင့်သွားချိန်တွင် သူ့အချစ်တော် ခွေးနှင့်ကြောင်က အခန်းထဲသို့ ဝင်လာကြသည်။ သူ ခွေးကလေးကိုပွတ်သပ်ပေးရင်း ကြောင်မလေးကိုတော့ မွေ့ချီထားကာ အကြာကြီးချော့မြှူဆော့ကစားနေသေးသည်။

သူ အခုမှ တွေးမိသည်။ သူ ချစ်သော မိန်းမတစ်ယောက်နှင့် အိမ်ထောင်ပြုလိုက်သည့်အတွက် သူ နှစ်သက်မြတ်နိုးသောအရာများကို သူ စွန့်လွှတ်လိုက်ရပြီ။ ပထမဆုံးက လွတ်လပ်စွာ နေချင်သလိုနေတတ်သောအကျင့်။ (သူမက သူလည်းသမ္မကို မျက်စိဒေါက်ထောက်ပြီး လိုက်ကြည့်နေပြီ။ အိပ်တာတောင်


www.burmeseclassic.com

www.burmeseclassic.com

ကောင်းကောင်းမှအိပ်ရ။ ဟောက်သံကျယ်တာကို ပြဿနာလုပ်ခြင်းခံရပြီ။ သူမ ဘယ်လိုမိန်းမပါလိမ့်။) ဒုတိယ စွန့်လွှတ်ရသည်မှာ သူ့အချစ်တော် ခွေးကလေးနှင့် ကြောင်မကလေးကိုဖြစ်သည်။

တတိယ ဆုံးရှုံးမှုက

"ဟန်နီ ရေချိုးတော့လေ၊ ဒီနေ့ ရှူတင်ရှိတယ်လေ၊ သည်းတို့အတူသွားရမှာ၊ ရေချိုးပြီးရင် breakfast လာစား"

သူမ အော်သံကို သူကြားရ၏။ ဟုတ်တယ်၊ တတိယ ဆုံးရှုံးလိုက်ရတာက သူ့ချစ်သူ မေယုံကြည်ကိုပင်ဖြစ်သည်။ သူ လက်ထပ်ခဲ့မိသည်မှာ ချစ်သူဘဝက အလွန်ချစ်စရာကောင်းအောင် ဖွံ့ဖွံ့နွဲ့နွဲ့ ချွဲပျစ်တတ်သော၊ ကယုကယင် နေထိုင်ပြုမူတတ်သော သူ့ချစ်သူ မေယုံကြည်မဟုတ်။ သူ မသိသေးသော အကျင့်စရိုက်တချို့ကို ပိုင်ဆိုင်ထားသော ခြွေရံသင်းပင်းများစွာနှင့် တခမ်းတနားဓိမ်ခံတတ်သော၊ ဓိဇာအလွန်ကြောင်သော အသန့်အပြန့်ကြိုက်လွန်းသော မေယုံကြည်သာဖြစ်လေသည်။

ရေမိုးချိုးပြီးလျှင် ခါတိုင်း သူမဆီ ဖုန်းဆက်၍ ညည်းတာ၊ ခရာတာကို လုပ်ခွင့်မရှိတော့။ သူမက သူနှင့် တစ်အိမ်တည်းဖြစ်နေပြီ။ ရိုက်ကွင်းအဝတ်အစားများကို သူ့တပည့်ကလေးက ကုံးစံအတိုင်း ရွေးချယ်ထည့်ယူနေစဉ် သူ ထမင်းစားခန်းထဲသို့ ဆင်းလာခဲ့သည်။

နံနက်ခင်းစာကို စားပွဲရှည်ကြီးပေါ်မှာ တခမ်းတနားပြင်ဆင်ထားပြီး စားဖိုမှူးကြီးကို အဖြူရောင်ဝတ်စုံဖြင့် သန့်ရှင်းစွာတွေ့ရသည်။ သူမဘေးတွင် တခြားမိန်းကလေးနှစ်ယောက်ကလည်း အဆင်သင့်စောင့်စားနေလေသည်။

"လာ ဟန်နီ၊ စားဖိုမှူးကြီးကတော့ လခတိုးတောင်းနေပြီ၊ သည်းတို့နှစ်ယောက်အတွက် သူ စပါယ်ရှယ် ဟင်းလျာတွေ ချက်ပြုတ်စီမံပေးမယ်တဲ့၊

အခုဆို သည်းတို့နှစ်ယောက်က သမီးရည်းစားတွေ မဟုတ်တော့ဘူးဆိုတော့ ဟိုအရင်ကလို နှစ်ယောက်ဆုံဖို့ အရေး ဟိုဆိုင်မှာချိန်းရ၊ ဒီဟိုတယ်လ်မှာစားကြနဲ့ သူက သိပ် ချက်မပေးရဘူးလေ၊

ခုတော့ အိမ်ထောင်သည်တွေဖြစ်ပြီဆိုတော့ အိမ်မှာပဲ သူချက်ပေးတာ စားကြမယ်၊ သူက တရုတ်စာရော၊







www.burmeseclassic.com

www.burmeseclassic.com

ယူရိုပီယန်စာရော၊ အီတလီစာ၊ ယိုးဒယားစာ၊ ဂျပန်စာ အကုန်ချက်တတ်တယ်၊ ရှုတင်ကို ချိုင့်ကြီးနဲ့ထည့်ပေး လိုက်မယ်တဲ့၊ အဲဒါ ကောင်းတယ်နော်_ဟန်နီ"

သူမက အပြုံးချိုချိုကလေးနှင့်ပြောလေသည်။ သူက အစားအသောက်တွင် ဇီဇာကြောင်လေ့မရှိ။ ဖြစ်သလိုစားတတ်သည်။ ဒါကို သူမက တခမ်းတနား ချဲ့ထွင်နေသည်ဟု ထင်လေသည်။

"သူက လခ ဘယ်လောက်ထောင်လဲ"

သူ ခပ်တိုးတိုး နှစ်ကိုယ်ကြားမေးလိုက်သည်။

"အရင်ကတော့ ငါးသောင်းယူတယ်၊ သည်း စားချင်တာ ကို မီနူးရေးပေးလိုက်ရုံပဲ၊ သူ အဆင်သင့်ချက်ပေးတယ်၊ သည်းက ဟိုဟာစားချင်၊ ဒီဟာစားချင်နဲ့ ဂျီကျလွန်းလို့ ဖေဖေ ရှာပေးထားတာ၊ ဟိုတယ်လ်မှာ နှစ်ပေါင်းနှစ်ဆယ် လောက် သူ လုပ်ဖူးတယ်၊

အခုတော့ တစ်သိန်း တိုးတောင်းနေတယ်၊ ပေး လိုက်မယ်နော်၊ ဟန်နီ စားချင်တာရှိရင် မီနူးသာရေးပေး လိုက်ရုံပဲ၊ တကယ့်ဟိုတယ်လ်စာပဲ၊ အရင်က ဟန်နီ သည်း အိမ်မှာ သူ့လက်ရာတွေ စားဖူးပါတယ်၊ ဟန်နီတောင် အာ ရမ်းကောင်းလွန်းလို့ ကြိုက်လှချည့်ဆို"

"အဲဒီတုန်းက အလကား တမင်ပြောတာပါကွာ၊ ကဲပါ သည်းသဘောပဲ၊ သည်း လုပ်ချင်တာသာလုပ်"

သူက စားပွဲပေါ်က Dim sum တွေကို အဆက်မ ပြတ်ယူစားရင်း စကားဆက်မပြောတော့။ သူမတွင် ချယ်လှယ်မိုး မိုးလိုသောဗီဇရှိကြောင်း သူ သဘောပေါက်ပြီးပြီ။

သူမက စားသောက်ပြီး မိတ်ကပ်ပြင်ဖို့ မာမီရောက် လာတာနှင့် မိတ်ကပ်ပြင်ဖို့ အခန်းထဲသို့ ဝင်သွား၏။ သူ့စိတ်ထဲ ဘယ်လိုဖြစ်မှန်းမသိ ချစ်သူဘဝကလေးကိုသာ ပြန်ပြီးတမ်းတမိ နေသည်။

သိပ်မကြာပါ။ အပေါ်ထပ်ဆီမှ ဝုန်းဝုန်းဒိုင်းဒိုင်း အသံများကို သူ စတင်ကြားရသည်။

"ဟန်နီ၊ ဒီမှာ ဟန်နီ့ ခွေးနဲ့ကြောင်ကို လုပ်ဦး၊ အခန်းထဲ ဝင်နေပြန်ပြီ၊ အဲဒီကြောင်မကလည်း မွေ့ရာပေါ်ချည်းပဲ







www.burmeseclassic.com

www.burmeseclassic.com

တက်နေတာပဲ၊ စိတ်ပျက်လိုက်တာ၊ မိအေးရေ အိပ်ရာခင်း

တွေရော အကုန်လဲပစ်လိုက်တော့၊ အဲ့ဒီ ခွေးနဲ့ကြောင်ကို

နာနာသာရိုက်၊ အခန်းထဲ မဝင်စေနဲ့"

"ဟေ့ဟေ့ ငါ့ကလေးတွေကို မထိနဲ့နော်"

သူ အခန်းဆီသို့ ကပျာကယာ ပြေးလာခဲ့ရပြန်

သည်။ သူ့ ခွေးနှင့်ကြောင်ကို တခြားအခန်းသို့ ပို့ရသည်။

ချစ်သူဘဝက သူမ အလုပြင်တာကို ထိုင်ကြည့်

တာကိုက အရသာတစ်မျိုးဖြစ်သည်။ အခုတော့ သူ ဘာလုပ်ရမှန်

မသိ အူကြောင်ကြောင်ဖြစ်နေသည်။

လက်ထပ်ခြင်း ဆိုတာ ဒါပဲလား၊ သူ တွေးအံ့ဩ

ပြုလာသည်။

□□□



သူတို့နှစ်ယောက် ရိုက်ကွင်းဆီသို့ရောက်ချိန်တွင်

ဒါရိုက်တာနှင့်တကွ တခြားသရုပ်ဆောင်များက ရယ်မောနှောက်

ပြောင်လို့မဆုံးချေ။

လူတွေရှေ့ရောက်ပြီဆိုလျှင် သူမ မျက်နှာကလေး

က အပြစ်ကင်းစင်သော၊ ချစ်စဖွယ်အမူအရာကလေးများဖြင့် သူ့

ပခုံးကိုလှမ်းဖက်ထားကာ သူမလောက်ချစ်တတ်သောမိန်းမ နှစ်

ယောက်မရှိဟူသောပုံစံပြန်ဖြစ်လာသည်။

သူကလည်း သူမ သရုပ်ဆောင်တတ်သလောက်

တော့ အသာကလေးပဲမို့ သူမကို အရိပ်တကြည့်ကြည့်ချစ်ခင်ယုယ

ပြသည်။ သူတို့နှစ်ယောက်သည် ပဋိပက္ခလုံးဝမရှိသော၊ မိုးမမြင်၊



www.burmeseclassic.com

www.burmeseclassic.com

လေမမြင်သိပ်ချစ်ကြသော စုံတွဲကလေး ပြန်ဖြစ်သွားသည်။

ရိုက်ကွင်းသည် ခါတိုင်းထက်ပို၍ပျော်စရာကောင်းနေသည်။ သူမ နှုတ်မှ ဟန်နီရေ ဆိုတာကို နှုတ်ဖျားမှမချသလို၊ သူကလည်း သည်းရေ ဟု မကြာခဏခေါ်ကာ ဆံပင်လေးသပ်လိုက်၊ မေးစေ့ကလေးဆွဲလိုက်၊ ပခုံးကလေးပွေ့လိုက်နှင့် ချစ်စနိုးအမူအရာတွေ ပြရသည်။

ဘယ်လိုပဲဖြစ်ဖြစ်၊ သူတို့နှစ်ယောက်ဟာ လက်ထပ်ပြီးစ ကြင်စဦးဇနီးမောင်နှံများမှလား။

"ယုံကြည်တို့ ဒီကားရိုက်လက်စ တန်းလန်းကြီးမို့ ဟန်းနီးမွန်းတောင် မထွက်ရသေးဘူးနော်၊ ဒီကားပြီးရင် ထွက်ကြမှာလား"

"အလုပ်တွေ ပုံနေတယ်၊ ကြော်ငြာရိုက်ရမယ့်ရက်တွေနဲ့ ကားရိုက်ရက်တွေ ပြည့်ညှပ်နေတယ်၊ သူရော ယုံကြည်ပါ လုံးဝ မအားကြပါဘူး၊ အလုပ်တစ်ဖက်နဲ့ပဲ ဟန်းနီးမွန်းထွက်ကြရမှာ နော် ဟန်နီ"

သူမက အပြုံးချိုချိုဖြင့် အများရှေ့မှာ ပြောလေ





သည်။

"ဟုတ်ပါ့ဗျာ၊ အားရက်ကို မရှိပါဘူး၊ ကံကောင်းတာက ကြော်ငြာလည်း ကျွန်တော်နဲ့သူ စုံတွဲလက်ခံထားတာတွေ များတယ်၊ ရုပ်ရှင်လည်း သုံးကားဆက်တိုက် သူနဲ့ပဲဆိုတော့ ကျွန်တော်တို့ ခွဲစရာမလိုတော့ဘူးပေါ့၊ အတူတူ အလုပ်လုပ်နေရတာလည်း ဟန်းနီးမွန်းထွက်တာပဲပေါ့"

ဟု သူက ကြည့်၍ဖြေလိုက်သည်။

"အားကျတယ်ဗျာ၊ လင်မယားနှစ်ယောက် တကယ့်ကို စိတ်တူကိုယ်တူနဲ့ အပေးအယူလဲမျှတယ်၊ အယူအဆလည်းတူတယ်၊ လိုက်လဲလိုက်ဖက်တယ်"

ဟု ဒါရိုက်တာက မှတ်ချက်ချလေသည်။ ထမင်းစားချိန်တွင် အဆင်သင့်ယူလာသော ချိုင့်ကြီးချိုင့်ငယ်အသွယ်သွယ်ထဲက ဖွယ်ဖွယ်ရာရာဟင်းလျာများကို အဖွဲ့သားများက တအံ့တသြလာကြည့်ကြသည်။

"ဟယ်၊ ဒါတွေ ယုံကြည် ချက်တာလား"

"ဒါပေါ့၊ ဟန်နီနဲ့ ယုံကြည် နှစ်ယောက်တူတူ မီးဖိုထဲဝင်


www.burmeseclassic.com

www.burmeseclassic.com

ကြတာလေ၊ သိပ်ပျော်စရာကောင်းတာပဲ ဟား ဟား"

"သည်းကလည်း မလိမ်ပါနဲ့ကွာ၊ အလကား စားဖို့မှုုငွား ထားတာ၊ တစ်လ တစ်သိန်းတောင်"

သူက ပြုံးပြုံးကလေးပင် ပြောလိုက်၏။ သူမ မျက်နှာကွက်ခနဲတစ်ချက်ပျက်ကာ ချက်ချင်းပင် ပြန်လည်ပြုံးရွှင်လာလျက်

"ဟန်နီကလည်းလေ၊ သည်းက ဟန်နီ့ကို ဖွယ်ဖွယ်ရာရာ စားစေချင်လို့ ငှားရတာပါ၊ မိန္နးက သည်း ရေးပေးရတာလေ၊ သည်းချက်တာနဲ့ အတူတူပေါ့"

"ထားလိုက်ပါတော့ကွာ"

သူမသည် သူ့-သူမ့ကို မသိမသာကလေး အရက်ခွဲလိုက်သည်ကို တေးမှတ်ထားလိုက်သည်။ ဟိုးအရင်ချစ်သူဘဝက သူ ဒီလိုအချိုးမျိုးမချိုးဘူးပါ။ သူမ လိမ်ပြောသည်ဖြစ်စေ၊ ညာပြောသည်ဖြစ်စေ သူ အလိုက်သင့်ပင် ရေငုံနှုတ်ပိတ်နေခဲ့တာဖြစ်သည်။ အင်းလေ၊ အဲဒီအချိန်တုန်းကတော့ သူက သူမကို မပိုင်သေးဘူးလေ။ သူမကို ပိုင်ဆိုင်ခွင့်ရဖို့ သူ့မှာ ဖျော်လင့်ချက်တွေ





ရင်နှင့်အပြည့်အသိပ်၊ တံနှင့်တပိုးရှိနေလေတော့ သူမ ပြောသမျှအောင်မြင်ခဲ့သည်ဆိုပါတော့။

အခုတော့ သူ သူမကို ပိုင်ဆိုင်ခဲ့ပြီ။ သူမက သူ့ရဲ့ ဇနီးမယားဖြစ်နေပြီလေ။ အဲ့ဒီအတွက် သူ လိုချင်တာရပြီးပြီမို့ သူမကို အလိုလိုက်စရာ၊ ဂရုစိုက်စရာမလိုတော့ဘူးဟု သူ ယူဆမည်ပေါ့။

ဟင်း။ သူ့ဇနီးမယားဖြစ်ရတာနှင့် သူ့မျက်နှာကို အရိပ်တကြည့်ကြည့်ကြည့်ပြီး သူ ထားရာနေ၊ စေရာသွား သူ့စကားကို မြေဝယ်မကျ၊ တသဝေမတိမ်းနားထောင်မည့်မိန်းမတွေထဲတွင် မေယုံကြည်တစ်ယောက်မပါရေးချမပါချေ။ မင်္ဂလာပွဲညကပြောခဲ့သမျှစကားတွေသည် သူမကို လူတိုင်းချစ်ခင်ကြင်နာကြစေဖို့သာ ရည်ရွယ်သည်။ စိတ်ထဲကပါ၍ ပြောခဲ့သည်မဟုတ်ချေ။

ထိုနေ့ရိုက်ကွင်းသည် အခါများစွာလိုပဲ နောက်ပြောင်ရယ်မောသံများဖြင့် ပျော်စရာရိုက်ကွင်းကလေးပင် ဖြစ်နေသည်။ သူမသည် ခါတိုင်းလိုပင် အဖွဲ့သားများနှင့် နောက်ပြောင်ကျီစယ်ရင်း ရွှင်ရွှင်ပျပျ ရယ်ရယ်မောမောရှိနေပေမယ့် ရင်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com

သိုတားသော အမျက်စိတ်ကလေးသည် ရှုးခနဲ ရှုးခနဲ ပေါ်လာလေသည်။ သူ့ကို ဟိုးအရင်ကလိုပင် သူမ ပြောသမျှ စကားတိုင်း အောင်မြင်စေချင်သည်။ သူသည် သူမကို ဘယ်တော့မှ အတိုက်အခံမပြုစေရ။

ရိုက်ကွင်း ခဏနားချိန်တွင် သူမ စိတ်ကူးတစ်ခု ရကာ မျက်နှာကို အချိုပြွင်ဆုံးကလေးပြုံးထားလိုက်၏။

"ဟန်နီရေ၊ မေ့ဒါလင်"

ဟု တစ်ဖွဲ့သားလုံးကြားအောင် ချွဲချွဲပျစ်ပျစ်အသံကလေးဖြင့်ခေါ်လိုက်သည်။

"ဘာလဲ သည်း"

"အပေါ်ထပ်ကိုတက်ချင်တယ်၊ ဒါပေမယ့် ခြေထောက်တွေညောင်းနေလို့ ဟန်နီ ပွေ့ချီပြီးပို့ပေး နော်"

"ဟာကွာ၊ ကလေးမဟုတ် သူငယ်မဟုတ်"

"ဘာလဲ၊ မချစ်တော့ဘူးလား"

သူတို့နှစ်ယောက်ကို တခြားလူများက ပြုံးစိစိမျက်နှာလေးဖြင့် ဝိုင်း၍အကဲခတ်နေကြသည်ဖြစ်ရာ သူ မငြင်းနိုင်တော့ဘဲ သူမ ကိုယ်ခန္ဓာကလေးကို ဇွေ့ခနဲပွေ့ချီမယူလိုက်သည်။

"သူများလင်မယားတွေများ ချစ်တတ်လိုက်ကြတာနော်၊ အားကျလိုက်တာ၊ အားကျလိုက်တာ"

လူရွှင်တော် ကိုအာယုက အသံကျယ်ကျယ်ကလေးဖြင့်အော်တော့ တခြားလူတွေ ဝိုင်းရယ်ကြ၏။

"အားကျရင် မေယုံကြည်လို မင်းသမီးမျိုးရှာယူပေါ့ဟဲ့"

"ဟဲ့၊ မေယုံကြည်က နှစ်ယောက်မရှိဘူးဟဲ့၊ တစ်ယောက်တည်းရှိတာ၊ ရှားရှားပါးပါး၊ ပြီးတော့ သူ ဘာလုပ်လုပ် လူတိုင်းကချစ်ကြတာ နည်းတဲ့ပါရမီမှ မဟုတ်တာ၊ သရုပ်ဆောင်တာကလည်း ကောင်း၊ အချွဲအနွဲ့ အခရာကလည်း ကောင်း၊ ချစ်စရာကလည်း ကောင်း၊ ကိုသိင်္ဂါရ တို့များ သိပ်ကံကောင်းတာပဲ"

ဟု ပြောနေကြသောအသံများ ကျန်ရစ်ခဲ့ကြသည်။ သူသည် လှေခါးတစ်လျှောက် သူမ ကိုယ်ခန္ဓာကလေးကို ပွေ့ချီယူလာပြီး အခန်းထဲရှိမွေ့ရာပေါ်သို့ မသိမသာကလေးပစ်ချလိုက်သည်။







www.burmeseclassic.com

www.burmeseclassic.com



"ဟင်၊ ဟန်နီ ဆောင့်ပြီးပစ်ချတယ်"

"သည်း မရှက်ဘူးလားကွာ၊ လူတွေကြားမှာ ကိုယ့်ကို သက်သက်ပါဝါပြတာ၊ ကြောတာမျိုးတော့ မလုပ်သင့်ဘူး၊ ချစ်မှန်းသိလို့ သိပ်ဗိုလ်မကျချင်နဲ့"

သူက ဘယ်သူမှမကြားအောင် ခပ်တိုးတိုးအပြစ်တင်လိုက်သည်။ သူမ မျက်နှာပေါ်တွင် အပြုံးများ ပျောက်ကွယ်သွား၏။

"အို ချစ်လို့ နိုင်းတာပဲ၊ ဒါက ဘာဖြစ်တာလဲ၊ တကတည်း၊ ကျွန်မကို ပွေ့ချီတင်ပေးလိုက်ရတာနဲ့ ဘာများ အောက်ကျနောက်ကျနိုင်သွားလို့လဲ"

"မင်း တမင်လုပ်တာ၊ ကိုယ် သိတယ်"

"အောင်မယ်၊ မင်းတဲ့၊ ဘယ်တုန်းက မင်း လို့ သုံးနှုန်းမှုးသလဲ၊ ယူပြီးတာတောင် ဘယ်လောက်မှ မကြာသေးဘူး၊ ဇာတိက ပြချင်လာပြီ တွေ့လား၊ ချစ်သူဘဝတုန်းကတော့ အလိုလိုက်လိုက်ရတာ၊ ဟန်ဆောင်လိုက်ရတာ"

"မင်းကော ဘာထူးလဲ"





"မင်းလို့ မခေါ်နဲ့နော်၊ စိတ်တိုလာပြီ"

သူမ အသံက အနည်းငယ်ကျယ်လာ၏။ သူ ဘာမှမပြောတော့ဘဲ တံခါးကို ဆောင့်ပိတ်ကာ အခန်းထဲမှထွက်ခဲ့သည်။ တံခါးဝတွင် သူမရဲ့ကောင်မလေးနှစ်ယောက်က အသင့်စောင့်နေကြလေသည်။

သူ ဝန်ခံပါသည်။ ဟိုအရင်ချစ်သူဘဝကဆိုလျှင်တော့ တစ်မျိုးပေါ့။ ခုတော့ လင်မယားဖြစ်နေပြီဆိုသောစိတ်က သိပ်ပြီးကယုကယင်တွေ လုပ်မနေချင်တော့။ ပြီးတော့ သူမအပေါ် အမြင်မကြည်လင်စရာကလေးတွေက နေ့စဉ်နှင့်အမျှ ပေါ်ပေါက်လာလျက်ရှိသည်။

ရိုက်ကွင်းမြန်စချိန်တွင် သူမ မျက်နှာကလေးသည် ဘာမှမဖြစ်တော့သလို ရွှင်ကြည်တက်ကြွလျက်ရှိသည်။ သူကလည်း ထို့အတူပင်။ သူနှင့်သူမ အပြိုင်သရုပ်ဆောင်ကြသည်။ ကံဆိုးချင်တော့ ရိုက်ရမည့်အခန်းက လင်မယားရန်ဖြစ်ကြသည့် အခန်းဖြစ်သည်။ အပြင်းထန်ဆုံးစကားလုံးတွေနှင့် အပြန်အလှန် ပစ်ပေါက်ကြရသည်။ ထိုအခန်းရိုက်ပြီးချိန်တွင် သူရော သူမပါ



www.burmeseclassic.com

www.burmeseclassic.com



အတော်ပင်ပန်းနွယ်နယ်သွားခဲ့သည်။

"ကတ်၊ ကောင်းတယ်ကွာ၊ နှစ်ယောက်စလုံး အရမ်းမိုက်တာပဲ၊ သိပ်ကောင်းတယ်"

ဒါရိုက်တာရဲ့ ချီးမွမ်းစကားအဆုံးတွင် သူမက သူ့ပခုံးကို ရုတ်တရက်ရီးလေးခိုစီးပစ်လိုက်ရင်း

"အံမယ်၊ ရုပ်ရှင်ထဲမှာမို့ ရန်ဖြစ်ကြတာပါနော်၊ အပြင်မှာ ယုံကြည်တို့က ရန်ဖြစ်ဖို့ မပြောနဲ့၊ ချစ်လို့တောင် မဝနိုင်သေးဘူး၊ နော် ဟန်နီ၊ သည်း မောလိုက်တာ၊ COKE ဗူးကလေး သွားယူပေးပါလားဟင်၊ ရေခဲသေတ္တာထဲမှာ"

ဟု ခိုင်းလေသည်။ ချစ်သူဘဝတုန်းကတော့ သူ အလိုက်တသိ COKE ဗူး ယူပေးနေကျလေ။ သူမ ခိုင်းဖို့ မိန်းကလေးနှစ်ယောက်ပါပေမယ့် သူကပင် လုပ်ပေးနေကျ။ ခုတော့ သူ မေ့ချင်ယောင်ဆောင်နေပြီ ဟု သူမကတွေးသောကြောင့် တမင်သက်သက်ခိုင်းခြင်းဖြစ်၏။

သူကလည်း လူအများရှေ့မှာ သူမက COKE ဗူး ယူခိုင်းခြင်းကြောင့် အောင့်သီးအောင့်သက်ဖြစ်သွားလေသည်။ တ





ကယ်ဆို သူသည် ဒီရိုက်ကွင်းမှာ အငှားပါ၊ အရာရောက်ဆုံးသော ရုပါမင်းသားဖြစ်သလို၊ သူမ၏ယောကျ်ားလည်းဖြစ်၏။ သူမ ခုလို ခိုင်းဖို့နေနေသာသာ၊ သူမကပင် ယူပေးရဦးမည်။ တမင်သက်သက် သူ့ကို သူမ ဘယ်လောက်ပိုင်ကြောင်းနိုင်ကြောင်း ပါဝါပြချင်တာဖြစ်သည်။ သူ့အဆင့်က ထိုအဆင့်မဟုတ်။

"မီအေးကို ယူခိုင်းလိုက်လေကွာ"

"ခါတိုင်း ဟန်နီ ယူပေးနေကျလေ"

သူ ဆက်ငြင်း၍မကောင်းတော့။ လူတွေက သူနှင့် သူမကိုသာ အကဲခတ်စောင့်ကြည့်လျက်ရှိလေသည်။

"O.K"

သူ ထမင်းစားခန်းထဲသို့ဝင်လာခဲ့ပြီး COKE ဗူး တစ်ဗူးကိုဖောက်ကာ ဘေစင်ထဲသို့ အကုန်သွန်ချပစ်လိုက်၏။ ပြီးတော့ ရေတွေထည့်လိုက်ကာ သူမ ရှိရာဆီသို့ သွား၍လှမ်းပေးလိုက်သည်။ သူမ မျက်နှာက ခါတိုင်းထက်မော်၍ချီနေသည်ဟု သူ့စိတ်မှာခံစားရသည်။

သူမက COKE ဗူးကို မော့ချလိုက်သည်။ ကဲ၊ ခု



www.burmeseclassic.com

www.burmeseclassic.com



တော့ သူ ဘာတတ်နိုင်သေးသလဲ။ အလိုက်မသိချင်ဦးလေ။ ချစ်သူဘဝတုန်းကများ သည်းလိုက်၊ ကဲလိုက်၊ ပျာလိုက်တာ သူ့ပြင်နှစ်ယောက်မရှိ။

သို့သော် COKE ၏အရသာမှာ ခါတိုင်းလို မချိုမြဘဲ ရေသောက်ရသလို ပေါ့ရှတ်ရှတ်ဖြစ်နေတာကို ခံစားရလျှင် သူမ မျက်နှာ ကွက်ခနဲပျက်သွား၏။ သို့သော် ချက်ချင်းပင် သူမက မျက်နှာကိုပြုံးရွှင်ချိုမြသွားလိုက်ပါသည်။

"ဟန်နီက သိပ်လိမ္မာတာပဲ၊ ရင်ထဲကို အေးမြသွားတာပဲ၊ COKE ကလေးက အရသာရှိလိုက်တာ၊ အဲ့ဒါလေးတွေကြောင့် ဟန်နီ့ကို ချစ်နေရတာ သိလား"

သူမက ပရိသတ်အလယ်တွင် အရှက်မကွဲချင်သဖြင့် ဟန်မပျက်ပင် ရွှန်းရွှန်းဝေအောင် ပြောလိုက်ရင်း ရင်ထဲက အမျက်ကို သိုဝှက်ထားလိုက်သည်။

ကောင်းပြီ။ သူ ပြောင်းလဲသွားပြီ။ ဒါမှမဟုတ် ဟန်ဆောင်ထားသော သူ့ဗီဇတွေ တဖြည်းဖြည်းပြလာပြီ။ သူကလည်း သိက္ခါရ ပဲ။ သူမကလည်း မေယုံကြည်ပဲ။ ဘယ်သူကပိုပြီး ပညာ





သားပါပါ သရုပ်ဆောင်ကောင်းသလဲဆိုတာ ယှဉ်ပြိုင်စတမ်းပေါ့လေ။

သူက သူမကိုကြည့်ကာ ပြုံးနေလေသည်။ နောက်ကို မခိုင်းနဲ့ ဟူသော မျက်နှာပေးသည် အပြုံးကြားမှပင် ထင်းခနဲပေါ်လွင်လျက်ရှိသည်ကို သူမက ပါးနပ်စွာပင်သိမြင်နိုင်၏။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၅)

ထိုနေ့က သူရော သူမပါ ရှုတင်မရှိသောနေ့မို့ နှစ်ယောက်စလုံး အားလပ်လေသည်။ ရိုက်နေသောကားက သတ်မှတ်ထားသော ရက်ထက် တစ်ရက်ပိုစောရှဲပြီးသွားသောကြောင့်လည်း သူတို့နှစ်ယောက်စလုံး အနားရခြင်းဖြစ်သည်။ မနက်ဖြန်ဆို သူရော သူမပါ ကြော်ငြာရိုက်ဖို့ရှိ၏။

ရှားရှားပါးပါး နားရသောရက်မို့ သူသည် မွေ့ရာပေါ်တွင် ပက်လက်အိပ်လျက် မဂ္ဂဇင်းတစ်စောင် ဖတ်လျက်ရှိသည်။ သူမကလည်း မွေ့ရာပေါ်တွင်အိပ်ရင်း အနားယူနေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူက ပျင်းလာလျှင်၊ ဒါမှမဟုတ် စာဖတ်ရင်း ဒူးနန့်တတ်သောအကျင့်ရှိသည်ဖြစ်ရာ ဘာရယ်မဟုတ် ဒူးကို တဆတ်ဆတ်နန့်မိ၏။

"ဟာ ဘယ့်လိုဖြစ်နေတာလဲ၊ ဒူးမနန်းနဲ့ဆို၊ အဲဒီ ဒူးနန့်တာကို သိပ်မုန်းတာပဲ၊ ဘာအကျင့်မှန်းမသိဘူး၊ ငလျင်လှုပ်နေတာကျနေတာပဲ၊ ခေါင်းတောင်မူးတယ်"

သူမက ထအော်သဖြင့် သူ ခဏတော့ရပ်သွားသည်။ သို့သော် မေ့လောက်ရှိချိန်တွင် ဒူးက သူ့အလိုလို တဆတ်ဆတ်ပြန်နန့်မိလျက်သားဖြစ်နေသည်။ သူမကို အရွဲ့တိုက်ချင်တာလည်းပါသည်။ ဘယ့်နှယ်၊ ကိုယ့်ဘာသာ စာဖတ်ရင်း ဒူးနန့်ချင်တာလေးတောင် မနန့်ရ။ နေရာတကာ သူမ လွှမ်းမိုးချုပ်ချယ်ချင်သည်။ အိပ်တော့လည်း ဟောက်သံထွက်လို့၊ နှာခေါင်းနှိုက်တော့လည်းနှိုက်လို့၊ အိပ်ရာဝင်ခါနီးလည်း ရေအတင်းချိုးခိုင်းလိုချိုးခိုင်းနှင့်၊ လက်ထပ်လိုက်တာသည် သူ့အတွက် စိတ်ချမ်းမြေ့စရာ နိဗ္ဗာန်ဘုံနှင့်မတူဘဲ အကျဉ်းကျသွားသည်နှင့်တူနေတာကို သူ မခံချိမခံသာဖြစ်လျက်ရှိသည်။





"ဟာန်နီ၊ ဒီမှာ သည်းအိပ်နေတယ်လေ၊ ဒူးမနန့်ပါနဲ့ဆိုတာ ပြောလို့မရဘူးလား၊ တမင်လုပ်နေတာလား"

"ဒူးက သူ့ဘာသာသူ လှုပ်မိသွားတာကွ၊ နေပါဦး၊ သည်းကိုယ်က ဘာလဲ၊ ဒူးနန့်တာကလေးတောင် လိုက်ချုပ်ချယ်ကန့်သတ်နေတာတော့ တရားလွန်တယ်လို့ မင်း မထင်ဘူးလား"

"လာပြန်ပြီလား မင်း၊ မင်းလို့ခေါ်တာ မကြိုက်ဘူးလို့ ပြောထားတယ်နော်၊ ဟာန်နီ အချိုးပြောင်းချင်နေပြီလို့ထင်တယ်၊ အရင်တုန်းက ချစ်သူဘဝက ဒီလို မဟုတ်ဘူး"

"အရင်တုန်းက သည်းလည်း ဒီလောက် ဓိဇာမကြောင်ပါဘူး၊ ဘာမဟုတ်တဲ့ အသေးအဖွဲကလေးတွေကအစ နေရာတကာလိုက်လွှမ်းမိုးနေတာပဲ၊ ချစ်သူဘဝက ဒီလိုမှမဟုတ်တာ၊ သိပ်ချစ်စရာကောင်းတာ"

"သြော်၊ ခုတော့ ချစ်စရာမကောင်းတော့ဘူးပေါ့၊ ဒီလိုလား၊ ယောကျာ်းတွေ အဲဒါပဲ၊ သိပ်အပြောင်းအလဲမြန်တာပဲ၊ ဒူးမနန့်နဲ့ ပြောနေတာ မရဘူးလား"

www.burmeseclassic.com

"နားငြီးတယ်ကွာ၊ ကိုယ့်ဘာသာ လွတ်လွတ်လပ်လပ် ဒူးနန့်ချင်နန့်မယ်၊ ဘာမှ လာမပြောနဲ့"

သူ တမင်သက်သက်ပင် ဆက်၍ ဒူးနန့်လျက်ရှိသည်။ သူမကို သိပ်ပြီးကြည့်လို့မရချင်တော့။ သူမ တစ်ဆိတ်တော့ လွန်နေပြီ ဟု သူ တွေးမိသည်။

"အေး၊ တွေ့မယ်"

သူမက မွေ့ရာပေါ်မှ ဝုန်းခနဲထ,သွားကာ အပြင်သို့ ထွက်သွားလေသည်။ တကယ်ဆို ညားကာစကာလတွေမှာ လင်ရယ်၊ မယားရယ်ဆိုတာ ကယုကယင်၊ ရင်းရင်းနှီးနှီး၊ ချစ်ချစ်ခင်ခင်နှင့် ချော့မြှူပိုက်ထွေးကာ မခွဲနိုင်မခွာရက် အချစ်သည်းနေရမည့်အချိန်ဖြစ်သည်။

ခုတော့ သူမရဲ့ ဇီဇာကြောင်မှု၊ အလိုက်မသိမှု၊ မလိမ္မာ မပါးနပ်မှု၊ အပြောတစ်မျိုး အလုပ်တစ်မျိုးနှင့် ဟန်ဟန်ပန်ပန်နိုင်မှုတွေကြောင့် သူတို့နှစ်ယောက်ကြားတွင် ဘာမဟုတ်သော အသေးအဖွဲပြဿနာကလေးများ စတင်ဖြစ်ပွားလျက်ရှိလေသည်။





သူမ ပြန်ဝင်လာတော့ သူမ လက်ထဲမှာ တူကြီးတစ်ချောင်းကိုင်လာတာကို တွေ့ရသည်။

"ဟန်နီ လှုပ်လေ၊ လှုပ်တာနဲ့ တူနဲ့ကိုထုမယ်၊ တကယ်ကိုထုမယ်၊ မထုဘူးမမှတ်နဲ့"

"ထုရဲရင်ထုကြည့်ကွာ၊ ကိုယ်ကတော့ လှုပ်မှာပဲ၊ ဒူးနန့်တာတောင် မနန့်ရဘူးဆိုတော့ မင်းက ဘာလဲ"

သူက ဒူးကိုဆက်၍တမင်နန့်မြဲနန့်၏။ သူမ မလုပ်ရက်ဘူးလို့ထင်ထားသောကြောင့်ဖြစ်သည်။ သို့သော် သူမက သူမျှော်လင့်မထားသောလုပ်ရပ်ကို လုပ်ခဲ့၏။ တကယ်ပင် သူ့ ဒူးခေါင်းဆီသို့ တူနှင့်ခပ်ဆတ်ဆတ်ကလေးထုချလိုက်ခြင်းဖြစ်လေသည်။ တူက သူ့ရဲ့ဒူးခေါင်းရိုးကို တည့်တည့်ထိမှန်သွားသဖြင့် သသူ တော်တော်နာကျင်သွား၏။

"အား၊ မင်း တကယ်ထုတယ် ဟုတ်လား၊ တောက်၊ ငါကွာ၊ မိန်းမမို့လို့ကြည့်နေတာနော်၊ မင်း သိပ် လူပါးမဝနဲ့၊ ငါ့ဘာသာ ငါ့ဒူးငါနန့်တာ မင်းနဲ့ ဘာဆိုင်လဲ၊ နေရာကာ သိပ် လွှမ်းမိုးချုပ်ချယ်ချင်မနေနဲ့ကွ၊


www.burmeseclassic.com

www.burmeseclassic.com



နောက်ကို လက်မပါနဲ့၊ ကြိုပြောထားတယ်၊ ဒါ
နောက်ဆုံးဖြစ်ပစေ"

သူ ဒေါသတကြီးအော်လိုက်သည်။ ဒေါသက တ
ရိပ်ရိပ်တက်လာသည်။ ဒူးခေါင်းရိုးဆီမှ နာကျင်မှုသည် ရင်ထဲ
သို့ ပျံ့နှံ့ကူးစက်လာလေသည်။

သူမက တူကို အခန်းထောင့်သို့လွှင့်ပစ်ကာ ခုတင်
ပေါ်မှာ ပြန်အိပ်သည်။

"ငါ ဘာလုပ်လုပ် နေရာတကာ မင်း ဝင်မပါနဲ့၊ ငါ့ ဈေး
နဲ့ကြောင်ကိုလည်း မင်း မရိုက်နဲ့၊ ပြောထားပြီးပြီ၊ နောက်
မှ ငါ့အဆိုးမဆိုနဲ့၊ ငါ့မှာလည်း စိတ်ရှိတယ်၊ စိတ်ဆိုးတတ်
တယ်၊ ဒေါသထွက်တက်တယ်၊ ချစ်တာက ချစ်တာပဲ၊ လာ
ပြီး ဘိုမကျနဲ့၊ လူရှေ့သူရှေ့ကျရင် ငါ့ကို မခိုင်းနဲ့၊ အသံ
ကလေးချိုချိုချိုချိုနဲ့၊ မျက်နှာကလေးချိုချိုချိုချိုနဲ့၊ ငါ့ကို
မင်းရဲ့အစေအပါးလိုလို၊ မင်းလက်အောက်ငယ်သားလိုလို
လာမလုပ်နဲ့၊ ငါက အရွဲ့တိုက်တတ်တယ်နော်၊ ကြိုပြော
ထားတယ်၊ လင်မယားချင်း လာမတင်စီးနဲ့"





သူ ဒေါသဖြင့်အရှိန်ရကာ ဆက်ပြော၏။ သူမက
လည်း ဓေသူမဟုတ်။

"အံမယ် အံမယ်၊ မင်းတစ်လုံး ငါတစ်လုံးနဲ့၊ ရိုင်းလိုက်
တာ၊ လူရိုင်းကြီးပါလား၊ အမလေး ကျွန်မ လက်ထပ်မိတာ
ဘယ့်နှယ့်ယောကျ်ားကြီးပါလိမ့်၊ တကယ့်လူရိုင်းကြီးပါ
လား၊ ဟေ ဟေဟေ့၊

ကျွန်မက ကြောက်တတ်မယ်များမှတ်နေလား၊ လုံး
ဝ မကြောက်ဘူးနော်၊ ကျွန်မ မကြိုက်တာကို ရှင် ဘာလို့
လုပ်လဲ၊ အချိုးကိုက အရင်ကနဲ့ကို လုံးဝ မတူတော့ဘူး၊
အဲ့ဒါကို အမြင်ကတ်တာ"

သူက ဘာမှမပြောတော့ဘဲ ဒိုင်ယာဇီပဲန်(မ်) တစ်
ပြားကောက်ဝါးပစ်လိုက်ကာ အိပ်ရာပေါ်ပစ်လှဲပစ်လိုက်သည်။

"မင်းသာ ရှေ့တစ်မျိုး ကွယ်ရာတစ်မျိုး၊ တော်ပြီ ရန်မဖြစ်
ချင်တော့ဘူး၊ နားရက်ကလေးရတုန်း အိပ်ချင်တယ်၊ အိပ်
မယ်၊ ဆက်စကားမပြောနဲ့၊ မကြားချင်တော့ဘူး"

"ဟောက်သံမထွက်နဲ့နော်၊ ကြိုပြောထားတယ်၊ ဒီကလည်း



www.burmeseclassic.com

www.burmeseclassic.com

အိပ်မှာပဲ"

"ဟောက်သံက အိပ်ပျော်သွားရင် သူ့အလိုလိုထွက်လာတာပဲ၊ မင်းလည်း အိပ်ပျော်သွားရင် ဟောက်တာပဲ၊ ဘာမဟုတ်တာလေးကို ဟာရာဏာသီလာချဲ့မနေနဲ့"

"ချဲ့မှာပဲ၊ မင်းလို့ မခေါ်နဲ့နော်၊ ပြောထားတယ် မဟုတ်လား"

"မသိဘူး၊ လူတွေရှေ့ရောက်ရင် မေယုံကြည်လောက် ချစ်စရာကောင်းတဲ့မင်းသမီး မရှိတော့ဘူး၊ လူတွေကတော့ ထင်ကြမှာပဲ၊ ငါ့ကို တော်တော်ကံကောင်းတာပဲလို့၊ ဟင်း မပြောလိုက်ချင်ဘူး၊ ဒီလောက် ဇီဇာကြောင်တဲ့ အသေးအမွှားကလေးတွေလိုက်ပြီး ပုံကြီးချဲ့တဲ့မိန်းမလို့ ဘယ်သူမှ ထင်ကြမှာ မဟုတ်ဘူး၊

ငါ့မှာ အရှုံးမ လင် လုပ်ရတာကမှ ကောင်းမယ်"

သူ တွတ်တွတ်တွတ်တွတ်နှင့် ရေရွတ်မြည်တမ်းလျက်ရှိသည်ကို သူမက မျက်လုံးအဝိုင်းသားဖြင့်ကြည့်ကာ

"အမလေးလေ အံ့သြစရာကြီးဟယ်၊ ပြောင်းလဲသွားလိုက်





တာ၊ အရင်တုန်းက တသည်းသည်းနဲ့ သူ့လောက် ချစ်တတ်ယုယတတ်တဲ့ယောကျ်ား ကမ္ဘာပေါ်မှာ နှစ်ယောက်မရှိဘူး၊ Romantic ဖြစ်လိုက်ရတာ၊ အလိုက်သိလိုက်ရတာ၊ ချစ်တတ်လိုက်တာ၊ အလိုလိုက်လိုက်တာ ဟင်၊ အခုကျတော့ မျက်နှာဖုံးကြီးကိုချွတ်ပစ်လိုက်သလိုပဲ၊ မကောင်းတဲ့အကျင့်တွေက ဘွားခနဲ ဘွားခနဲကို ပေါ်လာတာ၊

ညစ်ပတ်လိုက်တာလည်း မပြောနဲ့၊ အကျင့်ယုတ်လိုက်တာလည်း ရစရာကိုမရှိဘူး"

သူမကလည်း အဆက်မပြတ်ပြန်၍ပြောသည်။ သို့သော် သူ့ဘက်က ဘာသံမှမကြားရတော့ဘဲ တုံ့ပြန်မှုမရှိတော့သောအခါ သူမ ဆတ်ခနဲလှည့်ကြည့်လိုက်သည်။

ကြည့်စမ်း။ သူက အိပ်ပျော်သွားပြီ။ ပါးစပ်ကြီးပင်ဟ,လို့။ သူမကို တစ်ခွန်းပြန်ပြောဖို့ပြင်ဆင်ရင်း အိပ်ပျော်သွားပုံမျိုး။

"အချိုးက ပြောင်းပြန်ကို ပြောင်းသွားတာ၊ ဟင်တွေ့ကြသေးတာပေါ့"


www.burmeseclassic.com

www.burmeseclassic.com

သူမသည် အိပ်ပျော်နေသော သူ့မျက်နှာကို ငုတ်တုတ်ထ,ထိုင်၍ စေ့စေ့ကြည့်ကာ သူ့ကို ဘာလုပ်ရရင်ကောင်းမလဲ စဉ်းစား၏။ သူမ အိပ်ချင်စိတ်မရှိတော့။ ပျင်းလည်းပျင်းကာ တစ်ခုခုကစားချင်သည်။ နောက်ဆုံးတော့ သူမ အကြံရလေသည်။

အိပ်ရာပေါ်မှာ ညင်ညင်သာသာကလေးထ,ကာ မှန်တင်ခုံပေါ်ရှိ make-up box ကြီးကို သွားသယ်ယူလာပြီး အိပ်ရာပေါ်သို့ ပြန်တက်လာသည်။ သူ ဘယ်လောက်အအိပ်မက်သလည်းလို့၊ အိပ်ပျော်သွားတာဖြင့် မကြာသေး၊ ဟောက်သံက မှန်မှန်ထွက်ပေါ်နေပြီ။

သူမသည် သူ့မျက်နှာပေါ်သို့ Estee-Lauder မိတ်ကပ်ရည်တွေကို အစက်အစက်တွေချလိုက်ကာ ရေမြှုပ်နှင့် စတင်၍ ကို့ဆွဲလိမ်းခြယ်စပြုလေသည်။ သူက နိုးမလာတော့။ အိပ်ဆေးအရှိန်ဖြင့် ကောင်းမွန်နှစ်ခြိုက်စွာ အိပ်မောကျနေလေပြီ။

မိတ်ကပ်လိမ်းပြီးတော့ PIAS ပေါင်ဒါမှုန့်တွေ သူ့မျက်နှာဆီသို့ ခပ်ဖွဖွပုတ်လိုက်သည်။ သူ့မျက်နှာ ဖွေးခနဲဖြစ်သွားတာကို အသံမထွက်အောင် ကြိတ်၍ရယ်ရသဖြင့် သူမကိုယ်ခန္ဓာမှာ တလှုပ်လှုပ်ဖြစ်နေလေသည်။





တကယ်တော့ သူသည် အလွန် ချစ်စရာကောင်းသော လူချောတစ်ယောက်ဖြစ်ပါသည်။ မျက်တောင်တွေများ ထူထူနက်နက်တွေ မည်းစက်ကော့ပျံနေလေသည်။ ပိတ်ထားသော မျက်ခွံပေါ်သို့ Eye Shadow အရောင်လက်လက်တွေပါသော အပြာရောင်တောက်တောက်ကို ခြယ်ပစ်လိုက်သည်။ မျက်ခွံပြာကြီးနှင့် သူ့ရုပ်သွင်က ရယ်စရာကောင်းလှ၏။ သူမအတွက် ပျော်စရာကောင်းသောကစားနည်းတစ်ခုဖြစ်လာသည်။

မျက်တောင်ရှည်ရှည်များကို Mascara နှင့် ဆွဲကော့လိုက်သောအခါ မျက်တောင်ကြီးမှာ အမည်းအထူကြီးဖြစ်လာသည်။ ပါးရိုးပေါ်သို့ ပါးနီခပ်ရဲရဲကို ဘရပ်ရှ်ဖြင့် တင်လိုက်သည်။ သူ့မျက်နှာ တော်တော်လှလာလေသည်။ ထို့နောက် ဟနေသော နှုတ်ခမ်းကို ပုံဖော်၍ Lip-liner ဖြင့် လှပနေအောင်ဆွဲလိုက်ကာ အနီရဲရဲ နှုတ်ခမ်းနီကို ဆိုးပေးလိုက်သည်။

မျက်နှာတစ်ခုလုံး မိတ်ကပ်ရောင်စုံခြယ်ပြီးသောအခါ သူမသည် ဗိုက်ကိုနှိပ်၍ အားပါးတရ ရယ်မောမိတော့လေ


www.burmeseclassic.com

www.burmeseclassic.com

သည်။ သူမ ရယ်သံကြောင့် သူ အိပ်ချင်မူးတူးဖြင့် ပြူးပြူးပျာပျာ လန့်နိုးလာကာ

"ဘာလဲ ဘာလဲ၊ ဘာဖြစ်တာလဲ"

ဟု အလန့်တကြား ထထိုင်လေသည်။ သူမ သူ့မျက်နှာကို လက်ညှိုးထိုးကာ ထိန်းမနိုင်သိမ်းမရ ရယ်မောတော့ သူ အူကြောင်ကြောင်ဖြစ်လျက်ရှိသည်။

"ဘာဖြစ်လို့ ဒီလောက်တောင်ရယ်နေရတာလဲ"

"ဟား ဟား ဟား၊ အရမ်းလှတာပဲ၊ အခြောက်ကြီးနဲ့ တူတယ်၊ ဟား ဟား"

သူ့မျက်နှာကို တည့်တည့်ကြည့်ကာရယ်နေတာမို့ သူ သံသယဖြစ်လာကာ သူ့မျက်နှာသူ မှန်ထဲသို့သွားကြည့်လိုက်သည်။ မှန်ထဲတွင်ပေါ်လာသော မိတ်ကပ်ထူလပျစ်၊ အိုင်းရှဲဒိုးပြာပြာတောက်တောက်နှင့် နှုတ်ခမ်းနီရဲရဲရုပ်ကြီးကြောင့် သူ ထောင်းခနဲ ဒေါသထွက်သွားလေသည်။

"မင်း ငါ့မျက်နှာကို ဘာလုပ်ထားတာလဲ"

"ကစားထားတာလေ၊ ပျင်းလို့၊ ရယ်ရတယ်ကွာ၊ ဟန်နီအခြောက်ခွာတ်လမ်းတစ်ကားလောက်ရိုက်ပါလား၊ အရမ်းရယ်ရမှာပဲ"

"သည်း၊ မင်းလွန်လာပြီနော်၊ အိပ်တာတောင် ကောင်းကောင်းမအိပ်ရဘူး၊ မင်းကစားရအောင် ငါက မင်းရဲ့ပျော်တော်ဆက်မှ မဟုတ်ဘဲကွ"

"မင်းတွေ ငါတွေနဲ့ မပြောနဲ့လို့ ပြောထားတယ်နော်၊ ဘာဖြစ်လဲ၊ ပျင်းလို့ကစားတာပဲ၊ ဘာလို့ ဒီလောက်အဖြစ်သည်းနေရတာလဲ"

"မင်း ကိုယ့်အပေါ်မှာ respect မှ မထားဘဲ၊ ငါက မင်းယောက်ျားကွ၊ မင်း ကစားစရာမဟုတ်ဘူး"

"အောင်မယ် အောင်မယ်၊ ဒါလေး ကစားတာများ စွာနေလိုက်တာ၊ ကစားတော့ ဘာဖြစ်လဲ၊ ဘာဖြစ်လဲ"

သူမက စိတ်လိုက်မာန်ပါရှိသူမို့ မှန်တင်ခုံပေါ်ရှိ ဆံပင်ဆိုးဆေးစပရေးဗူးကိုယူကာ သူ့ဆံပင်တွေဆီသို့ လှမ်း၍မှုတ်လေသည်။ ဆိုးဆေးက ရွှေရောင်ဆိုးဆေးများဖြစ်ရာ သူ့ဆံပင်ရှေ့တစ်ပိုင်းလုံး ရွှေအိုရောင်များသမ်းသွားတော့သည်။

www.burmeseclassic.com



သူက မှုတ်ဆေးများကိုရှောင့်တိမ်းရင်း သူမကို အမှတ်တမဲ့တွန်းပစ်လိုက်ရာ သူမသည် ကြမ်းပြင်ပေါ်သို့ ခွေခနဲ ယိုင်ကျသွားလေသည်။ ဖြစ်ချင်တော့ သူမ လဲကျသွားသည့်နေရာတွင် ခုံကလေးတစ်ခုံရှိရာ ထိုခုံကလေးနှင့် သူမ နောက်စေ့သို့ ရိုက်မိသွားစဉ် အသားမနာစဘူးနာသွား၏။

"အား၊ နင် ငါ့ကို တွန်းပစ်တယ်၊ လူယုတ်မာကြီး၊ ငါ့ခေါင်းနောက်မှာ ထိသွားပြီ၊ ခေါင်းပေါက်သွားပြီလား မသိဘူး၊ ငါ့အသားကိုထိရင် ငါ နည်းနည်းမှ သည်းမခံဘူးသိလား"

အသားနာသွားသောကြောင့် သူမသည် စိတ်ဆိုးသွားကာ မျက်စိထဲဘာမှမမြင်နိုင်ဖြစ်ကကာ သူရှိရာဆီသို့ ခုန်အုပ်ပစ်လိုက်၏။ ရှည်လျားသောသူမ၏လက်သည်းများက သူ့ပါးပြင်ဆီသို့ ကုတ်ခြစ်မိသွားသည်။

"အား၊ ငါ့ကို ကုတ်တယ်၊ မေယုံကြည် မင်းနော်၊ ငါ လက်ပါလိမ့်မယ်၊ ငါ့အသားကိုမထိနဲ့"

"အောင်မယ် နင်လက်ပါတော့ရော ငါ့မှာလက်မပါတော့





ဘူးလား၊ မိန်းမဆိုပြီး အနိုင်ကျင့်မယ်တော့မကြံနဲ့၊ ငါကပြန်ကိုလုပ်မှာ သိလား၊ နင်ကဲ့ မင်းသားခေါင်းဆောင်းထားတဲ့ ဘီလူးကြီး၊ ပရိသတ်တွေက ငါ့ကိုပိုချစ်ကြတာ၊ နင့်အကျင့်တွေကိုမသိလို့ နင့်ကို ငါ ယူမိတာ သိလား သိဂ်ါရရဲ့"

"အေး၊ ငါလည်း ဒီလိုပဲ၊ အအောင်မြင်ဆုံးအချိန်မှာ မင်းကို ယူခဲ့မိတာ၊ မင်း ဒီလောက် ဓိဓာကြောင်ပြီး သောက်မြင်ကတ်စရာကောင်းမှန်းမသိလို့ ယူခဲ့မိတာ"

"သေလိုက်ပါလား၊ နင်နဲ့ငါ ဘယ်သူ ပိုနာမည်ကြီးသလဲ၊ ဘယ်သူ့ကို ပရိသတ်တွေပိုချစ်သလဲ ပြိုင်လို့ရတယ် နားလည်လား၊ နင်သာ ငါ့ကြောင့် နာမည်ပိုကြီးလာတာ၊ နင်နဲ့ငါ တွဲရိုက်တဲ့ကားတိုင်း ပေါက်တာ ဘယ်သူ့ကြောင့်လို့ ထင်နေသလဲ၊ ငါ့ကြောင့်ဟဲ့ သိလား၊ နင့်ကိုယ်နင် သိပ်အထင်ကြီးမနေနဲ့"

"ဟား ဟား၊ ရယ်ရတယ်ဟေ့၊ မင်းက သိပ်ချစ်စရာကောင်းတယ်ပေါ့၊ ပြိုင်ဘက်ကင်းအောင် နာမည်ကြီးတယ်ပေါ့၊



www.burmeseclassic.com

www.burmeseclassic.com

ဟုတ်လား၊ မင်း နာမည်ကြီးအောင် ငါလုပ်ပေးခဲ့တာ နားလည်လား၊ ငါ့ကိုလာငှားသမျှ ရုပ်ရှင်တိုင်း၊ ကြော်ငြာတိုင်း မင်းကိုငှားဖို့ ငါ ဘောင်းဆိုခဲ့တာ၊ မင်းကိုယ်မင်း သိပ်ဟုတ်လှပြီထင်မနေနဲ့၊

မင်းနာမည်ကြီးတယ်ဆိုတာ ငါ အိပ်နေသလောက်ပဲရှိတယ်၊ နားလည်လား"

သူတို့နှစ်ယောက်လုံး ရန်ဖြစ်ရင်း စကားနိုင်လုကြသောအဆင့်သို့ ရောက်လာသည်။ ဘယ်ကဘယ်လို ထိုစကားတွေဆီ ရောက်ကုန်မှန်းပင် သူတို့မသိတော့ချေ။ ပြောရင်းပြောရင်းပင် ကိုယ်အနိုင်ရဖို့သာ စိတ်ဇောထက်သန်လာကြလေသည်။

"ဘုရားရေ၊ ယောကျ်ားကြီးတန်မဲ့ အရှက်မရှိပြိုင်နေလိုက်တာ၊ နင်နဲ့ငါ ကြော်ငြာ ဘယ်သူ့ပိုရိုက်ရသလဲ ပြိုင်မလား"

"မင်း အနုပညာကို ပြိုင်ရဲလား၊ မင်းနဲ့ငါ အပြိုင်သရုပ်ဆောင်တဲ့ကားတိုင်း ဘယ်သူပိုတော်သလဲ၊ ပိုကောင်းသလဲဆိုတာ ပရိသတ်ကို မေးကြည့်စမ်း"

သူတို့နှစ်ယောက်စလုံး၏ မျက်လုံးတွေမှာ မာန



ရောင်တွေ တလက်လက်ဖြာလာကြသည်။

ထိုအချိန်မှာ တံခါးခေါက်သံကို သူတို့ကြားရ၏။

"မမရေ၊ ဧည့်ခန်းမှာ ( )မဂ္ဂဇင်းက အင်တာဗျူးဆရာတွေ ရောက်နေတယ်၊ အစ်ကိုနဲ့ မမကို ဒီနေ့တွေ့ဖို့ ချိန်းထားပြီးသားလို့ ပြောတယ်"

သူတို့နှစ်ယောက်လုံး ရုတ်တရက်တိတ်သွား၏။

"ဟုတ်တယ်၊ ငါ ချိန်းထားတာ၊ နှစ်ယောက်စလုံးကို အင်တာဗျူးခွင့်ပေးဖို့ ပြောထားပြီးပြီ၊ မင်း သွားနှင့်၊ ငါ နောက်ကလိုက်ခဲ့မယ်"

သူမက သူ့ကို မျက်စောင်းထိုးကာ အခန်းထဲမှ ထွက်လာခဲ့သည်။ လှေခါးတစ်ဝက်သို့ရောက်တာနှင့် သူမ မျက်နှာတွင် ဒေါသ၊ မာန်မာနဟူ၍ မြူတစ်မှုန်စာမျှပင်မရှိတော့ဘဲ ကြည်လင်ရွှင်ပျနေပြီ။

"ဟယ်၊ ဦးတို့ပါလား၊ အင်တာဗျူးဆို ဟုတ်လား၊ ဘာအတွက်လဲ"

"ဟုတ်တယ် ယုံယုံရေ၊ ဦးတို့မဂ္ဂဇင်း ငါးနှစ်ပြည့်အမှတ်



www.burmeseclassic.com

www.burmeseclassic.com

တရ ထွက်တော့မှာ၊ မျက်နှာဖုံးကို ယုံယုံတို့လင်မယား စုံတွဲပုံကလေးနဲ့ထည့်ချင်လို့၊ ကိုသိင်္ဂါရကို ခွင့်တောင်းထားပြီးသား၊ ပြီးတော့ အင်တာဗျူးလည်းထည့်ချင်လို့"

"ကောင်းတာပေါ့ ဦးရဲ့၊ လုပ်ပေးရမှာပေါ့၊ ယုံကြည်တို့နှစ်ယောက်လုံးလည်း ဒီနေ့ အားတာနဲ့ အိမ်မှာနားနေကြတာနဲ့ အတော်ပဲပေါ့"

မကြာခင်တွင် လှေခါးမှ သူ ဆင်းလာ၏။ သူ့ ရင်ခွင်ထဲမှာ သူ့ အချစ်တော် ခွေးနှင့်ကြောင်ကို ပိုက်ရက်သား။ မျက်နှာပေါ်မှာ မိတ်ကပ်ရောင်စုံနှင့် ဆံပင်က ရွှေအိုရောင်တွေ။ သူမ ခစ်ခနဲကြိတ်ရယ်လိုက်မိကာ မျက်နှာက ပြုံးစိစိဖြစ်လာသည်။ သူ မိတ်ကပ်တွေဖျက်ဖို့ သတိရပုံမပေါ်ချေ။

"ဟာ၊ မင်းသား ဘယ်လိုဖြစ်လာတာလဲ ဟား ဟား"

သူ့ မျက်နှာကိုမြင်တာနှင့် အင်တာဗျူးဆရာနှင့် ကဲန်မရာမဲန်းက ဟန်မဆောင်နိုင်ဘဲ ရယ်မောကြတော့လေသည်။ အဲ့ဒီတော့မှ သူက မိတ်ကပ်တွေကိုသတိရသွားဟန်ဖြင့်

"ဟာ၊ ဟုတ်သားပဲ၊ ကျွန်တော် မိတ်ကပ်တွေဖျက်ဖို့မေ့





သွားတယ်၊ ယုံကြည်ပေါ့ဗျာ၊ ခုနက ပျင်းလို့ကစားချင်တယ်ဆိုပြီး ကျွန်တော့်မျက်နှာပေါ် မိတ်ကပ်တွေ ထိုင်ခြယ်နေတာ"

ဟု ခုနက ဒေါသတကြီးဖြစ်ခဲ့တာ သူ မဟုတ်သလို ခပ်ပြုံးပြုံးမျက်နှာပေးဖြင့် ပြောလေသည်။

"ဟာ၊ မဖျက်နဲ့၊ မဖျက်နဲ့ဦး ကိုသိင်္ဂါရ၊ အဲ့ဒီပုံစံနဲ့ အမှတ်တရလေးရိုက်ချင်တယ်၊ သတင်းထူးကလေးတစ်ခုလည်း ရတာပေါ့၊ မင်းတို့နှစ်ယောက်စလုံးကို ပရိသတ်ကချစ်ကြတာ၊ မင်းတို့ဘာလုပ်လုပ် သူတို့က ချစ်နေတာ၊ အဲ့ဒီပုံစံကလေးနဲ့ ရိုက်ထည့်ပေးလိုက်မယ်၊ လာ လာ၊ ဒီမှာ ခဏထိုင်ပေးပါ၊ ဓာတ်ပုံလေးတွေ အရင်ရိုက်ယူလိုက်မယ်၊ ဒီပုံက ရှားရှားပါးပါးပဲ၊ ပရိသတ်အတွက် အသစ်အဆန်းဖြစ်သွားမှာ"

"ကဲ ကဲ ရိုက် ရိုက်"

သူက သူမဆီသို့လာ၍ ဝင်ထိုင်လိုက်ကာ သူ့လက်ထဲမှ ခွေးနှင့်ကြောင်ကို သူမ ရင်ခွင်ထဲသို့ ဘုတ်ခနဲပစ်သွင်း၊



www.burmeseclassic.com

www.burmeseclassic.com

လိုက်လေသည်။ ပြုံးရယ်နေသောသူမမျက်နှာသည် မဲ့ခနဲဖြစ်သွားဆဲ သူက

"သည်းက ခွေးကလေးတွေ၊ ကြောင်ကလေးတွေဆို သိပ်ချစ်တာဗျ၊ အဲ့ဒီပုံကလေးပါ ရိုက်ပေးလိုက်"

ဟု ပြောလိုက်သဖြင့် သူမ ငြင်းဆန်ရခက်သွားကာ အောင့်သိအောင့်သက်ဖြင့်ပင် သူမ တစ်စက်ကလေးမှ မေတ္တာမရှိသော ခွေးနှင့်ကြောင်ကို ပွေ့ပိုက်ထားလိုက်ရသည်။

"ယုံယုံက ခွေးကလေး ကြောင်ကလေးတွေလည်းချစ်တတ်သလား ဟုတ်လား"

"ဟုတ်ပါ့၊ သိပ်ချစ်တာ"

သူမကို သူ တမင် ချောက်ချမှန်းသိသော်လည်း သူမက အရှုံးမပေးချေ။ ခွေးကလေးနှင့်ကြောင်ကလေးကို ပွေ့ဖက်နမ်းရှုံ့လျက်ပင် ဓာတ်ပုံအရိုက်ခံလေသည်။ သူ့မျက်နှာတွင်လည်း သူမလက်ချက်ဖြင့် မိတ်ကပ်တွေထူလပိန်းထနေသေးတာပဲ။ ခွေးနှင့်ကြောင်ကို မချစ်သော်လည်း အောင့်ကာနမ်းရသည်ကို နာအုံမထင်တော့။





"ဟာန်နီကလေ သိပ်ချစ်စရာကောင်းတာပဲ၊ သည်း အသည်းယားလာပြီ သိလား"

ဟု တမင်သက်သက်ပြောကာ သူ့ပါးနှစ်ဖက်ကို တအားကြီးဆွဲလိမ်ပစ်လိုက်သည်ကို ဓာတ်ပုံသမားက အမိအရဖမ်းရိုက်ယူလိုက်သဖြင့် သူသည် ပါးနှစ်စလုံးသွေးခြေဥမတတ်နာသွားသည်ကို အောင့်ခံရင်းပြုံးရလေသည်။

ဓာတ်ပုံတွေ တော်တော်များများရိုက်ယူပြီးမှ အင်တာဗျူးစကြ၏။ သူနှင့်သူမ နှစ်ယောက်စလုံး၏မျက်နှာတွေမှာ ပြုံးချိုရွှင်ကြည်လျက်ရှိသည်။

"လက်ထပ်ပြီးတဲ့အချစ်နဲ့ လက်မထပ်ခင်ကအချစ် ဘယ်လိုကွာခြားသွားသလဲဟင်၊ တစ်ယောက်စီ ဖြေပေးပါ"

"ကျွန်တော် အရင်ဖြေမယ်လေ၊ ချစ်သူဘဝတုန်းက အချစ်ကတော့ အပေါ်ယံဆန်တာပေါ့ဗျာ၊ တစ်ယောက်မျက်နှာတစ်ယောက်ထိုင်ကြည့်နေရတာကိုက သိပ်အဓိပ္ပါယ်ရှိတာ လက်ထပ်လိုက်ပြီးတဲ့နောက်အချစ်ကတော့ ပိုပြီးလေးနက်ခိုင်မြဲသွားတာပေါ့၊ အနစ်နာခံရတာတွေ၊ သည်းခံနားလည်



www.burmeseclassic.com

www.burmeseclassic.com



ပေးရတာတွေ၊ ခွင့်လွှတ်ကြည်ဖြူရတာတွေ၊ အဲ့ဒါတွေနဲ့ သိယက်လာရတာပေါ့၊ နှစ်ကိုယ့်တစ်စိတ်ပိုဖြစ်လာတယ် ဆိုပါတော့ဗျာ"

သူက ပြုံးပြုံးကလေးနှင့် ဟန်မပျက်ဖြေသွားသည်။ သူမ အလှည့်သို့ရောက်လျှင် သူမက ချစ်စဖွယ်အပြုံးကလေးနှင့်

"ဟုတ်တယ်၊ ဟုတ်တယ်၊ ဟန်နီပြောသွားသလိုပဲ၊ တစ်
ယောက်နဲ့တစ်ယောက် ပိုပြီး နားလည်မှုရှိလာ၊ အလေး
အယူမှုလာတယ်၊ လက်ထပ်လိုက်ပြီးတဲ့အချစ်က ပိုပြီး
အဓိပ္ပါယ်ရှိလာတယ်၊ သူ့ကို အတွင်းကျကျပိုသိနားလည်
လာတယ်၊ သူ့ရဲ့လိုအပ်ချက်တွေကိုဖြည့်ဆည်းပေးပြီး သူ
ရဲ့ပါရမီဖြည့်ဖက်ကောင်းတစ်ယောက်ဖြစ်ချင်ပါတယ်ရှင်"

ဟု ချိုချိုသာသာကလေး ဖြေလိုက်၏။ ထို့နောက်
နှစ်ယောက်သား တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ မဲ့ပြုံး
ကိုယ်စီပြုံး၍ ပခုံးကွန့်ပြလိုက်သည်။

"ဒုတိယ မေးခွန်းကတော့ ယုံယုံတို့ ကလေးယူဖြစ်မှာလား
ဆိုတာ ပရိသတ်က သိပ်စိတ်ဝင်စားနေကြတယ်၊ ခုအချိန်





က ယုံယုံ့အတွက်ကက် အထွတ်အထိပ်ရောက်နေတဲ့ အဖွမ်း ကုန်အောင်မြင်နေတဲ့အချိန်လေ၊ ပရိသတ်ကလည်း မျက်စိအောက်က အပျောက်မခံချင်လောက်အောင် သိပ်ချစ်နေကြချိန်ဆိုတော့"

"ဘယ်လိုပဲဖြစ်ဖြစ်၊ ယုံကြည်က ကလေးလေးတွေဆို သိပ်ချစ်တတ်ပါတယ်၊ ကလေးတွေက သိပ်အပြစ်ကင်းပြီး မာယာပရိယာယ်ကင်းတယ်လေ၊ ယူတာကတော့ယူမှာပါ၊ ယုံကြည်က မိခင်တစ်ယောက်ရဲ့ဘဝကို လိုချင်တယ်၊ ကလေးဆိုတာ အိမ်ထောင်းတစ်ခုရဲ့ အနှောင်အဖွဲ့ကြိုးတွေပဲလေ၊ သည်းက ဟန်နီ့ကို အဲ့ဒီကြိုးတွေနဲ့ ချည်နှောင်ဖို့ကြိုးစားရမှာ၊ နောက်ပြီး ယုံကြည်က မိသားစုဘဝကလေးကို အရမ်းစုံမက်တယ်၊ အိမ်ထောင်ရှင်မကောင်းတစ်ယောက်ဖြစ်ချင်တယ်၊

လောလောဆယ် ကလေးမမွေးဖြစ်သေးရင်တောင် ကလေးမွေးစားဖို့ စိတ်ကူးထားတယ်"

"ကိုသိဂ်ါရ ကရော"



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော့်သဘောက သူ့ရဲ့သဘောပါပဲ၊ သူ့လို အရမ်းချစ်စရာကောင်းတဲ့ သားသားမီးမီးကလေးတွေ ကျွန်တော် အရှုးအမူးလိုချင်တာပေါ့ဗျာ၊ မိသားစုအပေါ် တာဝန်ကျေတဲ့ ဖခင်ကောင်းတစ်ယောက် ဖြစ်ချင်ပါတယ်"

"ကဲ၊ ဒီမေးခွန်းကတော့ ကလေးဆန်ချင်ဆန်နေလိမ့်မယ်၊ ယုံယုံနဲ့ ကိုသိင်္ဂါ မှာ ဘယ်သူက ပိုပြီး ချစ်တတ်သလဲ၊ ပိုပြီး အနွံတာခံ၊ အနစ်နာခံတတ်သလဲ၊ ပိုပြီးစိတ်ရှည်သည်းခံတတ်သလဲ"

ဘယ်သူကမှ ဘယ်သူ့အပေါ် အနွံတာမခံနိုင်၊ သည်းမခံနိုင်၊ ဆတ်ဆတ်ထိပင်မခံကြပါ ဟု သူတို့မဖြေဖြစ်ကြပါ။ သူမက ချစ်စဖွယ်အမူအရာကလေးဖြင့် လက်ညှိုးကလေးတစ်ချောင်းထောင်ကာ

"ယုံကြည်က ပိုချစ်တာပေါ့၊ ပိုပြီးတော့လည်း အနွံတာခံ၊ အနစ်နာခံပါတယ်"

ဟု ဦးအောင်ဖြေ၏။ သူက ညို့ငင်သောအပြုံးဖြင့်

"ကျွန်တော်ကတော့ ကျွန်တော်က ပိုချစ်တယ်လို့ပဲ ဖြေရမှာပဲ၊ ကျွန်တော်က ယောကျ်ားဖြစ်တဲ့အတွက် အစစအရာရာ သည်းခံခွင့်လွှတ်ပေးရတာပေါ့ဗျာ"

ဟု ခပ်ကြောကြောကလေးဖြေလေသည်။ တခြားမေးခွန်းပေါင်းများစွာကိုလည်း သူတို့နှစ်ယောက် ဖုံးဖုံးဖိဖိဖြင့်ပင် ပရိယာယ်မာယာအပြည့်သုံး၍ တစ်ယောက်ကိုတစ်ယောက် သိပ်ချစ်ခင်နားလည်ကာ အပေးအယူအလျှော့အတင်းမျှကြသော ဇနီးမောင်နှံပုံစံဝင်အောင် ဖြေသွားကြပြီး အင်တာဗျူး ပြီးဆုံးသွားလေသည်။

နှစ်ယောက်သား ပူးပူးကပ်ကပ်ထိုင်ကာ တစ်ယောက်လက်တစ်ယောက်ဆုပ်ကိုင်ထားကြသော ပုံသဏ္ဌာန်အတိုင်း တစ်နာရီကျော်လောက်ထိုင်ခဲ့ကြသည်။ အင်တာဗျူးဆရာတွေ နှုတ်ဆက်ပြီးပြန်သွားတာနှင့် သူနှင့်သူမသည် ပြိုင်တူနီးပါး ဝုန်းခနဲခုန်ထ,ကာ သူမသည် ပေါင်ပေါ်တွင် တစ်ချိန်လုံးမွေ့ရှိ ပွတ်သပ်နေခဲ့ရသော ချွေးနှင့်ကြောင်ကို သူ့ဆီသို့ ပစ်ပေါက်ပစ်လိုက်သည်။

"တော်တော် သရုပ်ဆောင်ကောင်းတဲ့ ယောကျ်ားမာယာကတော့ အပြည့်ပဲ၊ နင့် သောက်ချွေးနဲ့ကြောင်ကို နောက်

www.burmeseclassic.com

တစ်ခါ ငါ တကယ် သတ်ပစ်မယ် သိလား"

ဟု သူမက အော်ကာ အပေါ်ထပ်သို့ တဒုန်းဒုန်း ပြေးတက်လာခဲ့သည်။

"သတ်ရဲသတ်ကြည့်စမ်း၊ မင်း ဘာဖြစ်သွားမလဲ သိစေရမယ်"

သူကလည်း ပြန်၍အော်လေသည်။



## အခန်း (၂)

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၆)

ပထမတော့ ပြဿနာကလေးများမှာ ဘာမဟုတ်သည့် အသေးအဖွဲကလေးများသာ ဖြစ်သည်။ အိမ်ထောင်သက် တဖြည်းဖြည်းရင့်လာသည်နှင့်အမျှ ပြဿနာများသည် တစ်စထက်တစ်စကြီးထွားရှင်သန်လာခဲ့လေသည်။

ကံဆိုးသည်က သူမတို့ နှစ်ယောက်စလုံးသည် ဆတ်ဆတ်ထိမခံတတ်သော၊ အကြောမခံတတ်သော၊ ယှဉ်ပြိုင်ချင်စိတ်ပြင်းထန်သော၊ မာနကိုအထိပါးမခံချင်တတ်သော အကျင့်စရိုက်များသည် ထူးထူးခြားခြားပင် တိုက်ဆိုင်တူညီနေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

တစ်ခါတစ်ရံဖြစ်သောပြဿနာများဆိုလျှင် အကြောင်းရှာ၍ပင်မရနိုင်လောက်အောင် တကယ့်ကိုအသေးအဖွဲကလေးများဖြစ်သည်။ သို့သော် နှစ်ယောက်စလုံးက အလွန်စိတ်ဆတ်ကာ တုံ့ပြန်ချက်ကမြန်တတ်သဖြင့် ထစ်ခနဲဆို ပြဿနာကဖြစ်ပြီးနေပြီ။ စိတ်မထိန်းနိုင်ခင်မှာပင် တုံ့ပြန်ပြီးနေပြီ။

သို့သော် လူရှေ့သူရှေ့တွင် ဟန်လုပ်သရုပ်ဆောင်သည့်နေရာမှာလည်း သူတို့နှစ်ယောက်လုံး သူမတူအောင် ပြိုင်ဖက်ကင်းကြလေသည်။ နောက်ကွယ်တွင် သူတို့နှစ်ယောက် ဘယ်လိုပြဿနာတွေပင်ရှိလင့်ကစား၊ ပရိသတ်ရှေ့၊ ကန်မရာရှေ့ရောက်လျှင် သူတို့နှစ်ယောက်လောက်ချစ်နိုင်သောသူ ကမ္ဘာပေါ်တွင်မရှိလောက်အောင် အလိုလို သရုပ်ဆောင်ပြီးဖြစ်သွားလေသည်။

အိမ်ထောင်ကျပြီးချိန်မှစ၍ နှစ်ယောက်၏ မတူညီသောအကျင့်စရိုက်ကလေးတွေကြောင့် ပဋိပက္ခကလေးတွေရှိခဲ့ကာ တစ်ယောက်ကိုတစ်ယောက် အမြင်ကတ်သောစိတ်၊ အရင့်အကြောမခံလိုစိတ်လောက်သာ ရှိခဲ့ပေမယ့် အိမ်ထောင်ဖက်နှစ်နှစ်ကျော်လာချိန်တွင်တော့ ညှိမရနိုင်သောပြဿနာတစ်ခုကို သူမတို့စတင်၍ ရင်ဆိုင်ရတော့သည်။

အိမ်ထောင်သက်နှစ်နှစ်အတွင်းမှာတော့ ပြဿနာအသေးအဖွဲကလေးများနှင့် ရန်ဖြစ်လိုက်၊ ပြန်တည့်သွားလိုက်သော စက်ဝိုင်းထဲတွင်လည်ပတ်ကာရှိခဲ့သည်။

ပြဿနာစတင်သည်က ညတစ်ညမှာဖြစ်၏။

"သည်း၊ ကိုယ်တို့ ကလေးယူကြရအောင်ကွာ"

ဟု သူကပြောတော့ သူမက ဆတ်ခနဲပင်တုန်သွားကာ ကိုယ်ခန္ဓာကိုမတ်လိုက်ကာ

"အို၊ မယူချင်ပါဘူး၊ ကလေးတစ်ယောက်မွေးဖို့ ဗိုက်ကြီးကပူရဦးမယ်၊ ကလေးမွေးပြီးရင်အလှကပျက်ဦးမှာ၊ သည်းတို့က လှနေမှ ပရိသတ်ကချစ်တာလေ၊ တစ်နေ့တစ်နေ့ဘယ်လိုလှအောင်ပြုပြင်ထိန်းသိမ်းနေရသလဲဆိုတာ ဟန်နီ အသိပဲ၊

ကလေးလိုချင်ရင် မွေးစားလိုက်ကြမယ်လေ မကောင်းဘူးလား"







www.burmeseclassic.com

www.burmeseclassic.com

ဟု ပြောလိုက်သည်။ သူက

"မကောင်းပါဘူးကွာ၊ ကိုယ့်သွေးသားအရင်းအချာကိုပဲ လို ချင်တာပေါ့"

ဟု ဖွင့်ပြော၏။ သူမက သူ့ကို စူးလက်သောမျက် လုံးများဖြင့် စိုက်ကြည့်ကာ

"ဟန်နီက သည်းရဲ့အောင်မြင်ကျော်ကြားမှုတွေကို မှိန်ဖျော့ သွားအောင် လုပ်ချင်လို့ ကလေးမွေးခိုင်းနေတာလား"

ဟု ရုတ်တရက်မေးလိုက်လျှင် သူ စိတ်ပိုဆိုးသွား တော့၏။

"ဘာဆိုင်လဲ၊ ဘာတွေလျှောက်ပြောနေတာလဲ၊ မင်းပဲ မိခင် ကောင်းတစ်ယောက် ဖြစ်ချင်တယ်လေး ဘာလေးနဲ့ ဘယ် ပါးစပ်ကြီးနဲ့ ပြောခဲ့တာလဲ၊ ကလေးမွေးတာနဲ့ အောင်မြင် မှုလျော့သွားမယ်လို့ ဘယ်သူပြောလဲ"

"ဒါဖြင့် ရှင် မွေးပါလား၊ ရှင် ဗိုက်ကြီး ကြီးပါလား"

"မရလို့ပေါ့ကွ၊ အပိုတွေပြောမနေနဲ့၊ ငါ မွေးလို့မရလို့၊ ရရင် မွေးပြီးတာကြာပြီ"





"အပိုတွေ ပြောမနေနဲ့၊ မမွေးနိုင်သေးဘူး၊ ဒီလောက် လျှမ်း လျှမ်းတောက် အောင်မြင်နေတဲ့အချိန်၊ ပရိသတ်က အရမ်း အားပေးချစ်ခင်နေတဲ့အချိန်မှာ ကလေးမွေးလိုက်ရရင် ပရိ သတ်နဲ့ကင်းကွာအဆက်ပြတ်သွားမှာပေါ့၊ သူမို့ ခိုင်းရက် တယ်၊ သူများ အောင်မြင်နေတာကို မနာလို ဖြစ်နေသလား မသိဘူး၊ ဘယ်လိုနည်းနဲ့ အောင်မြင်မှုတွေလျော့ပါးသွား အောင်လုပ်ရမလဲဆိုတာပဲ တွေးနေသလား မသိဘူး"

"ဟာ မင်း စကားပြောတာကြည့်ပြောနော်၊ မင်းကို ငါက ဘာလို့ မနာလိုဖြစ်ရမှာလဲ၊ မင်းမို့ အရှက်မရှိ ဒီစကား တွေ ပြောထွက်ရက်တာ၊ မိခင်စိတ်မရှိတဲ့မိန်းမစိတ်ဓာတ် က ဘယ်လောက်အောက်တန်းကျသလဲလို့"

သူ့စကားကြောင့် သူမ ဆတ်ဆတ်ခါနာသွားလေ သည်။

"ဘာ အောက်တန်းကျတာလဲ၊ နှင်သာ အောက်တန်းကျ တာ၊ သွား၊ နှင်နဲ့ငါဖက်ပြီးစကားမပြောနိုင်ဘူး၊ တစ်ကိုယ် ကောင်းဆန်တဲ့ ယောကျ်ား၊ အတ္တကြီးတဲ့ယောကျ်ား၊ သူ



www.burmeseclassic.com

 www.burmeseclassic.com 

လိုချင်တာပဲ သိတယ်၊ သူများဖက်ကို ဘယ်တော့မှ ငဲ့ညှာပြီးမတွေးဘူး၊

ငါ သိတယ်၊ ငါက နင့်ထက်ပိုပြီးအောင်မြင်နေတာကို နင် မနာလိုမရှုစိမ့်ဖြစ်နေတာ၊ ဒါကြောင့် ငါ့ကို ကလေးမွေးခိုင်းပြီး အနုပညာလောကနဲ့ အဆက်ဖြတ်ခိုင်းနေတာ၊ ငါ မသိဘူးများမှတ်နေလား"

သူမသည် ပြောရင်းပြောရင်း ဒေါသထွက်လာကာ စိတ်ဆိုးမာန်ဆိုးဖြင့် အခန်းထဲမှထွက်ကာ အိမ်ပေါ်မှဆင်းခဲ့သည်။ မေမေတို့အိမ်သို့ ခဏပြန်ဖို့ဆုံးဖြတ်ကာ ပေါ်တီကိုအောက်မှာ အသင့်ရပ်ထားသော သူမကားပေါ်သို့ တက်လိုက်လေသည်။ ဒေါသထွက်နေချိန်မို့ ဒီအိမ်မှာ သူနှင့်အတူဆက်နေလျှင် တစ်ညလုံးပေါက် ရန်ဖြစ်ရဖို့သာရှိသည်။ သူ့ကိုနာအောင် အားပါးတရပြောပစ်ခဲ့ပြီမို့၊ အနိုင်ပိုင်းကာ ခဏရှောင်နေမည်။

ကားကို ဘက်(ခ်)ဂီယာသွင်းကာ နောက်သို့ဆုတ်လာခဲ့သည်။ ဘယ်အချိန်ကဘယ်လို အိမ်ထဲမှထွက်ပြေးလာသည် မသိသော ခွေးကလေး သူမ ကားဘီးအောက်သို့ ပြေးဝင်လာသည်ကို မမြင်မိ။

တံခါးပိတ်ဖို့လိုက်လာသော မိအေးက

"မမ၊ မမ"

ဟု ပြေးလာပြီး ကားနားရောက်မှ

"မမ၊ ပိ(စ်)ကို ကားကြိတ်မိပြီ"

ဟု အော်လိုက်သည်။ သူမ လန့်ပြီး ကားဘရိတ်ကို နင်းချလိုက်၏။

"ဘာ၊ တိုက်မိပြီလား၊ သေပြီလား၊ ကြည့်စမ်း မိအေး၊ ဒုက္ခပါပဲ ဒီခွေးကတော့ ပြဿနာရှာပြန်ပြီ"

သူမ ကားပေါ်မှ ဆင်းလိုက်သည်။ မိအေးက ကားဘီးအောက်မှ ခွေးကလေး ကို ပွေ့ယူလာကာ တရှုံ့ရှုံ့ ငိုချေပြီ။

"သေပြီ မမ၊ လှုပ်ကိုမလှုပ်တော့ဘူး၊

လေးက ကျွန်မနဲ့ ခုနကလေးတင် ကစားနေတာ၊ မမကို တံခါးလိုက်ဖွင့်ပေးတုန်း သူ ပြေးထွက်သွားတာ မသိလိုက်ဘူး၊ ဒုက္ခပါပဲ၊ အစ်ကိုသိရင်တော့ မိုးအောင် ပေါက်ကွဲပြီ၊ ဘယ်လိုလုပ်ကြမလဲ မမ ဟောင်၊ မိအေး

www.burmeseclassic.com

ကြောက်တယ်၊ ပိ(စ်)လေးက အစ်ကို့ရဲ့အချစ်တော်"

"ဘယ်လိုမှ မလုပ်နဲ့၊ ငါလည်း တမင်လုပ်တာမှ မဟုတ်ဘာ၊ မတက်နိုင်ဘူး၊ စကားမရှည်နဲ့ မိအေး၊ လာ ငါနဲ့လိုက်ခဲ့၊ ခြံနောက်ဖက်က ကုံကော်ပင်အောက်မှာ သူ့ကို သွားမြှုပ်ထားလိုက်၊ ဘယ်သူမှ မသိစေနဲ့၊ နင့်အစ်ကိုမေးလည်း မသိဘူးပဲဘူးခါ၊ ငါလည်း မသိချင်ယောင်ဆောင်နေမယ်၊ သူ လုံးဝ မသိစေနဲ့"

သူမနှင့်မိအေးသည် ခြံနောက်ဖက်ဆီသို့ သူခိုးတွေလို ခိုးကြောင်ခိုးဝှက် လာခဲ့ကြသည်။ မိအေးကို ပေါက်တူးတစ်လက်ဖြင့် တွင်းတူးစေပြီး ခွေးကလေးကို တွင်းထဲမြှုပ်စေကာ မြေပြန်ဖို့ထားလိုက်စေသည်။

"ကဲ ပြီးပြီ၊ သူ ဘာမှမသိဘူး၊ သွား မိအေး၊ ငါ မေမေတို့ဆီကို ခဏပြန်မယ်၊ နင် မလိုက်နဲ့တော့၊ မနော်ကို ငါ ပြန်ခေါ်သွားမယ်၊ သူ ဘာမေးမေး ဘူးသာခါနော်၊ ဘာမှ မသိဘူးပြော၊ ပြဿနာကို ငါဘာသာရှင်းမယ်"

ပြောသာပြောနေရပေမယ့် သူမ တစ်ကိုယ်လုံး တ





ဆတ်ဆတ်တုန်နေလေသည်။ ဒီခွေးကလေးကို သူ ဘယ်လောက်ချစ်တယ်ဆိုတာ သူမ အသိဆုံးဖြစ်သည်။ သူမ လစ်တာနှင့် အိပ်ရာပေါ်ခေါ်တင်ကာ သူ့ရင်ဘတ်ပေါ်တင်ထားတတ်မြဲ။ သူ့ခွေးကလေးကို အမြဲလိုပင် ပွတ်သီးပွတ်သပ်နမ်းရှုံ့ မွေးကြူနေတတ်မြဲ။ အို ဘုယ့်နှယ့်လုပ်ရပါ့။ သူမ စိတ်ရှုပ်ထွေးစွာ သက်ပြင်းကြီးရိုက်ရင်း ကားလီဗာကို တစ်ရှိန်ထိုးနင်းပစ်လိုက်လေသည်။

ခြံတံခါးကို Remote နှင့် လှမ်းဖွင့်လိုက်ပြီးနောက် ကားကိုတရကြမ်းဆက်မောင်းထွက်လာခဲ့သည်။

မေမေ့ဆီရောက်လျှင် မေမေက တအံ့တသြကြိုဆိုမည်။ ဘာဖြစ်လာသလဲမေးလျှင် ဘယ်လိုဖြေရပါ့။ သူနှင့်သူမ အိမ်ထောင်ဦးအစကတည်းက တကျက်ကျက်အမြဲဖြစ်ခဲ့ကြတာ၊ မတည့်အတူနေနေကြတာ၊ ပရိသတ်ရဲ့ချစ်ခင်မြတ်နိုးမှုနှင့် သနားကြင်နာမှုကို အပြိုင်အဆိုင်လိုချင်ကြတာ မေမေ သိပြီးဖြစ်သည်။ နှစ်ယောက်စလုံး သရုပ်ဆောင်ကောင်းတာလည်း မေမေ အသိဆုံး။

"သမီးတို့ ရန်ဖြစ်ကြပြန်ပြီ မေမေ၊ သူက သမီးကို ကလေး


www.burmeseclassic.com

www.burmeseclassic.com



တွေမွေးစေချင်တယ်၊ ဒါ သမီးကို အနုပညာလောက ကနေ ပညာသားပါပါနဲ့ ကန်ထုတ်ပြီး သူတစ်ယောက်တည်း ပရိသတ်ရဲ့မေတ္တာကို သိမ်းကြုံးပြီးလိုချင်လို့ပေါ့မေမေ"

ဟု သူမ တိုင်တန်းဖို့တွေးထား၏။

□□□

BURMESE CLASSIC .com

ညက တစ်ညလုံး သူ အိပ်၍မရချေ။ သူမကို ဒေါသထွက်၊ စိတ်ဆိုးနေသည်။ ပဋိပက္ခကလေးပေါင်းများစွာသည် သူတို့အိမ်ထောင်သက်တမ်းတစ်လျှောက်မှာ ရိုးစင်းနေခဲ့ပြီမို့ အံ့ဩစရာမရှိ။ ရန်ဖြစ်ရင်း၊ တစ်ယောက်ကိုတစ်ယောက် အပြန်အလှန် ဦးသူကချောက်ချစတမ်း လှည့်စားချောက်ချရင်း၊ ပြန်တည့်ကာရယ်မောကြရင်း သံသရာလည်နေခဲ့တာ အိမ်ထောင်သက်တမ်း နှစ်နှစ်ကျော်ခဲ့ပြီ။

သူတို့နှစ်ယောက်စလုံး ရုပ်ရှင်လောကတွင် ထိပ်ထိပ်ကြဲအောင်မြင်ကာ ပြည်သူတွေရဲ့အသည်းနှလုံးဖြစ်ခဲ့ကြခြင်းသည် သူတို့၏အိမ်ထောင်ရေးဘဝတွင် ဇရာမတံကိုင်းကြီးတစ်ခု





www.burmeseclassic.com

www.burmeseclassic.com

ဖြစ်လာလိမ့်မည်ဟု သူ ဘယ်တုန်းကမှ မမျှော်လင့်ခဲ့မိ။ သူတို့နှစ်ယောက်စလုံး ပြည်သူတွေရဲ့ချစ်ခင်အားပေးမှုဖြင့် အောင်မြင်မှုသရဖူကိုဆောင်းထားနိုင်ကြသည်ဖြစ်ရာ ပြည်သူပရိသတ်က ပိုချစ်ပြီးရင်းချစ်တာကိုပဲ ခံယူချင်လျက် ပို၍ပို၍လောဘကြီးလာခဲ့တာဖြစ်သည်။ ပရိသတ်ရဲ့မေတ္တာကို သူရော သူမပါ အာသာငမ်းငမ်း၊ အပြိုင်အဆိုင် ငတ်မွတ်တောင့်တဆာလောက်မွတ်သိပ်၏။ ရပြီးရင်းပိုရချင်၏။ ပရိသတ် ငြီးငြင်သွားမှာ၊ မေတ္တာလျော့သွားမှာကို လုံးဝ မလိုလား။ ထိုစိတ်ဓာတ်များကြောင့်ပင် သူတို့နှစ်ယောက် အပြိုင်အဆိုင်ကြိုးစားခဲ့ကြသည်။ လင်မယားသာဖြစ်ပေမယ့် အနုပညာနှင့်ယှဉ်လာလျှင် ပရိသတ်ချစ်ခင်မြတ်နိုးမှုကိုယှဉ်ပြိုင်လာလျှင် သူတို့ ဘယ်တော့မှ အလျှော့မပေးခဲ့ကြ။

သူတို့ အမြဲတကျက်ကျက်ရန်ဖြစ်ခဲ့သမျှ ပရိသတ်ရှေ့ရောက်တိုင်း ချစ်စဖွယ်အမူအရာမျိုးစုံဖြင့် ဖုံးဖိလျှို့ဝှက်ထားခဲ့ကြ၏။

အခုတစ်ခါ ပဋိပက္ခကတော့ ဖုံးဖိလျှို့ဝှက်ထားနိုင်ပါဦးမလား။ သူက ကလေးတွေကိုချစ်သည်။ ခွေးကလေး၊ ကြောင်ကလေးတွေကိုချစ်သည်။ အခုဆို သူ့ကိုယ်ပိုင်သားသမီးကလေးတွေကို အရူးအမူးလိုချင်သည်။ သူမက သူ့ဆန္ဒကို အထင်အမြင်လွဲစွာယူဆ၏။

တစ်ညလုံး ထိုပြဿနာကို အလူးလူးအလိမ့်လိမ့်တွေးကာ သူ အိပ်မပျော်ခဲ့။ သူမ စိတ်ဆိုးပြီး ကားနှင့်ထွက်သွားတာ ပြန်ပင်မလာ။ သူမ ဘယ်ကိုသွားမလဲဆိုတာ သူ ကောင်းစွာသိပါသည်။ ထုံးစံအတိုင်း ရန်ဖြစ်ပြီးလျှင် သူမက အမေအိမ်သို့ဆင်းမြဲ။ ပြီးလျှင် ဘာမှမဖြစ်သလို သူမဘာသာ ခပ်တည်တည်ပြန်တက်လာမြဲ။ မျက်နှာကိုမော့ချီကာ

"ပြန်တက်ချင်လို့ ပြန်တက်လာတယ် မထင်နဲ့၊ ဒီအိမ်ဟာ ငါနဲ့ တစ်ဝက်ဆိုင်တယ်၊ နင်နဲ့ငါ စပ်တူဝယ်ထားတာ၊ နင် တစ်ယောက်တည်း မောင်ပိုင်စီးလို့ မရဘူး မှတ်ထားလိုက်ပါ"

ဟူသောစကားကို ပုံသေနည်းရွတ်သလို ရွတ်ဆိုမြဲ။ လွန်ခဲ့သောနှစ်နှစ်က သူတို့စပ်တူဝယ်ခဲ့သော ထိုအိမ်ကြီးသည် အခုအချိန်တွင် သိန်းနှစ်ထောင်ကျော်ဈေးပေါက်နေပေပြီ။ ဒါကို

www.burmeseclassic.com



လည်း သူမက အမြဲ ဂုဏ်ယူမြဲ။ သူမ ရာတွေ့ခဲ့သောအိမ် ဟု အမြဲပြောတတ်သည်။

အဲ့ဒါတွေ ထားပါတော့လေ။ သူ ငေါင်စီစီဖြင့် အခန်းထဲမှထွက်လာခဲ့ပြီး ထမင်းစားခန်းထဲသို့ဝင်လာခဲ့သည်။ စားဖိုမှူးက နံနက်ခင်းစာအသင့်ပြင်ဆင်ထားပြီးပြီ။ သူ မှေးဘင်ချာချာဖြင့် တစ်ယောက်တည်းထိုင်ဆဲ ထုံးစံအတိုင်းပြေးလာနေကျ သူ့အချစ်တော် ပိ(စ်)နဲ့ ဆွိတီ နှစ်ကောင်စလုံးမလာဘဲ ဆွိတီတစ်ကောင်သာ ညောင်ခနဲ အော်ကာ သူ့ပေါင်ပေါ်သို့ ခုန်တက်လာသည်။

"ပိ(စ်)ရော ဆွိတီ၊ ပိ(စ်)၊ ပိ(စ်) ဘယ်လျှောက်သွားနေလဲ၊ ပိ(စ်)၊ ပိ(စ်)"

သူ ပိ(စ်)ပျောက်နေတာကို ထူးဆန်းစွာဖြင့် တစ်အိမ်လုံးအနှံ့လျှောက်ရှာသည်။ တစ်ခါမှ ခုလို ပိ(စ်) မပျောက်စဘူး။

"မိအေး၊ ပိ(စ်ငေ)ရော၊ ပိ(စ်) တွေ့မိလား"

"တွေ့ဘူး အစ်ကို"



မိအေးက ခေါင်းကို တွင်တွင်ခါယမ်း၏။ သူ့စိတ်ထဲ စနောင့်စနင်းဖြစ်သွား၏။

"ပိ(စ်)၊ ပိ(စ်)၊ ဟာ ဒီကောင် ဘယ်လျှောက်သွားနေတာလဲကွာ၊ ပိ(စ်)၊ ပိ(စ်)"

ခြံထဲသို့ ဆင်း၍ရှာသည်။ မတွေ့။ တော်တော်ထူးဆန်းနေပြီ။ သူ့ ရင်တွေ တထိတ်ထိတ်ခုန်လာ၏။ ချွေးတွေ သူ့တစ်ကိုယ်လုံးချွဲနစ်လာသည်။

"အစ်ကို၊ ရုံးတင် သွားရတော့မယ်"

သူ့တပည့်ကောင်လေး လာသတိပေးသည်ကို သူ ကန့်ပစ်လိုက်၏။

"သွားစမ်းကွာ၊ ငါ ပိ(စ်)ကို မတွေ့မချင်း ရုံးတင်မသွားဘူး ဟေ့ကောင်၊ မင်းတို့အားလုံး ဝိုင်းရှာစမ်း၊ တစ်အိမ်လုံးကို ရှိတဲ့လူတွေ ဘာအလုပ်မှ မလုပ်ကြနဲ့၊ ငါ့ချွေးကလေးပဲ ဝိုင်းရှာပေးကြ"

သူ အော်ပစ်လိုက်သည်။ တစ်ခြံလုံးမှာ ပိ(စ်)၊ ပိ(စ်) သံတွေသာ ဆူညံနေဆဲ၊ သူမ ကား ခြံထဲသို့ဝင်လာသည်ကို သူ

www.burmeseclassic.com

www.burmeseclassic.com



တွေ့ရသည်။ သူ သူမထံသို့ တစ်ဟုန်ထိုးပြေးသွားကာ

"သည်း၊ မင်း ပိ(စ်)ကိုများ ခေါ်သွားသလား"

ဟု အလောတကြီးမေးလိုက်သည်။ သူမက Calvin Klein မျက်မှန်မည်းကို နဖူးပေါ်သို့လှန်တင်လိုက်ရင်း တအံ့တသြ ဟန် မျက်လုံးများကိုဝိုင်းကာ ပခုံးကိုတွန့်ပစ်လိုက်သည်။

"ပေါက်ပေါက်ရာရာ၊ ကြံကြံဖန်ဖန်၊ ကျွန်မက အဲ့ဒီခွေး ကို ခေါ်သွားစရာလား၊ ဘယ်သိပါ့မလဲ၊ ရာရာစစ"

သူက သူမကို စူးရှစွာစိုက်ကြည့်သည်ကို သူမ မခံ မရပ်နိုင်ဖြစ်သွား၏။

"ရှင်နော်၊ ကျွန်မကို အဲ့ဒီလို မကြည့်နဲ့၊ အဲ့ဒီ အကြည့်ကို ကျွန်မ သိတယ်၊ ပြဿနာရှာတဲ့အကြည့်"

BURMESE CLASSIC .com

"မင်း မျက်လုံးတွေကို ငါ ကောင်းကောင်းသိတယ် ယုံ ကြည်၊ မင်း တခြားလူတွေကိုသာ လိမ်လို့ရမယ်၊ ငါ့ကို တော့ လိမ်လို့မရဘူး။ ငါ သိတယ်၊ မင်း ပိ(စ်)ဘယ်မှာလဲ ဆိုတာကိုသိတယ်၊ မင်း ပိ(စ်)ကို တစ်ခုခုလုပ်ထားတယ်၊ ပြောစမ်း ငါ့ကို"





သူက ပြူးတူးပြဲတဲ အမောတကော ပြောနေသော အခါ သူမ ဆက်၍လိမ်ညာလို့မရနိုင်မှန်း သဘောပေါက်လာ သည်။

ထို့ကြောင့် လျှာကိုတစ်လစ်ထွက်ကာ မျက်လုံးကို ပြူးပြီး အသံမထွက်ဘဲ "သေပြီ" ဟု ပြောပစ်ခဲ့ကာ သူ ဘာမှ မလုပ်နိုင်ခင် သူမ ဦးအောင်ထွက်ပြေးခဲ့လေသည်။ လှေခါးတွေကို တဒုန်းဒုန်းပြေးတက်ရင်း သူမ မောကြီးပန်းကြီးဖြင့် အခန်းထဲသို့ ဦးအောင်ဝင်ကာ အခန်းတံခါးကို ဒုန်းခနဲဆောင့်ပိတ်ပစ်လိုက် သည်။

သူ ရှော့(ခ်)ရသွားပြီးမှ သူမ နောက်သို့ ကမူးရှူး ထိုးပြေးလိုက်လာခဲ့သည်။

"မေယုံကြည်၊ မင်း ပြောတာ တကယ်လား၊ ပိ(စ်) တကယ် သေပြီလား၊ မင်း ဘာလုပ်ပစ်လိုက်တာလဲ၊ ဟင် မင်း တော့် တော်ရက်စက်တဲ့မိန်းမ၊ တော်တော်လုပ်ရက်တဲ့မိန်းမ၊ မင်း ကိုငါ ပြန်သတ်မယ်၊ တံခါးဖွင့်ပေးစမ်း၊ ဖွင့်စမ်း"

သူ တံခါးကို တဝုန်းဝုန်းထုကာ မြိုးခိုင်းကြိ



www.burmeseclassic.com

www.burmeseclassic.com



သောင်းကျန်းလျက်ရှိသည်ကို စားဖိုမှူးကြီးနှင့်တကွ ကျန်မိန်းက လေးငါးယောက်တို့က လှေခါးထစ်တွေမှာ အသီးသီးရပ်ရင်း ပွဲကြည့်ပရိသတ်များပမာ အထိတ်တလန့် တအံ့တသြ မော့ကြည့်နေကြလေသည်။

သူ ဟံခါးကို ကိုယ်ခန္ဓာဖြင့် ပစ်ပစ်ပြီး ဝင်တိုက်လျက်ရှိသည်။

"ဖွင့်စမ်း၊ ဖွင့်စမ်း၊ ဖွင့်ဆိုဖွင့်စမ်း၊ ငါ့ရဲ့ပိ(စ်)လေးကို သတ်ပစ်တဲ့မိန်းမ၊ မင်းကို ငါ တစ်ခုခုလုပ်ရမှ ကျေနပ်မယ်"

"ဘယ်တတ်နိုင်မှာလဲ၊ ကျွန်မ တမင်လုပ်တာမှ မဟုတ်တာ၊ ရှင့်ခွေးက သူ့ဘာသာသူ ကျွန်မရဲ့ ကားဘီးအောက်ထဲ ပြေးဝင်တာ၊ ကျွန်မ မမြင်ဘူး၊ မိအေးမြင်တာ၊ ကျွန်မ သူ့ကို ခြံနောက်ဖက်ကကုံကော်ပင်ကြီးအောက်မှာ ကောင်းကောင်းမြေမြှုပ် အသုဘချပေးခဲ့တယ်၊ သူ့ ခွေးဘဝက ကျွတ်သွားတာကို ရှင်စိတ်ဖြေပေါ့"

"မဖြေဘူးကွ၊ မဖြေဘူး"

သူ ဝုန်းဒိုင်းကြဲနေဆဲ ခြံဝမှာ ကားဟွန်းသံတွေ



တတီတီကြားရသည်။ မိအေးက ဖျတ်ခနဲပြေးထွက်သွားပြီး ခြံတံခါးကိုသွားဖွင့်၏။ ကားသုံးစီး တစ်ပြိုင်နက်တည်းဝင်လာတာကို အပေါ်ထပ်ဝရန်တာမှ ထွက်ကြည့်၍မြင်ရသည်။

သူတို့နှင့် အခင်မင်ဆုံး ဒါရိုက်တာတွေနှင့် မင်းသမီးတချို့၊ ပန်းစည်းတွေဖြင့် အိမ်ထဲသို့ဝင်လာကြသည်ကို သူ အပေါ်ထပ်ဝရန်တာမှ ငုံ့ကြည့်နေမိသည်။ ဒါရိုက်တာ ကိုယုတိုက ရောမကိတ်မုန့်ကြီးတစ်လုံး သယ်လာ၏။

"HAPPY BIRTHDAY TO မယုံကြည်၊ HAPPY BIRTH-DAY TO YOU"

BURMESE CLASSIC .com

ဆိုသောသီချင်းကို သံပြိုင်ဆိုလာကြသည်။ ကြည့်စမ်း၊ ဒီတော့မှ ဒီနေ့ သူမ အသက်နှစ်ဆယ့်လေးနှစ်မြောက်မွေးနေ့မှန်း သူ သတိရ၏။ အောက်ထပ်မှလူတွေက အပေါ်ထပ်သို့တက်လာသည်။

"ဘာလုပ်နေကြတာလဲ၊ ယုံယုံ ဘယ်မှာလဲ၊ မွေးနေ့ရှင်၊ ကိုယ်မွေးနေ့တောင်ကိုယ် မမှတ်မိတော့တာလား၊ မွေးရ မွေးရမှာစိုးလို့ ပုန်းနေတာလား၊ ယုံယုံ HAPPY BIRTH-

www.burmeseclassic.com

www.burmeseclassic.com



DAY"

သူမသည် တံခါးကို အသာလေးဟ,ကာ ချောင်းလိုက်သည်။ အနုပညာမောင်နှမတစ်အုပ်ကြီးရှေ့မှာတော့ သူ ဘာမှမလုပ်တန်ရာဟု တွေးသောကြောင့် သူမက ပြုံးပြုံးရွှင်ရွှင်ကလေးပင် ရင်ကော့၍ထွက်ခဲ့၏။ သူ့ကို တစ်ချက်ခိုးစွေကြည့်လိုက်တော့ မျက်နှာက ပြုံးနေပြီး လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ဆုပ်ထားသည်ကို မြင်ရ၏။

"ဟယ်၊ အခုပဲ ဟန်နီနဲ့ တိုင်ပင်နေတာ၊ ဒီနှစ်မွေးနေ့တော့ သိပ်ကြီးကြီးကျယ်ကျယ်မလုပ်တော့ဘူးလို့၊ ဟန်နီနဲ့အတူ ဘုရားတက်မယ်၊ ဒီနေ့ ရှုတင်ကလည်းရှိတော့ ညကျမှပဲ အပေါင်းအသင်းတွေကို SEDONA မှာ ဘူဖေးလိုက်ကျွေးတော့မယ်လို့ စိတ်ကူးထားတာ၊ နော် ဟန်နီ"

"သည်း သဘောပဲလေ"

သူ့အသံက သူမတူအောင် ညင်သာပျော့ပျောင်းနေသည်။ မုန်တိုင်းကြမ်းတမ်းပြီး ချက်ချင်းလေပြည်ညင်းအသွင်သို့ ပြောင်းသွားသဖြင့် စားဖိုမှူးကြီးနှင့် ကောင်မလေးတွေ အလျှိုလျှို





ပျောက်ကွယ်သွားကြ၏။

"ဒါဖြင့် နီးစပ်ရာတွေကို ဖုန်းနဲ့ပဲဖိတ်လိုက်တော့မယ်၊ ဒီည SEDONA မှာ ယုံကြည့်မွေးနေ့ပွဲကလေး ပျော်ပျော်ပါးပါး ကျင်းပလိုက်ကြရအောင်၊ မကောင်းဘူးလား ဟန်နီ"

" OK "

"ကောင်းတယ်၊ ကောင်းတယ်"

တခြားလူတွေက သူတို့နှစ်ယောက်ကြားမှာ ခဏရပ်စဲထားသောမုန်တိုင်းအခြေအနေကို မသိကြသောကြောင့် လက်ခုပ်လက်ဝါးတီးကာ ပျော်နေကြ၏။

"ကဲ ဒါဖြင့် ယုံကြည် ရှုတင်သွားနှင့်တော့မယ်၊ မာမီ ရိုက်ကွင်းကျမှပဲ မိတ်ကပ်လိမ်းတော့၊ မိအေး၊ မနော်၊ အကျီတွေစုပြီလား၊ ကားပေါ်တင်၊ ဆင်းရဲသားခန်းရိုက်နေရတော့ အကျီအကုန်တော့ သက်သာတယ် သိလား၊ ချည်ပွင့်ကလေးတွေ ပိုင်ဟွေပုံစံချည်းဝမ်းဆက်ဝတ်ပစ်လိုက်တယ်၊ ယုံကြည့်ဒီဇိုင်နာက တော်မှတော်၊

ကဲ သွားပြီ ဟန်နီရေ၊ ညနေကျမှ SEDONA မှာ



www.burmeseclassic.com

www.burmeseclassic.com

ဆုံမယ်နော်၊ သံလျှင်မှာသွားရိုက်ရမှာ၊ ဟာန်နီ ရှုတင်က ဘယ်မှာလဲ"

"သုမင်္ဂလာအိမ်မှာ၊ ကိုယ် သည်းကို ဖုန်းဆက်လိုက်မယ်လေ"

သုမက လူတွေရှိနေဆဲအချိန်ကို အခွင့်ကောင်းသံဖွယ် အသုံးချကာ အားလုံးရှေ့မှာ ကြောကြောမော့မော့ကလေး ထွက်သွားတော့သည်။

သူ့ရဲ့မျိုသိပ်ထားရသောဒေါသတွေသသည် ရင်တွင်းမှာ ပြောင်းဆန်ဝုန်းဒိုင်းကြဲကာ ကျန်ရစ်၏။ ဧည့်သည်တွေလည်း ခဏအကြာတွင် နှုတ်ဆက်ပြန်သွားကြလေပြီ။ သူတစ်ယောက်တည်း ကျန်ရစ်။

ကောင်းပြီ။ သူ ဘာလုပ်ရမလဲ။ သုမရဲ့နှလုံးသားကို တည့်တည့်ပြင်းပြင်းရှရှ ထိမှန်အောင် ဘယ်လိုနည်းနဲ့ လုလုပပကလေး လက်စားချေရမလဲ။

ရှုတင်သို့ မသွားသေးဘဲ သူ အကြံထုတ်၏။ သူ တန်ဖိုးထားမြတ်နိုးသော ပိ(စ်)ကလေးကို သုမက သတ်ပစ်ခဲ့လျှင်





သုမ တန်ဖိုးထားမက်မောစုံမက်သောအရာတွေကို သူ ပြန်ပြီးအလျှော်ယူရမည်။ ဟုတ်ပြီ၊ O.K ။

တော်တော်လေးအကြံထုတ်ပြီးသောအခါ သူ ဘာလုပ်ရမည်ကို ကောင်းစွာနားလည်သဘောပေါက်လာခဲ့၏။

အခန်းထဲရှိ အလှပြမှန်ဘီရိုထဲရှိ အရန်နှစ်ရာကျော်သော ဖိနပ်အကောင်းစားမျိုးစုံကို သူ အိတ်ကြီးတစ်အိတ်ထဲသို့ တရဟောစုပြုံထည့်ပစ်လိုက်သည်။ ထို့နောက် သုမ၏အဝတ်ဘီရိုကိုဖွင့်ကာ ဝတ်စုံပေါင်းနှစ်ရာကျော်တို့ကို ချိတ်တွေဖြင့်ချိတ်လျက်သားပင် အကုန်ဆွဲဖြုတ်ယူပြီး အိတ်ကြီးတွေထဲ ထိုးသိပ်ထည့်ပစ်လိုက်သည်။ ထို့နောက် ရေမွှေးပုလင်းပေါင်းများစွာ၊ နှုတ်ခမ်းနီတောင့်များစွာ၊ အလှပြင်ပစ္စည်းပေါင်းများစွာ၊ များစွာ များစွာကို သိမ်းကြုံးထည့်ယူကာ သူ့ကားပေါ်သို့ တစ်ထုပ်ပြီးတစ်ထုပ်ပစ်တင်လိုက်လေသည်။

ကဲ၊ ပြည်သူ့အချစ်တော် မင်းသမီးရေ၊ မင်းကို တစ်တိုင်းပြည်လုံး ချစ်သထက်ပိုချစ်စေရမယ်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၇)

ဖုန်းမြည်သော တီးလုံးကလေးထွက်လာလျှင် နောက်တစ်ခန်းအတွက် အဝတ်အစားလဲရင်းမှ သူမ ကောက်ကိုင်လိုက်၏။ ဖုန်းမှာပေါ်နေသောနံပါတ်က သူ့ဆဲလ်ဖုန်းနံပါတ်မှန်းသိတာနှင့် သူမ ချက်ချင်း ပြန်ပိတ်ပစ်လိုက်၏။ မှတ်ထား။

"ယုံယုံရေ၊ အဆင်သင့်ဖြစ်ပြီလား၊ နောက်တစ်ခန်း ရိုက်မယ်"

ဒါရိုက်တာက လာပြောဆဲ၊ ဒါရိုက်တာရဲ့ ခါးကြား ဆီမှ ဖုန်းမြည်လာသဖြင့် ဖုန်းကောက်ထူးရင်း



www.burmeseclassic.com

www.burmeseclassic.com

"ဟယ်လို၊ ဟာ ကိုသိင်္ဂါ ရလား၊ အမလေး အဖြစ်ကလည်း သည်းပါ့၊ အခုမှ တစ်ကဒ်ပဲ ရိုက်ရသေးတယ်၊ ကျွန်တော့်ကို ရိုက်ရက်ပေးဦးလေ၊ ဘယ်တော့ပေးမှာလဲ၊ ဟား ဟား၊ အိုကေ အိုကေ၊ ကျွန်တော်လာခဲ့ပါ့မယ်၊ ကျွန်တော့်မှာ ဇာတ်အသစ်အဆန်းတွေရှိတယ်နော်၊ အရမ်းမိုက်တယ်၊ အိုကေ အိုကေ၊

ယုံယုံ၊ ကိုသိင်္ဂါ ဆီက၊ ယုံယုံ ဖုန်းပိတ်ထားလို့တဲ့၊ ကိုယ့်ဆီဆက်ပြီးခေါ်ခိုင်းနေတယ်"

ဟု ပြောလေသည်။ သူမက မျက်နှာကို ရှုံ့မဲ့ရင်း

"အဲဒီ ဟန်နီကလည်းလေ၊ သိပ်သည်းတာပဲ၊ ဒီမှာ အလုပ်လုပ်နေတဲ့ဥစ္စာ"

ဟု ခပ်နွဲ့နွဲ့ လျှလျှတလေး ညည်းညူရင်း ဒါရိုက်တာလက်ထဲမှ ဖုန်းကို မယူချင့်ယူချင်ဖြင့် လှမ်းယူလိုက်ရသည်။

"သည်း၊ ဒီမှာ ကိုယ်ပြောတာနားထောင်၊ ကိုယ့် အခု မိဘမဲ့အမျိုးသမီးဂေဟာက ဆက်နေတာ၊ ကိုယ့်သားမှာ စနယ်ဖင်းပပုဂ္ဂိုလ်နှစ်ယောက်ပါတယ်၊ ဦးယုယနဲ့ ဦးခင်မင်





လေ၊ သူ့ဝို့ကိုပါ သတင်းထည့်လို့ရအောင် တစ်ခါတည်း ဝင်ခေါ်လာခဲ့တာ၊ သည်းမွေးနေ့ပေမယ့် သည်း မအားတော့ ကိုယ်ကပဲ သည်းကိုယ်စား ကောင်းမှုကုသိုလ်ကလေးလုပ်ပေးလိုက်တာ၊ ဒီက မိန်းကလေးတွေကတော့ သည်းကို မြင်ချင်ကြတာပေါ့၊ သူတို့က သည်းကို သိပ်ချစ်ကြတာလေ"

"ဟန်နီ ဘာတွေ ပြောနေတာလဲ၊ မိဘမဲ့အမျိုးသမီးဂေဟာမှာ ငွေသွားလှူတာလား၊ အိုး သန့်(ခ်)(စ်)အလော့ ဟန်နီရယ်၊ အရမ်းချစ်ဖို့ကောင်းတာပဲ၊ အဲဒီ စိတ်ကူးဘယ်လိုရသွားတာလဲဟင်၊ အလိုက်သိလိုက်တာ၊ အဲဒါလေးတွေကြောင့် သည်း ချစ်နေရတာ"

"ငွေလည်း လှူခဲ့မှာပါ၊ ပြီးတော့ သည်းရဲ့အဝတ်အစားတွေ၊ ဖိနပ်တွေ၊ ရေမွှေး၊ မိတ်ကပ်၊ နှုတ်ခမ်းနီတွေ အကုန်လှူပစ်လိုက်တာ၊ ဟဲဟဲဟဲ၊ ကျေးဇူးတင်တယ်မှုလား"

"ဘာ"

သူမ လက်ထဲမှ ဖုန်းလွတ်ကျမတတ်ဖြစ်သွားသ



www.burmeseclassic.com

www.burmeseclassic.com

ဖြင့် ကမန်းကတန်းဖမ်းလိုက်ရသည်။

"ဒီမှာ ဦးခင်မင်နဲ့ ဦးယုယက သည်းကို ကွန်ဂရက်ကျူလေးရှင်း(စ်)လုပ်ကြဦးမလို့တဲ့"

"သမီး ယုံယုံ၊ အရမ်း ဂုဏ်ယူလေးစားတယ်ကွယ်၊ ဒါက အမွန်မြတ်ဆုံးအလှူဒါနပါ၊ ဦးတို့ သာခု ခေါ်တယ်နော်၊ မင်္ဂလာဆောင်တွေ၊ ဂျာနယ်တွေမှာလည်း ဝေဝေဆာဆာဖော်ပြပါမယ်၊ တခြားမင်းသမီးတွေလည်း အားကျအတုယူရအောင်ပေါ့၊ ဒါမျိုးက မင်းသမီး ထက်ထက်မိုးဦး လှူလေ့ရှိတယ်၊ သမီးကတော့ ရက်ရက်ရောရောကို မဝတ်ရသေးတဲ့အသစ်တွေပါ လှူတာဆိုတော့"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့၊ သမီး၊ သမီး ဝမ်းသာလွန်းလို့ ဘာပြောရမှန်းတောင် မသိတော့ပါဘူး ဦးရယ်"

သူမ အသံမှာ တုန်တုန်ရင်ရင်ဖြစ်နေသည်။ မျက်လုံးထဲ မျက်ရည်တွေ ဝိုင်းလာသည်။ နောက်ရိုက်မယ့် ရုပ်ရှင်ကားက အလွန်ခေတ်ဆန်သော သူဌေးသမီးခန်းတွေ ရိုက်ရမှာမို့ စက်ပွထိထွက်ပြီး ဝယ်ခဲ့သော ဝတ်စုံအသစ်များ၊ ပြီးတော့ ကြော်ငြာများအတွက်ပါ ထိုင်ဝမ်ရှိကုမ္ပဏီတစ်ခုဆီမှ လှမ်းမှာဝယ်ယူခဲ့သော ဝတ်စုံများ။

အီတာလီဖြစ် ဖိနပ်များ။ နာမည်ကြီး အကောင်းစား ရေမွှေးများ။ မိတ်ကပ်၊ နှုတ်ခမ်းနီများ။ သူမ ဝတ်ပင်မဝတ်ရသေးသော အသစ်စက်စက်ဝတ်စုံများကို မျက်စိထဲ မြင်ယောင်လာသည်။ နမြောတသနေရင်လည်း သူမပဲ ငရဲများရဦးမည်။ တွန့်တိုစေးနည်းရာကျမည်။ သို့သော် အဲ့ဒါတွေကို သူမ ချက်ချင်းဘယ်လိုမှ ပြန်စုဆောင်း၍ အလွန်တကူမရနိုင်။ ကားရိုက်တွေ၊ ကြော်ငြာတွေက အဆင်သင့်အချိန် အရမ်းကပ်နေပြီ။ ဝတ်စုံတွေ၊ ဖိနပ်တွေ သူမ ဘယ်လိုပြန်ပြင်ဆင်ရမလဲ။

သူမကို ဟော့(ထ်)ထိအောင် သူ ထမင်လုပ်မှန်း သူမတစ်ဦးတည်းသာလျှင် အသိဆုံးဖြစ်သောကြောင့် သူမဘာသာကြိတ်ပြီးမခံချိမခံသာဖြစ်နေရသည်။ ထိုမခံချိမခံသာဖြစ်နေတာကိုလည်း လူမသိအောင် ဟန်ဆောင်ဖုံးဖိထားရသည်။ ရင်တွင်းမှာ ဗလောင်ဆူပွက်နေသည်။ တလှိုက်လှိုက်စားနေသည်။

ငွေဖြင့်ဝယ်ခဲ့တာဖြစ်သော်လည်း ငွေဖြင့်ပြန်လဲ







www.burmeseclassic.com

www.burmeseclassic.com

လှယ်ယူ၍မရသော၀ပစ္စည်းများ။

သူမသည် ရိုက်ကွင်းထဲတွင် အာရုံ၀င်စားအောင် မနည်းပင် ကြိုးစားအားထုတ်နေရသည်။ မှုတွေအားလုံးရှေ့မှာတော့ အမြဲတလူလူဖြင့် ဘာမှမဖြစ်သယောင် ဟန်ဆောင်ထားရသည်။ ညနေ ရိုက်ကွင်းဖြုတ်တာနှင့် သူမသည် အိမ်သို့ တစ်ဟုန်ထိုးပြန်လာခဲ့သည်။ လှေခါးများကို တစုန်းစုန်းဖြတ်ကျော်ပြေးတက်ကာ အပေါ်ထပ်အိပ်ခန်းဆီသို့ တရုန်းသုန်းကားပြေး၀င်ခဲ့၏။

အလှပြထားသောမှန်ဘီရိုထဲတွင် သူမ၏ အမြတ်နိုးဆုံး၊ အစုံမက်ဆုံးသော ဖိနပ်တွေ တစ်ရုံမှပင်မကျန်တော့အောင် ပြောင်သလင်းခါလျက်ရှိသည်။ နံရံကပ်အ၀တ်ဘီရိုတွေကို တဝုန်းဝုန်းဆွဲဖွင့်သွားစဉ် သူမရဲ့အင်္ကျီအ၀တ်အစားတွေ တစ်ထည်တလေကလေးပင် မကျန်ချေ။ သူမ၏ ကိုယ်ပေါ်မှာ၀တ်ထားသော အ၀တ်အစားနှင့် ဒီနေ့ရိုက်ကွင်းကိုယူသွားသော ဆင်းရဲသားခန်းရိုက်သည့် ချည်ထည်၀တ်စုံကလေးတွေသာ ကျန်သည်။ အသစ်စက်စက် မ၀တ်ရသေးသော ၀တ်စုံအသစ်တွေ အကုန်ပြောင်ပြီ။

မှန်တင်ခုံကြီးပေါ်မှာ တခမ်းတနား လှပခမ်းနားစွာ





ပြင်ဆင်အလှပြထားသော မိတ်ကပ်ပစ္စည်းများ၊ Skin care ပစ္စည်းမျိုးစုံ၊ နှုတ်ခမ်းနီဗူးများ၊ ပုလင်းပေါင်းရာကျော်သည့် ရေမွှေးပုလင်းများ ဘာမှမကျန်တော့ချေ။

"အမလေး၊ ကုန်ပြီ၊ ကုန်ပြီ၊ သိဂ်္ဂါရ လုပ်ချလိုက်ပြီ၊ လုပ်ချလိုက်ပြီ"

သူမ တစ်ယောက်တည်း ရှူးရှူးရှားရှားတွေဖြစ်လျက်ရှိသည်။ လက်ထဲမှ ဆဲလ်ဖုန်းဖြင့် သူ့ဖုန်းဆီလှမ်းခေါ်လိုက်သည်။ ဖုန်းခေါ်သံမြည်နေပြီးမှ သူမ ဖုန်းမှန်းသိတာနှင့် ပြန်ပိတ်လိုက်တာကို ခံရ၏။ ဒါ လက်စားချေတာ။ သင်း၊ ငါ့ကို လက်စားချေတာ။

ညနေခြောက်နာရီကျော်လောက်ထိ သူ အိမ်သို့ပြန်ရောက်မလာ။ သူမဆီသို့ တခြားသူများဆီမှ ဖုန်းတွေဆက်တိုက်၀င်လာသည်။

"မွေးနေ့ရှင် မလာသေးဘူးလား၊ လာတော့လေ၊ ဒီမှာ SEDONA မှာ လူတွေစုံနေပြီ၊ မွေးနေ့ရှင်က ရောက်ကျနေပြီ၊ အမြန်လာတော့လေ"



www.burmeseclassic.com

www.burmeseclassic.com

စသဖြင့် လှမ်းခေါ်နေကြပြီ။ သူမ ဖုန်းကို ခုတင်ပေါ်လွှင့်ပစ်ကာ

"ဝတ်စရာလည်း မရှိဘူး၊ မိတ်ကပ်ပြင်စရာလည်းမရှိဘူး၊ ရေမွှေးလည်း မရှိဘူး၊ ဘယ်လိုသွားမှာလဲ"

ဟု တစ်ယောက်တည်း အော်ဟစ်လိုက်သည်။ မသွားလို့ကတော့ မဖြစ်တော့။ လုပ်ဖော်ကိုင်ဖက် အပေါင်းအသင်းတွေကို မနက်က သူမ ကိုယ်တိုင်ဖုန်းဖြင့်ဖိတ်ထားခဲ့တာဖြစ်သည်။ စာနယ်ဇင်းတချို့လည်းပါသည်။ သူမ မသွားလျှင် ထိုသူအားလုံးကို စော်ကားရာကျမည်။

သူမ၏ ဒီဇိုင်နာ အနှင်းက

"ယုံယုံရယ်၊ ဖက်ရှင်ဆိုင်တစ်ဆိုင်ဆိုင် ဝင်ပြီးတော့သာ ဝယ်ဝတ်လိုက်တော့၊ မတတ်နိုင်ဘူး၊ မိတ်ကပ်ပြင်ဖို့က မာမီပြန်လာလိမ့်မယ်၊ သူလည်း မွေးနေ့ပွဲရှိတာ သိတာပဲ"

ဟု ဖျောင်းဖျ၏။

"နေပစေ၊ မျက်နှာပြောင်နဲ့သွားမယ်၊ မာမီကို ဝင်ခေါ်သွားပြီး SEDONA တန်းသွားကြမယ်၊ လမ်းမှာ ဆိုင်တစ်ဆိုင်





ဆိုင်မှာ ဝင်ဝယ်ပြီးဝတ်လိုက်တာပေါ့၊ TRUE မှာဖြစ်ဖြစ် ဝယ်လိုက်မယ်"

သူမ စိတ်ကိုလျှော့လိုက်ကာ ထိုအစီအစဉ်အတိုင်းပင် ထွက်ခဲ့ကြ၏။ လောကကြီးများ ဘယ်လောက်တရားကျဖို့ကောင်းလိုက်သလဲ။ ဝတ်စုံတွေအပေါများဆုံးဖြစ်သောသူမထံတွင် သွားခါနီးဝတ်စရာပင်မရှိသောအခြေအနေမျိုး ကြုံရလိမ့်မည်ဟု သူမ ယောင်လို့တောင် မတွေးမိခဲ့ပါ။

ကားပေါ်မှာ မာမီက သူမကို မိတ်ကပ်ကို ဒရောသောပါးပြင်ပေးရသည်။ TRUE ဖက်ရှင်ဆိုင်ကလေးဆီမှ ကြိုးတစ်ချောင်းဂါဝန်ရှည်ကလေး ရွေးချယ်ဝယ်ယူကာ ဆိုင်မှာပင် တစ်ခါတည်းဝတ်၊ လည်ပင်းမှာ CRYSTAL ဖန်စီကြိုးကလေး ဆွဲလိုက်ရသည်။

SEDONA သို့ သူမတို့ရောက်သွားတော့ သူက လူတွေကြားမှာ ရယ်မောပြုံးရွှင်သော မျက်နှာထားဖြင့် ရောက်နှင့်နေပြီ။

"မင်းသမီး လာပြီ၊ မင်းသမီးလာပြီ"



www.burmeseclassic.com

www.burmeseclassic.com

သူမ ရှိရာဆီသို့ ကဲန်မရာသမားတွေ၊ ဗီဒီယိုကဲန်မရာမဲန်းတွေ ဝိုင်းအုံရောက်ရှိလာပြီမို့ သူမက အလှပဆုံးအပြုံးကလေးကို တပ်ဆင်ထားရသည်။

"အားလုံးပဲ နောက်ကျသွားတာ တောင်းပန်ပါတယ်နော်၊ လမ်းမှာ ကားတွေကျပ်နေတာနဲ့၊ ယုံယုံ့မွေးနေ့မှာ အားလုံး ပျော်ပျော်ရွှင်ရွှင်နဲ့ စားကြသောက်ကြပါနော်"

ကဲန်မရာမီးရောင်အောက်မှာ သူမ ပြုံးပြုံးကလေးနှင့် ချစ်စဖွယ်အမူအယာကလေးဖြင့် ပြောလိုက်သည်။

"မစားခင် BIRTHDAY CAKE အရင်ခွဲရအောင်၊ ယုံယုံ့ ရှေ့ထွက်လိုက်ပါ၊ တခြား အနုပညာမောင်နှမတွေလည်း မွေးနေ့ကိတ်ကြီးကို ဝိုင်းပြီးရပ်ပေးကြပါ"

သူမသည် သူ့ကို မကြည့်မိအောင် စိတ်ကို အတော်ကြီးချုပ်တည်းထားရသည်။ နှုတ်ခမ်းကလေးကတော့ လှပစွာပြုံးမြဲ။

မွေးနေ့ကိတ်ခွဲမည့်နေရာတွင် အပေါင်းအသင်းတွေ စုရုံးရောက်ရှိနေကြသည်။ သူမ ဘေးမှာ သူလာရပ်တာကို သတိထားမိပေမယ့် မော်၍မကြည့်။ သူကတော့ သူမကို ကြည့်နေမှာပဲ။ သူက လက်စားချေထားသူကိုး။

အားလုံး HAPPY BIRTHDAY သီချင်းကို သံပြိုင်သီဆိုကြစဉ်မှာ သူမက ကိတ်မုန့်ကြီးကိုခွဲသည်။

"ကိုသိဂ်္ဂါ၊ ယုံယုံ့ကို BIRTHDAY KISS ပေးဦးလေ"

ဟု တစ်ယောက်က စတင်လိုက်ပြီး ကျန်လူတွေက ဝိုင်း၍အော်ကြသည်။

"အိုကေ၊ ပေးရမှာပေါ့"

သူက အသံချိုချို၊ အပြုံးချိုချိုဖြင့် သူမ ပါးပြင်ကလေးကို နမ်းဟန်ပြုရင်း သူမ နားရွက်ဖျားကလေးကို သွားဖြင့် ပါကိုက်လိုက်ရာ သူမသည် နာကျင်စွာတစ်ချက်ရှုံ့၍ မျက်နှာကလေးတွန့်သွားသော်လည်း အားပါးတရပြုံးကာ အသံကျယ်ကျယ်ဖြင့် ရယ်မောလိုက်သည်။ ဟေးခနဲ အော်ဟစ်အားပေးသံတွေ ဆူညံသွား၏။

"ဟယ်၊ ဟန်နီ ခဏလေး၊ ခဏလေးငြိမ်နေနော်၊ ပါးမှာ အကောင်ကြီးတစ်ကောင်၊ ဘာကောင်လဲ၊ ခြင်လားမသိဘူး"

www.burmeseclassic.com

ပြောလည်းပြော၊ သူ့ပါးကိုလည်း ခပ်စပ်စပ်ကလေး ဖြန်းခနဲရိုက်ချပစ်လိုက်သည်။ သူ အငိုက်မိခံလိုက်ရသော်လည်း အပြုံးမပျက်ချေ။ တခြားလူတွေကလည်း ခြင်ကိုပဲရိုက်သည်ဟုထင်ပုံရသည်။ နှစ်ယောက်စလုံးကလည်း အပြုံးတွေဝေနေတာမို့ သူမ ပါးရိုက်တယ်လို့မထင်။ ခြင်ရိုက်ပေးတယ်လို့ပဲ ထင်မှတ်ကြလေသည်။

"ကိတ်မုန့်ခွဲ့မယ်"

သူမက အော်ကာ ကိတ်မုန့်အတုံးခပ်ကြီးကြီးတစ်တုံးလုံးကို သူ့ပါးစပ်ထဲသို့ အကုန်ထိုးသိပ်သွင်းပစ်လိုက်ရာ သူ ပါးလုပ်ပါးလောင်းကြီးဖြစ်လျက်နင်နေတော့သည်။ သူ့ကိုကြည့်ကာ သူမအပါဝင် ကျန်လူများက ဝါးခနဲဝိုင်းရယ်ကြလေသည်။ သူမက လူတိုင်းကို အမြဲ နောက်ပြောင်ကျီစယ်နေကျမို့ သူ့ကိုလည်း တမင် ချစ်စနိုးကျီစယ်နေသည်ဟု ထင်ကြလေသည်။ အားလုံးတပျော်တပါးဖြင့်ပင် စားကြသောက်ကြ၊ ရယ်ကြမောကြ၊ နောက်ပြောင်ကျီစယ်ကြရင်းဖြင့် မွေးနေ့ပွဲကိုကျင်းပလိုက်ရသည်။

စာနယ်ဇင်းသမားတချို့က သူမရဲ့ ရက်ရောလှသည့် အလှူအကြောင်းကိုသာ တဖွဖွချီးကျူးစကားလာပြောကြကိုင်း သူမသည် ကြိုးစား၍ပြုံးရွှင်နေသောမျက်နှာဖြင့်

"ဟုတ်ကဲ့ ဦး၊ ယုံယုံ မဝတ်ရသေးတဲ့အသစ်တွေရော၊ မိတ်ကပ်တွေ၊ ရေမွှေးတွေရော အကုန်လှူပစ်လိုက်တာပါ၊ ယုံယုံလည်း အရမ်းဝမ်းသာပါတယ်၊ တကယ်ဆို ယုံယုံ ကိုယ်တိုင်ကိုယ်ကျလိုက်ပြီး သူတို့နဲ့တွေ့ပြီးလှူချင်တာပါ၊ ရိုက်ကွင်းကရှိနေတော့ မအားလို့လေ၊ ဟန်နီကိုယ်တိုင် သွားလှူပေးတာပါ၊ သူက တကယ့်ကို အဖိုးတန်၊ အလိုက်သိတဲ့ ခင်ပွန်းကောင်းတစ်ယောက်ပါ"

ဟု ပြောရသည်။

"ကိုသိဂ်ါရနဲ့ ယုံယုံက အရမ်းကို ရှေ့သွားနောက်လိုက်ညီတာပဲနော်၊ နှစ်ယောက်စလုံး သဒ္ဓါတရားလည်းကောင်းတယ်၊ ရက်လည်းရက်ရောကြတယ်"

"ဟုတ်ပါတယ်ရှင်၊ ဒီလို လှူပစ်ပြီးတော့လည်း ယုံယုံ အသစ်တွေထပ်ရတာပေါ့ရှင်"

"ဘယ်လိုပဲဖြစ်ဖြစ်၊ ယုံယုံ့မွေးနေ့မှာ ဒီအလှူကတော့ တ




www.burmeseclassic.com

 www.burmeseclassic.com

ကယ်မွန်မြတ်ပါတယ်"

"ဟုတ်ပါတယ်၊ နှောင်နှစ်နှောင်နှစ်တွေလည်း ယုံယုံ လှူမှာပါရှင်"

ဤသို့ဖြင့် မွေးနေ့ပွဲ အောင်မြင်စွာပြီးဆုံးသွားခဲ့လေသည်။ နှစ်ယောက်သား ကိုယ့်ကားကိုယ်စီဖြင့် အိမ်သို့အသီးသီးပြန်လာကြသည်။

အပေါင်းအသင်းတွေရှေ့၊ ကန်မရာမမီးတွေရှေ့မှာ အစွမ်းကုန်ပြုံးရယ်ဟန်ဆောင်ခဲ့သလောက် ကိုယ့်အိမ်သို့ကိုယ်ပြန်ရောက်မှပင် သူမတို့နှစ်ယောက် အခန်းတံခါးပိတ်ကာ ဝက်ဝက်ကွဲပေါက်ကွဲတော့လေသည်။

"ပြော၊ ရှင် ဘာအချိုးချိုးတာလဲ၊ ရှင် သက်သက် ကျွန်မကို လက်စားချေတာမှလား ဟင်၊ ယောကျ်ားတန်မဲ့ အရှက်ကို မရှိဘူး၊ အောက်တန်းကိုကျတယ်၊ ရှင် မှတ်ထား၊ ရှင့်အလှည့်လည်း ကြုံဦးမှာပဲ"

"မင်း ဘာဖြစ်လို့ ငါသိပ်ချစ်တဲ့ ငါ့ခွေးကလေးကို သတ်ပစ်လိုက်သလဲ၊ မင်းကိုငါ တစ်သက်မကျေဘူး နားလည်





လား၊ ဘယ့်နှယ်လဲ သိပ်အရသာရှိတယ်မှလား၊ ကိုယ်မြတ်နိုးတဲ့အရာတွေကို ဆုံးရှုံးခံရရင် ဘယ်လိုခံစားရသလဲဆိုတာ မင်း ကိုယ်ချင်းစာတတ်ပြီလား"

"သွား၊ ရှင် ကျွန်မနတင်ပေါ်မှာ လာမအိပ်နဲ့၊ တခြားနေရာမှာ သွားအိပ်၊ ရှင့်မျက်နှာကို ကျွန်မ မကြည့်ချင်ဘူး၊ ရှင် မှတ်ထားစမ်းပါ၊ အလှည့်ကျရင်တော့ မနွဲ့စတမ်းပေါ့ ဟုတ်လား"

"မနွဲ့ဘူး၊ မနွဲ့ဘူး၊ ငါ ယောကျ်ား၊ ငါလည်း တုံ့ပြန်တတ်တယ်၊ မင်းလည်း အဲဒါကို မှတ်ထား"

သူမသည် စိတ်ဆိုးလာကာ သူ့မျက်နှာကို ခေါင်းအုံးဖြင့် ပိတ်ရိုက်စဉ် သူကလည်း ခေါင်းအုံးဖြင့် ပြန်ရိုက်စဉ် တစ်ယောက်ကိုတစ်ယောက်မထိကြဘဲ ခေါင်းအုံးချင်းသာ ရိုက်မိကြပြီး မွေ့ရာပေါ်မှာ ခေါင်းအုံးစစ်ပွဲကို ဆင်နွှဲလျက်ရှိသည်။

ကြာလာတော့ ခေါင်းအုံးချုပ်ရိုးက ခံနိုင်ရည်မရှိတော့ဘဲ ပွင့်ထွက်ကုန်ကာ အထဲမှ ဘဲမွေးတွေလွင့်ပျံထွက်လာသည်။ ခဏအကြာတွင် တစ်ခန်းလုံးမှာ ဘဲမွေးတွေ ပလူပျံကာ



www.burmeseclassic.com

www.burmeseclassic.com

ဖွေးဖွေးလှုပ်နေတော့သည်။ နှစ်ယောက်စလုံးလည်း ခြေကုန်လက်ပန်းကျ၍မောလာကာ တဟားဟား အော်ဟစ်ရယ်မောမိကြတော့သည်။

သူမတို့နှစ်ယောက်က အဲ့ဒီလိုဖြစ်လေသည်။ တစ်ယောက်ကိုတစ်ယောက် အနိုင်မခံ၊ အရှုံးမပေးတတ်သော စိတ်ဓာတ်ချင်း၊ စရိုက်ချင်း တူညီနေခဲ့ခြင်းကိုက သူတို့နှစ်ယောက်၏ ထူးခြားချက်ပင်ဖြစ်တော့သည်။



## အခန်း(၈)

ထိုနေ့က သူ အိမ်တွင်မရှိချေ။ နယ်သို့ ကားရိုက်ထွက်နေရချိန်ဖြစ်သည်။ သူမကတော့ ရန်ကုန်မှာပဲ ရိုက်နေရတာမို့ အိမ်မှာကျန်ခဲ့သည်။ ထိုရက်ပိုင်းအတွင်း သူမ၏ ညီမနှစ်ယောက်ဖြစ်သော မေယုယနှင့် မေလိမ္မာတို့က Beauty saloon ဖွင့်ရန် သူမဆီမှာ အရင်းအနှီးထုတ်ပေးဖို့ ပူဆာနေခဲ့ကြသည်။ သူမကလည်း အားလုံးစိုက်ထုတ်ပေးဖို့ ကတိပေးထားခဲ့ပြီးတာမို့ ထိုအချိန်မှာပဲ တိုက်တိုက်ဆိုင်ဆိုင်ပင် သူ့အတွက်သရုပ်ဆောင်ကြေးကို ရှယ်ယာအဖြစ်ထည့်ထားသော ရုပ်ရှင်ကားတစ်ကားရုံတင်ပြီးသွားချိန်ဖြစ်



www.burmeseclassic.com

ကာ အကျိုးအမြတ်တွေကို ထုတ်လုပ်သူက အိမ်သို့လာရောက်၍ ပေးခဲ့လေသည်။

“ကိုသိင်္ဂါ့အတွက် ရှယ်ယာအမြတ်တွေ လာခွဲပေးတာပါ ယုံယုံ၊ ဒီကားကတော့ တော်တော်ပေါက်သွားတော့ သူလည်း တော်တော်ရပါတယ်၊ နောက်ကားတစ်ကားရိုက်ဖို့လည်း ကျွန်တော်တို့ စီစဉ်ထားပါတယ်၊ ဒီတစ်ခါတော့ ကိုသိင်္ဂါနဲ့ယုံယုံ အတွဲပေါ့၊ ပြီးတော့ မော်ဒယ်လ်တွေ အများကြီးပါမယ်၊ ချောင်းသာမှာသွားရိုက်မှာ၊ ဒီမှာ စာတ်အကျဉ်း ကျွန်တော်ပေးထားခဲ့မယ်၊ ကိုသိင်္ဂါပြန်လာမှပဲ ကျွန်တော် တစ်ခေါက်ထပ်လာခဲ့ပါ့မယ်”

“ကောင်းပြီ ဦးလှနိုင်၊ ထားခဲ့လိုက်ပါ၊ ကျွန်မ လက်ခံထားလိုက်ပါ့မယ်၊ ကျွန်မတို့နှစ်ယောက် အတူတူပါပဲ”

သူမက ပိုက်ဆံတွေကို လက်ခံယူထားလိုက်ကာ ထိုငွေအားလုံးကို ညီမနှစ်ယောက် Beauty saloon ဖွင့်ဖို့ အရင်းအနှီးအဖြစ်ပေးပစ်လိုက်လေသည်။ ဆိုင်နာမည်ကို ‘သိင်္ဂါရယုံကြည်’ ဟုပါ ပေးလိုက်၏။





ထို့နောက် ခင်မင်နေသော အင်တာဗျူးပါ တစ်ယောက်ကို ဖိတ်ခေါ်ကာ ထိုဆိုင်အကြောင်းကို အင်တာဗျူးထဲတွင် ထည့်ဖြေလိုက်၏။

“ဆိုင်နာမည်က ‘သိင်္ဂါရယုံကြည်’ ဆိုပေမယ့် ကျွန်မတို့ဖွင့်တာတော့ မဟုတ်ပါဘူး၊ ကိုသိင်္ဂါက သူ့ညီမတွေအတွက် အရင်းအနှီးထုတ်ပေးတဲ့ဆိုင်ကလေးမို့ ညီမတွေက ကျေးဇူးတင်တဲ့အနေနဲ့ သူ့နာမည်နဲ့ ကျွန်မနာမည်ကို ပေါင်းပြီးယူထားလိုက်တာပါ”

ကဲ မှတ်ထား ဟု သူမ စိတ်ထဲက ဝမ်းသာအားရ ရယ်မောကြုံးဝါးပစ်ခဲ့၏။ သူမတုန်းက သူ အလွဲသုံးစားလုပ်ခဲ့သလို သူ့ငွေတွေကိုလည်း သူမက ကလဲ့စားချေသည့်အနေနှင့် အလွဲသုံးစားပြန်လုပ်ခြင်းဖြစ်သည်။

သူ ခရီးကပြန်လာတော့ ထိုဂျာနယ်ထဲက အင်တာဗျူးကိုဖတ်ကာ တအံ့တသြဖြစ်လျက်

“သည်း၊ မင်း ဘာတွေလျှောက်ဖြေထားတာလဲ၊ မင်းညီမတွေကို ငါလည်း အရင်းအနှီးထုတ်မပေးပါလား၊ အဲဒီလို



www.burmeseclassic.com

www.burmeseclassic.com



လိမ်တာကြီးကတော့ မကောင်းပါဘူးကွာ"

ဟု ပြောလေသည်။

"မလိမ်ပါဘူး၊ ကျွန်မ အမှန်အတိုင်းပြောတာ၊ လိမ္မာနဲ့ ယုယတို့ဖွင့်တဲ့ဆိုင်ကအရင်းအနှီးတွေက ရှင့်ငွေတွေချည်းပဲ"

"ဘာ၊ မင်း ငါ့ငွေတွေခိုးပြီး မင်းညီမတွေကို ပေးပစ်တယ်ပေါ့လေ"

"မခိုးပါဘူး၊ ဘာကိစ္စ ကျွန်မက ခိုးရမှာလဲ၊ ရှင့်ငွေတွေကို ဦးလှုနိုင်က ကျွန်မ လက်ထဲလာပေးတာ၊ နွေမိုးဆောင်းကုမ္ပဏီကလေ၊ ရှင့်သရုပ်ဆောင်ခကို ရှယ်ယာပြန်သွင်းထားတဲ့ကားအတွက် ပိုက်ဆံတွေလာပေးတာနဲ့ ကျွန်မ ယုယတို့ကို ပေးလိုက်တာ"

သူ့ မျက်နှာနီသွားကာ ရှုံ့ရှုံ့ရှားရှားဖြစ်သွားတော့လေသည်။

"ဒါဆို မင်း ငါ့ငွေတွေကို အလွဲသုံးစားလုပ်တာပဲကွ၊ မင်းလည်း မရှာနိုင်တာမဟုတ်ဘူး၊ မင်းမှာလည်း ပိုက်ဆံတွေ





ရှိရက်နဲ့ ငါ့ပိုက်ဆံတွေကို တမင်သက်သက်သုံးပစ်တာကတော့ မတရားဘူးကွာ၊

ဒီပုံအတိုင်းဆိုရင်တော့ ငါ့အတွက် assisıant တစ်ယောက်ထားဖို့ လိုလာပြီ"

"အမယ်လေး ကြီးကျယ်နေလိုက်တာ၊ ကိုယ့်ယောကျ်ားပိုက်ဆံကို မိန်းမက သုံးခွင့်မရှိတော့ဘူးလား၊ ကျွန်မ ရှာနိုင်တယ်ဆိုတာနဲ့ပဲ ရှင်က ကျွန်မအတွက် ဘာမှ အကုန်အကျ မခံချင်တော့ဘူးပေါ့၊ ဒီလိုဆို ကျွန်မက ရှင့်မိန်းမဖြစ်ရတာ ရှုံးနေပြီပေါ့၊ ကိုယ့်ပိုက်ဆံနဲ့ကိုယ် သူများမိန်းမဖြစ်နေရတာတော့ ဘယ်တရားပါ့မလဲ၊ ရှင်ယူထားတဲ့မိန်းမဟာ နယ်နယ်ရရမှ မဟုတ်တာ၊ ပြီးတော့ ကျွန်မက အပေါစားမိန်းမလည်း မဟုတ်ဘူး သိလား"

"ဟာ၊ မင်း အဲ့ဒါတွေ တွက်ချက်ပြမနေနဲ့၊ မင်းလည်း ရှာနိုင်နေရက်နဲ့ ငါ့ပိုက်ဆံတွေကိုမှ သုံးဖြုန်းချင်တာကတော့ မင်း သက်သက်တင်စီးတာပဲ"

"တင်စီးသင့်ရင် တင်စီးရမှာပဲ၊ ရှင် ဘာဖြစ်လို့ ကျွန်မကို



www.burmeseclassic.com

www.burmeseclassic.com



ယူထားသေးလဲ"

"ကိုယ် assistant တစ်ယောက်တော့ ထားရတော့မယ်၊ နို့ နို့ဆို မင်းချယ်လှယ်ချင်တိုင်းချယ်လှယ်နေလိမ့်မယ်"

"အောင်မာ၊ ဂရုစိုက်လို့၊ ထားပေါ့"

သူမက ခပ်ပေါ့ပေါ့ပြီးစလွယ်သာ ပြောလိုက်ခြင်း ဖြစ်သော်လည်း နောက်တစ်ပတ်အကြာတွင် သူက အမှန်တကယ်ပင် assistant တစ်ယောက် ငှားလိုက်လေသည်။

သူ့ရဲ့ assistant နှင့် သူမကို မိတ်ဆက်ပေးစဉ်က သူမသည် အသက်ရှုပင်မှားကာ မိုက်ခနဲဖြစ်သွား၏။ သူ ဒီအခွင့်အရေးကို ဘယ်အချိန်ကတည်းက ချောင်းမြောင်းနေခဲ့သည်မသိ။

သူ့ assistant က အရပ်မြင့်မြင့်၊ ခန္ဓာကိုယ်ကျစ်လျစ်သွယ်လျလှပကာ မင်းသမီးတစ်ယောက်ထက်ပင်လှပသေးသည်။ ကိုယ်နေဟန်က လှပကြော့ရှင်းကာ ဝတ်စားဆင်ယင်ပုံကလည်း ခေတ်ရှေ့ပြေးသေး၏။ အမှုအယာက ယဉ်ကျေးပါးနပ်ကာ သေသပ်လှပလွန်းလေသည်။ ဒီလောက်လှတဲ့ assistant အမျိုးသမီးကိုသာ သူ တကယ်ငှားလိုက်လျှင် ပတ်ဝန်းကျင်ပရိသတ်က





ဘာပြောကြမလဲ။ သူကရော ထိုမိန်းကလေးအပေါ် မပြစ်မှား၊ မဖောက်ပြန်ဘူးဟု ဘယ်သူ အာမခံမည်နည်း။ သူမ ရင်ထဲတွင် သဝန်တိုစိတ်တွေ တဖွားဖွားလျှံလာခဲ့လေသည်။

"ကိုယ့်အတွက် စာတ်လမ်းတွေဖတ်ပေးဖို့၊ ရှာပေးဖို့၊ စာတွေလက်ခံပေးဖို့၊ ရိုက်ရက်တွေ စီစစ်ပေးဖို့၊ ငွေရေးကြေးရေးကိစ္စတွေအားလုံး သူပဲ တာဝန်ယူပေးလိမ့်မယ်၊ အဝတ်အစားတွေကအစပေါ့၊ ကိုယ်ဘာမှခေါင်းရှုပ်စဉ်းစားစရာ မလိုတော့ဘူး၊ သူပဲ အားလုံး စီစဉ်ပေးလိမ့်မယ်၊ သည်းက လည်း သည်းအလုပ်တွေနဲ့ အားတာမဟုတ်တော့ သည်းကိုလည်း တာဝန်မပေးရက်ဘူးလေ"

ဟု သူမရှေ့တွင် ချိုချိုကလေး သူက ပြောလေသည်။ သူ တမင်လုပ်လာတာကို သူမ ကောင်းစွာနားလည်၏။ ဒေါသလည်းပြင်းစွာ ထွက်လျက်ရှိသည်။ အဲဒီမိန်းမကို ဘယ်လိုပ,ထုတ်ရမလဲ စဉ်းစားနေမိသည်။ ထိုမိန်းမ မမြင်အောင် သူမက အသံမထွက်ဘဲ ပါးစပ်ပဲလှုပ်ပြကာ သူ့ကိုရန်ထောင်၏။ သူက သိသိကြီးနှင့် မသိချင်ဟန်ဆောင်နေသည်။ သူမ ဘာမှမတတ်



www.burmeseclassic.com

www.burmeseclassic.com



နိုင်။

သူမ တမင်တကာလုပ်ယူထားသော အစွမ်းကုန်အပြုံးကို နှုတ်ခမ်းမှာ တပ်ဆင်လိုက်ကာ

"ညီမလေး နာမည်က ဘယ်သူ"

"သက်ကြွေဆင်း ပါ မမ၊ ကျွန်မက ကိုသိဂ်္ဂါကိုရော မမကိုပါ crazy အရမ်းဖြစ်ပါတယ်၊ ဒါကြောင့် ကိုသိဂ်္ဂါ **assistant** လုပ်ဖို့ ဝမ်းသာအားရပဲလက်ခံလိုက်တာပါ"

"ဪ ဪ ကောင်းတာပေါ့၊ ကောင်းတာပေါ့၊ မမ သူ့ကို အရမ်းချစ်တာတော့ ညီမလေးသိတယ်နော်"

"ဟုတ်ကဲ့ သိပါတယ်၊ မမတို့နှစ်ယောက် အရမ်းချစ်ကြတာ လူတိုင်းသိကြတာပဲ၊ အရမ်းလည်းလိုက်ဖက်တဲ့စုံတွဲကလေးလေ၊ ကျွန်မ သိတာပေါ့"

"အိုကေ၊ အဲ့ဒါကို သိရင် ပြီးတာပါပဲ"

သူမ ဘာမှဆက်မပြောတော့ဘဲ ထ,ထွက်လာခဲ့သည်။ သူသည် အလွန်လှပသော assistant တစ်ယောက်ကို ငှားထားလိုက်ကြောင်းသာ သတင်းလောကသို့ ပေါက်ကြားသွားလျှင်



လူတွေက ဘယ်လို ထင်ကြမည်နည်း။ assistant ပင် ထားရလောက်အောင် သူမက သူ့အပေါ် တာဝန်မကျေသော၊ အသုံးမကျသော မိန်းမတစ်ယောက်ဖြစ်သွားတော့မည်။ သူမသည် ထိုမိန်းကလေးကို လှလှပပ၊ ညင်ညင်သာသာကလေးပင် ပ,ထုတ်နိုင်ရမည်။ သူမသည် အကြီးအကျယ် အကြံထုတ်လျက်ရှိသည်။

"ကဲ သက်ကြွေရေ၊ ဒီနေ့ ကိုယ့်ရှုတင်ဆီသာ လိုက်ခဲ့လိုက်တော့၊ မှတ်တမ်းစာအုပ်တစ်အုပ်ထားပါ၊ ပြက္ခဒိန် ဒိုင်ယာရီစာအုပ်တစ်အုပ်ထားပါ၊ ဘယ်ရက်ဘယ်ရက်မှာ ဘာကားရိုက်ရမယ်ဆိုတဲ့ management diary စာအုပ်တစ်အုပ်ထားပါ၊ ရှေ့ ဒီစာအုပ်တွေက သက်ကြွေ ဖတ်ပေးရမယ့်စာအုပ်တွေပဲ၊ ကိုယ်ရိုက်ရမယ့်ဇာတ်တွေ လာပေးဖတ်ထားတာ၊ အဲ့ဒီဇာတ်တွေထဲက ဆန်းသစ်ပြီး ကိုယ်လုပ်လို့ကောင်းမယ့်ဇာတ်မျိုးကို ရွေးပေး၊ ပြီးရင် ကိုယ့်ကို ပြန်ပြောပြ၊ ဇာတ်ရွေးဖို့ဆုံးဖြတ်တာကတော့ ကိုယ်ပဲဆုံးဖြတ်မှာပါ၊ ဒါပေမယ့် သက်ကြွေလည်း အကြံပေးလို့ရတယ်၊ ဟုတ်ပြီလား၊ အိုကေ"



www.burmeseclassic.com

www.burmeseclassic.com



"အိုကေ၊ စိတ်ချပါ ကိုသိဂ်ါ၊ သက်ကြွေ အစွမ်းကုန် ဆောင်ရွက်ပေးပါ့မယ်"

"ကဲ ဒါဖြင့် သွားစို့၊ သည်းရေ ကိုယ် သွားပြီနော်၊ သည်းက ကြော်ငြာရိုက်ဖို့ရှိတယ်မှလား၊ ကိုယ် သွားတော့မယ်"

"ကောင်းပါပြီရှင်၊ assistant နဲ့ဘာနဲ့ဆိုတော့ တို့ယောကျ်ားကတော့ ပျံလန်နေတာပဲ၊ စတိုင်လ်ကတော့ အထွားစားပဲ၊ Holywood က မင်းသား ဘရက်(ဒ်)ပစ်(ထ်)လို ဘာလိုလိုနဲ့၊ ဟင်းဟင်းဟင်း"

သူမက သရော်တော်တော်ပြောလျှင် သူကလည်း ခနိုးခနဲ့ပင် ပြန်လည်ရယ်မောရင်း နှစ်ယောက်သား သူ့တပည့်လေးက အဝတ်ခြင်းကိုမကာ ကားပေါ်သို့ တက်သွားကြ၏။

ဒါ သူမကို သူ ကြောသွားတာ၊ တင်စီးသွားတာ၊ တွေ့ကြသေးတာပေါ့ကွယ်။ သူမသည် ဒရိုင်ဘာမောင်ထွေးကို ခေါ်ကာ

"မောင်ထွေး၊ အစ်မ ပြောတာ သေချာနားထောင်၊ အဲဒီ သက်ကြွေဆင်းအကြောင်း အစ်မကို စုံစမ်းပေးစမ်း၊ အကုန် သိချင်တယ်၊ သဘောပေါက်တယ်နော်၊ သူ ဘယ်မှာနေတယ်၊ ဒီကပြန်ရင် ဘာတွေလုပ်တယ်၊ ဘယ်တွေသွားတယ်၊ ဘယ်သူနဲ့တွေ့တယ်၊ အဲဒါတွေ အကုန်စုံစမ်းပေး၊ မင်းကို ဘောက်ဆူးပေးမယ်၊ နောက်ဆုံးဟာ၊ သူ့မှာ ရည်းစားတို့ဘာတို့ရှိမရှိပါ ငါ သိချင်တယ်၊ ဟုတ်ပြီလား၊ ကြိုက်သလိုသာစုံစမ်း၊ နင် သူတို့နှစ်ယောက်နောက်ကနေ ကက ကားတစ်စင်းနဲ့လိုက်ချောင်း၊ ဘယ်မှာရှိတယ်၊ ဘာတွေလုပ်တယ်ဆိုတာကို ဖုန်းနဲ့ ငါ့ဆဲလ်ဖုန်းဆီအကြောင်းကြား၊ ရော့၊ ဒီ C.D.M.A ခြင်းဖုန်းကို သွားလေရာသယ်သွား၊ ကားခကို မနှမြောနဲ့၊ ကုန်ကျစရိတ်အားလုံး ငါ ရှင်းပေးမယ်၊ အချက်အလက်တွေ ငါလိုချင်တာ အကုန်ရပစေ၊ ဟုတ်လား"

ဟု စုံထောက်လုပ်ခိုင်းလိုက်သည်။ မောင်ထွေးက ဝမ်းသာအားရပင်

"စိတ်ချ မမလေး၊ ကျွန်တော် အဲဒါမျိုးဆို သိပ်ဝါသနာပါတယ်၊ အကုန်စုံစမ်းပေးမယ်၊ မမလေးရဲ့ကားကို မောင်းဖို့





www.burmeseclassic.com

ရော"

"မပူနဲ့၊ ငါ့ဘာသာမောင်းမယ်၊ ရော့၊ ကားခယူထားလိုက်"

ငါးရာတန်တစ်အုပ် ထုတ်ပေးလိုက်သည်။ ထို့နောက် ကြော်ငြာရိုက်ကွင်းဆီသို့ ကားကိုယ်တိုင်မောင်း၍ထွက်ခဲ့လေသည်။ စိတ်ထဲမှာ ဇနောင့်ဇနင်းနှင့် ခိုးလိုးခုလုဖြစ်၍နေသည်။

သူ့ကို တန်ပြန်တိုက်ကွက်ဆင်ဖို့ သူမ အမြဲတွေးတောနေခဲ့၏။

ထိုနေ့က ကြော်ငြာရိုက်ကွင်းသည် စောစီးစွာပြီးသွားသဖြင့် သူမ အိမ်သို့တန်းမပြန်ဘဲ သူ့ရိုက်ကွင်းရှိရာဆီသို့ ကူးလာခဲ့သည်။ ခြံထဲမှာ ရိုက်နေကြခြင်းဖြစ်သည်။ သူမ ရောက်သွားချိန်တွင် သူက သက်ကြွေဆင်းနှင့် မျက်နှာချင်းဆိုင်ထိုင်ကာ ရယ်ရယ်မောမော၊ ပြုံးပြုံးရွှင်ရွှင်စကားတွေဖောင်ဖွဲ့နေသော မြင်ကွင်းသည် သူမ နှလုံးသားထဲသို့ ရူးခနဲ ထွင်းဖောက်ဝင်ရောက်လာလေသည်။ ကြည့်စမ်း၊ ဖြစ်နေလိုက်တာ။ သူမ ရောက်လာတာကိုပင် သူ မမြင်။

သူမသည် လက်ထဲမှာ COKE ဗူးကိုင်လျက်သားဖြင့် ထုံးစံအတိုင်းပင် ရိုက်ကွင်းမှလူများကို လိုက်နောက်ပြောင်ကျီစယ်ရင်း COKE ဗူးကို သူ့ခေါင်းတည့်တည့်ဆီသို့ ချိန်ရွယ်ပြီးပစ်ပေါက်လိုက်၏။ လက်အချိန်အဆကလည်း အလွန်ကောင်းစွာ သူ့နားထင်တည့်တည့်ဆီသို့ ခွပ်ခနဲမြည်အောင်ပင် ထိမှန်သွားလေသည်။

"အောင်မလေးဗျာ၊ အားလားလား"

သူ နာကျင်စွာ အော်ဟစ်ညည်းညူလိုက်သံနှင့် မရှေးမနှောင်းပင် သူမက သူ့ရှိရာဆီသို့ ကပျာကယာပြေးသွားပြီး

"ဟယ်၊ ဟန်နီ့ကို ထိသွားပြီလား၊ အို ဆောရီး ဆောရီး၊ သည်းက ခြံထောင့်ကို ပစ်လိုက်တာ၊ နာသွားလားဟင်၊ ဘယ်နား နာသွားလဲ"

ဟု သည်းသည်းလှုပ်အောင်ပြောပြီး သူ့နားထင်ကို ပွတ်သပ်ပေးသလိုလိုနှင့် ဆံပင်တိုငုတ်စိကလေးများကို လူမသိအောင် ဆွဲနှုတ်လိုက်သေး၏။ နာကျင်သော်လည်း သူက ကြိတ်ခံကာ မနာချင်ဟန်ဆောင်လျက်ရှိသည်။

"သက်ကြွေ ရေခဲသွားယူပေးမယ်လေ၊ ရေခဲအိတ်ကပ်ပါလား"





စေတနာစာပေ

 www.burmeseclassic.com

သက်ကြွေက ပြောပြောဆိုဆို အိမ်ထဲသို့ ဝင်သွားလေသည်။ သူမက သူ့ဘေးတွင်ထိုင်ချလိုက်ကာ သူ့ပခုံးကိုဖက်ထားရင်း မျက်နှာထားကတော့ ချိုရွှင်စွာပြုံးနေကာ အသံတိုးတိုးဖြင့်

"ဘယ်လိုလဲ၊ တော်တော်မှ အီစီမ့်သွားရဲ့လားဟင်"

ဟု မေးလိုက်၏။ သူကလည်း ခပ်ပြုံးပြုံးမျက်နှာပေးဖြင့်ပင် ဘယ်သူမှမကြားရအောင် ခပ်တိုးတိုးပြန်ဖြေသည်။ မသိသူတွေ အဝေးကနေကြည့်လိုက်လျှင် သူတို့နှစ်ယောက်ကို ကြည်ကြည်နူးနူးဖြင့် ချစ်စကားဆိုနေသည် ဟု ထင်ပေလိမ့်မည်။

"မင်း တမင်ပေါက်လိုက်တာ မဟုတ်လား"

သူက သူမရဲ့ဆံပင်လေးတွေကို သပ်ပေးရင်း ပြန်မေး၏။ သူမက သူ့ပခုံးဇက်ကြောများကို ဆွဲပေးရင်း

"ဒါပေါ့ရှင်၊ ရှင် အကြည်ဆိုက်နေတာ မရှက်ဘူးလား၊ စာနယ်ဇင်းသမားတစ်ယောက်ယောက်လာလို့ တွေ့သွားရင် ရှင့် အီစီကလီထုနေတဲ့သတင်းတွေ စာမျက်နှာပေါ် ရောက်သွားလိမ့်မယ် နားလည်လား"





ဟု ပြုံးပြုံးကလေး ပြော၏။

"မင်း မနာလို သဝန်တို ဖြစ်နေတယ်မှလား"

သူ ပြုံးဆဲပင်။

"ဘာကိစ္စ မနာလိုဖြစ်ရမှာလဲ၊ ဝေးပါသေးတယ်"

ထိုအချိန်တွင် သက်ကြွေဆင်းက ရေခဲထုပ်တစ်ထုပ်ဖြင့် ပြန်ရောက်လာသည်။

"ပေး ပေး သက်ကြွေ၊ မမ လုပ်ပေးလိုက်မယ်၊ သက်ကြွေ ပြန်ချင်ပြန်တော့လေ ရပြီ၊ မမ အားနေပြီ၊ သက်ကြွေရဲ့ တာဝန်ကို မမ ဆက်ယူလိုက်မယ်"

သူမက ပကတိအပြစ်ကင်းစင်သော အပြုံးချိုချိုကလေးဖြင့် ပြောလိုက်သည်။

"ကိုသိင်္ဂါ၊ သက်ကြွေ ပြန်ရတော့မလား"

"အေးအေး ပြန်ချင်လည်း ပြန်တော့လေ၊ ကိုယ့်ဒရိုင်ဘာကို လိုက်ပို့ခိုင်းလိုက်၊ မနက်ဖြန် စောစောလာခဲ့ပေါ့"

"အိုကေ ကိုသိင်္ဂါ၊ မမ သွားတော့မယ်နော်"

"ကောင်းပြီ ညီမလေး၊ ဘိုင့်ဘိုင်"


www.burmeseclassic.com

www.burmeseclassic.com

သက်ကြေဆင်းပြန်သွားတော့ သူနှင့်သူမသည် အပြုံးမျက်နှာဖုံးအောက်က စကားလုံးစစ်ပွဲကို ဆက်လက်ဆင်နွှဲကြသည်။

"ရှင် တစ်နေ့လုံး သက်ကြေဆင်းကို ဘေးမှာခေါ်ထားပြီး ရိက္ခာယူနေတယ်ပေါ့ ဟုတ်လား၊ အရှက်သိက္ခာက နည်းနည်းမှမရှိဘူး၊ မိန်းမ ချောချောလှလှမြင်ရင် ဗီဇက ပြလာပြီ"

"ကိုယ့်ကုသိုလ်နဲ့ကိုယ်ဖြစ်တာပဲ၊ ရှောင်မနေနဲ့"

"ရှောင်စရာမလိုပါဘူး၊ အိမ်ထောင်ရှိယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ၊ ထိန်းသိမ်းစောင့်ရှောက်ရမယ့် ဂုဏ်သိက္ခာတွေ၊ စည်းတွေကတော့ ရှိတာပဲ၊ အဲ့ဒီ စည်းမရှိရင် ရှင်ဟာ နွားပဲ"

"ငါက နွားဆို မင်းလည်း နွားရဲ့မိန်းမ၊ နွားမကြီးပေါ့ကွာ၊ အမျိုးတူချင်းမှ ပေါင်းလို့ရတာ လုပ်မနေနဲ့"

"ရုပ်ကိုက ကျက်သရေကို မရှိဘူး"

"မင်းကရော ဘယ်လောက်ကျက်သရေရှိနေလို့လဲ"





သူတို့မျက်လုံးတွေ တဖြည်းဖြည်း အရောင်တလက်လက်ထွက်လာကြသည်။ ထိုခဏတွင် ဒါရိုက်တာက သူတို့နားသို့ရောက်လာကာ

"ဘယ်လိုလဲ၊ မင်းသားနဲ့ မင်းသမီး အိမ်မှာချစ်လို့တောင် မဝဘူးပေါ့လေ၊ ရိုက်ကွင်းထိ လိုက်ချစ်နေကြတယ် ဟုတ်လား၊ ချစ်လည်းချစ်နိုင်ကြပါပေ့ဗျာ၊

ကိုသိဂ်ါ နောက်တဆင်း(န်)ရိုက်တော့မယ်နော်၊ ဒီမှာ ဒိုင်ယာလော့(ခ်)၊ အမှုအရာကတော့ ကျွန်တော် သင်နေစရာ မလိုပါဘူး၊ ကျွန်တော်လိုချင်တာ အနင့်ကလေးနော်"

ဟု ပြောရင်း ဒိုင်ယာလော့ခ်စာရွက် လာပေးသွားတာမို့ သူ ငြိမ်သွားသည်။ သူမလည်း ဘာမှဆက်မပြောတော့။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၉)

နောက်တစ်ပတ်အကြာတွင် သူ့ရဲ့လှည့်ကွက်ကို သူမ သိခွင့်ရလိုက်လေသည်။ သက်ကြွေဆင်းအကြောင်းစုံစမ်းခိုင်းထားသော မောင်ထွေးက သူမထံသို့ ဝမ်းမြောက်ဝမ်းသာလာ၍

"မမလေး၊ ကျွန်တော် သိပြီဗျ၊ အဲဒီ သက်ကြွေဆင်းက ကိုသိင်္ဂါညီ ကိုဝီရရဲ့ချစ်သူဗျ၊ ကိုသိင်္ဂါရဲ့ assistant ဆိုတာ အင်(န်)ကြီး၊ မမလေး မခံချင်အောင် သူ တမင်သက်သက်လုပ်ပြနေတာ"

ဟူသော အဖြေကိုပေး၏။ သူမအတွက် တော်တော်



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဝင်စားဖွယ်ကောင်းသော အဖြေတစ်ခုဖြစ်ပါသည်။

"ဩော်၊ သင်းက ဒီလိုလား၊ ကောင်းပါလေ့၊ ကောင်းပါလေ့ ကွယ်၊ တွေ့ကြသေးတာပေါ့"

သူမက သိဂ်ါညီ ဝီရထံသို့ မိနစ်မဆိုင်းပင် ဖုန်းဆက်ခေါ်လိုက်သည်။

"ဝီရ၊ အခု ဘာအလုပ်လုပ်နေလဲ"

သူမက မေးစဉ် ဝီရက တအံ့တသြ

"ကျွန်တော် စက်ဘွဲ့ထွက်ဖို့ လုပ်နေတယ်လေ၊ ဟိုမှာ ကျောင်းသွားတက်မလို့ engineering လေ"

"ဘယ်တော့လောက် ထွက်မှာလဲ"

"နှစ်လ၊ သုံးလ လောက်တော့ လိုပါသေးတယ် မမယုံ၊ ဘာလုပ်မလို့လဲ"

"အေး မထွက်ခင် မမကို အကူအညီတစ်ခုလောက် ပေးစမ်းကွယ်၊ မမဆီမှာ assistant ခဏလောက် လာလုပ်ပေးပါလား၊ ခုတလော မမမှာ အလုပ်တွေများလွန်းတော့ မနိုင်ဘူးဖြစ်နေတယ်"





"ကိုကြီးက မကူဘူးလား"

"အမလေး၊ သူက မမကို ကူဖို့နေနေသာသာ၊ သူကတောင် assistant ပြန်ငှားထားသေးတယ်၊ ဘယ်သူလဲဆိုတာရော ဝီရ သိသလား"

"သိတယ်လေ မမယုံ၊ ကျွန်တော့်ကောင်မလေးလည်း အလုပ်မရှိတာနဲ့ ကိုကြီး ခေါ်ခန့်ထားတာ၊ သက်ကြွေက ကျွန်တော့်ခွင့်ပြုချက်ရမှ လုပ်တာပါ"

"ထားလိုက်ပါတော့၊ ထားလိုက်ပါတော့၊ အဲ့ဒါတွေ မမ စိတ်မဝင်စားပါဘူး၊ မမကို ဝီရ မသွားခင် နှစ်လလောက် မကူညီပေးနိုင်ဘူးလား၊ သက်ကြွေနဲ့လည်း မင်း အမြဲတွေ့ခွင့်ရတာပေါ့"

"ကောင်းပြီ မမယုံ၊ ကျွန်တော် ကူညီပေးမယ်"

သူမက ဖုန်းပိတ်ပြီးတာနှင့် ကြိတ်၍ရယ်မောလေသည်။ ဝီရကတော့ အားလုံးရိုးရိုးသားသားပဲ ထင်မှတ်နေပုံရသည်။ သူ့အစ်ကို မရိုးသားတာ သူသိပုံမပေါ်။

"ဟန်နီရေ၊ ကျွန်မလည်း assistant တစ်ယောက်လောက်

www.burmeseclassic.com

လိုလိမ့်မယ်လို့ ရှင် မထင်ဘူးလားဟင်"

ဟု သူမက အထက်စီးနှင်းမျက်နှာပေးဖြင့် စတင်လိုက်လျှင် သူက သိပ်အလေးအနက်မထားသော မျက်နှာမျိုးဖြင့်

"မင်းမှာ အခြေအရုံပေါင်း ငါးယောက်အပြင် ဘာ assistant လိုသေးလို့လဲ၊ အပိုတွေ"

ဟု တုံ့ပြန်သည်။

"လိုလို့ပြောတာပေါ့ကွယ်၊ ခန့်တောင် ခန့်လိုက်ပြီ၊ မကြာခင် သူ ရောက်လာတော့မယ်"

"ယောကျ်ားလား၊ မိန်းမလား၊ ငါ သိတယ်၊ မင်းရဲ့မျက်နှာပေးကြီးက ငါ့ကို အရွဲ့တိုက်တော့မယ်"

"မရွဲ့ပါဘူးရှင်၊ မရွဲ့ပါဘူး၊ ကျွန်မမှာ ကားရိုက်တွေ၊ ကြော်ငြာတွေ များလွန်းလို့ ရွေးချယ်ရတာ၊ စဉ်းစားရတာ ဦးနှောက်စားလာပြီ၊ အဲ့ဒီတော့ ကျွန်မကိုယ်စား အကောင်းအဆိုး တိုင်ပင်ဆုံးဖြတ်ပေးမယ့် assistant လိုတယ်လေ၊ ဟန်နီကလည်း အားတာမဟုတ်ဘူးမှလား"

"မင်း ငါ့ကို ပြန်မရွဲ့နဲ့နော်၊ ငါက တကယ်လိုလို့ ခန့်တာ"





"ကျွန်မ ရောပဲ"

မကြာပါ။ နောက်တစ်နေ့တွင် ဝီရနှင့်သက်ကြွေက အတူတူလက်ချင်းတွဲကာ သူမတို့အိမ်သို့ ရောက်ချလာတော့၏။

"ဟော့ကောင် ဝီရ၊ မင်းက ဘာလို့ ပါလာရတာလဲ"

သူက ဝီရကိုမြင်တော့ တအံ့တဩမေးသည်။ ဝီရ မဖြေခင် သူမက ပြောင်စပ်စပ်မျက်နှာပေးဖြင့်

"အဲ့ဒါ ကျွန်မရဲ့ assistant လေ၊ assistant"

ဟု ကဲကဲဆတ်ဆတ်ကလေး ဖြေလိုက်လျှင် သူ အတော်စိတ်ဓာတ်ကျသွားပုံပေါ်ပါသည်။ ကဲ သူမ မပိုင်ဘူးလား။ အနည်းဆုံးတော့ သူ့ညီရှေ့တွင် ညီ၏ရည်းစားကို သူ အခွင့်အရေးတွေပေးကာ ပရောပရည်နေလို့မရတော့။ သူမ သဝန်တိုအောင် ဖြားယောင်းသွေးဆောင်လို့လည်း မရတော့။ ပိုင်ရှင်ရှိသောမိန်းကလေး ဟု သက်ကြွေဆင်းကို သိသွားကြလျှင် ဘယ်သူကမှလည်း သူနှင့်သမုတ်လို့ရတော့မည်မဟုတ်တော့။

သူ့ assistant နှင့် စိတ်မချ၊ သဝန်တိုရသော ပြဿနာလည်း သူမအတွက် အလိုလိုပြေလည်သွားတော့လေသည်။

☐ ☐ ☐



www.burmeseclassic.com

www.burmeseclassic.com

သူသည် မှေ့ရာပေါ်တွင် နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေသော ယုံကြည့်မျက်နှာလှလှကလေးကို အကြာကြီးပင် ထိုင်၍ကြည့်နေမိသည်။ အလွန်ချစ်စရာကောင်းသလောက် အလွန်လည်းဉာဏ်များကာ မာယာပရိယာယ်ကြွယ်သော မိန်းမလေး။ သူ့အပေါ်လည်း အလွန် လွှမ်းမိုးဘိုကျချင်သော မိန်းမကဲကလေး။

အခုဆိုလျှင် အိပ်တာတောင် သူ့မက ချုပ်ချယ်ကန့်သတ်ထား၏။

"ဟန်နီ အရင် မအိပ်ကြေး လုပ်ရအောင်ကွာ၊ သည်း အရင်အိပ်မယ်၊ နို့မို့ဆို ဟန်နီ အရင်အိပ်သွားရင် ဟောက်သံကြီးကြောင့် သည်းက တစ်ညလုံး အိပ်လို့မပျော်တော့ဘူး"

"ဟာကွာ၊ အိပ်တာတောင် မင်းက အရင်အိပ်မယ်၊ ကိုယ့်ကို မင်းအိပ်ပျော်မှအိပ်ဆိုတာကြီးကကွာ၊ မတရားသဖြင့်ကြီးပဲ၊ မအိပ်နိုင်ဘူးကွာ၊ အဲ့ဒါဆို ဘာဖြစ်မလဲ"

"ဘာဖြစ်မလဲဆိုတော့ သည်းတို့ အိပ်ရာခွဲအိပ်ရုံပေါ့ကွယ်။ အဲ့ဒီ ဟန်နီ့ဟောက်သံကြီးကို သည်းညည်းမခံနိုင်ဘူး"

"မင်း သက်သက်ဘိုကျတာကွာ၊ ဘာကိစ္စ အိပ်ရာခွဲအိပ်ရမှာလဲ၊ မခွဲနိုင်ဘူး၊ မင်းကို ငါ ကြည့်နေတယ်နော်၊ လက်ထပ်ပြီးတဲ့အချိန်ကစပြီးတော့ မင်း လိုချင်တာ၊ မင်းဖြစ်ချင်တာတွေချည်းပဲ မင်း ဖွတ်ဖန်တီးယူခဲ့တယ်၊ ကိုယ်လိုချင်တာကို မင်း ဘာတစ်ခုမှ မပေးခဲ့ဘူး၊ မင်း တော်တော်အတ္တကြီးတဲ့မိန်းမ၊ တစ်ကိုယ်ကောင်းဆန်တဲ့မိန်းမ"

သူ မကျေမချမ်းတွေ ပြောခဲ့ပေမယ့် နောက်ဆုံးတော့လည်း သူကပဲ အရှုံးပေးခဲ့ရတာပါပဲ။

အခုလည်း သူ့မက သူ မအိပ်ခင် ဦးအောင်ဝင်အိပ်နှင့်လို့ အိပ်မောပင်ကျနေပြီ။ သူက အိပ်ချင်စိတ်မရှိသေး။ ဒီနေ့မှ ကော်ဖီ၊ လက်ဖက်ရည်သောက်တာများပြီး သူ မျက်လုံးကြောင်

www.burmeseclassic.com



နေကာ အိပ်လို့မရ။ သူမကို ဒေါသထွက်ဆွေ့ဆွေ့ခုန်အောင် သူ စချင်နောက်ချင်လာခဲ့လေသည်။ လူတွေရှေ့ရောက်ရင် ဘယ်လောက်ဟန်ဆောင်ကောင်းပြီး ချစ်စဖွယ်ကောင်းအောင် ကယုကယင်နေတတ်၊ ဟန်ဆောင်တတ်သော သူမရဲ့ ဒေါသတကြီးအော်ဟစ်သောင်းကျန်းတတ်သောပုံကို သူ ဗီဒီယိုကဲန်မရာဖြင့်မှတ်တမ်းတင်ထားနိုင်လျှင် သူမအပေါ် အနိုင်ရမည်ဖြစ်လေသည်။

ခဏနေတော့ သူ စိတ်ကူးရသွား၏။ ထိုစိတ်ကူးကို တွေးကြည့်မိရုံဖြင့်ပင် သူ့ဘာသာသူ တစ်ယောက်တည်းကြိတ်၍ အသံမထွက်အောင် ရယ်မိ၏။ ဒီတစ်ညတော့ အိပ်လို့မရတဲ့ အတူတူ သူ့အပေါ် အလွန်ဘိုကျစိုးမိုးချင်သော သူ့မိန်းမကို သူ အနိုင်ပိုင်းရမည်။

သူ့စိတ်ကူးထဲကအကြံအစည်အတိုင်း အသုံးချဖို့အတွက် နိုင်လွန်ကြိုးခွေကို သူရှာဖွေရသည်။ သိပ်မရှာရဘဲ သူ တွေ့ပါသည်။ သူ စိတ်ရှည်လက်ရှည်ပင် နိုင်လွန်ကြိုးဖြင့် သူမ လက်ကောက်ဝတ်မှာ မလေ့ကျင့်ခြင်းကလေးချည်ကာ ကြိုးကိုတော့ နိုင်မြဲအောင်အထပ်ထပ်ချည်လေသည်။ ထို့နောက် ထိုကြိုးစကို



တစ်ဖက်စွန်းရှိ ပြတင်းပေါက်သံတိုင်မှာ သွားချည်ထား၏။ ထိုပုံစံအတိုင်း လက်နှစ်ဖက်၊ ခြေထောက်နှစ်ဖက်မှာ ကြိုးအသီးသီးချည်ကာ ကြိုးစလေးစကို လေးဖက်လေးတန်မှာ ဆွဲ၍ချည်ထားလိုက်သည်။

သူမသာ နိုးလာလို့ကတော့ ဘယ်လောက်တောင် ဒေါသအိုးပေါက်ကွဲလိုက်မလဲလို့။

ထို့နောက် သူက ဗီဒီယိုကဲန်မရာကို အဆင်သင့်ပြင်ဆင်ထုတ်၍ သူ့နံဘေးတွင်ထားလိုက်သည်။ ကြိုးလေးတန်းဖြင့် ပင့်ကူတစ်ကောင်လို အိပ်မောကျနေသော သူမထံမှ ဟောက်သံမှန်မှန်ထွက်လျက်ရှိတာကို ပထမဆုံး ဗီဒီယိုရိုက်ယူမှတ်တမ်းတင်ထားလိုက်သည်။

ခဏကြာတော့ သူလည်းအိပ်ချင်စိတ်ပေါ်လာကာ သူမ နံဘေးတွင် ဝင်အိပ်နေလိုက်သည်။ ကြိုးလေးချောင်းက ရှုပ်နေသဖြင့် လွတ်လွတ်လပ်လပ်တော့ မအိပ်ရ။ သူမဖက်သို့ လှည့်ကြည့်မိတိုင်း သူ့ခန္ဓာကိုယ်တသိမ့်သိမ့်ခါလာသည်အထိ ပြုံးမောမိလေသည်။

www.burmeseclassic.com

www.burmeseclassic.com

လေးဖက်လေးတန် ကြိုးလေးဖက်ဖြင့် မက်မက်

မောမော အိပ်မောကျနေသော ပြည်သူ့အချစ်တော် ရွှေမင်းသမီး။

□□□



"သိင်္ဂါရ"

ရူးရကျွယ်လောင်သော အသံနက်နက်ကြီးကြောင့် သူ ဖျတ်ခနဲ လန့်နိုးလာခဲ့လေသည်။ မျက်လုံးများဝင်းဝင်းတောက်လျက်ရှိကာ ကြိုးလေးစ၏ ဆွဲနှောင်တုပ်ချည်ထားမှုကြောင့် အိပ်ရာပေါ်မှထ၍မရသော သူမသည် ဒေါသအမျက်ချောင်းချောင်းထွက်လျက်ရှိ၏။

"ဒါ ရှင်လုပ်ထားတာမှလား၊ ဟင် ရှင် တော်တော်လက်အားနေသလား၊ ဟုတ်လား၊ လူယုတ်မာ၊ လူယုတ်မာ၊ ထစမ်း၊ ခုထစမ်း၊ ကြိုးတွေ ဖြည်ပေးစမ်း"

သူမ အသံကုန်အော်ဟစ်နေတာကို သူက ဗီဒီယို



www.burmeseclassic.com

www.burmeseclassic.com



ကဲန်မရာ အသင့်ဆွဲကိုင်လျက် သူမပုံကို Close-up တွေဘာတွေ ဆွဲပြီး ဝမ်းမြောက်ဝမ်းသာ ရိုက်ယူလျက်ရှိသည်။

"ကြည့်စမ်း၊ အဲ့ဒါ ဘာလုပ်နေတာလဲ ဟင်၊ ကြိုးတွေပြည် ပေးလို့ ပြောနေတာ မကြားဘူးလား၊ နားလေး၊ နားထိုင်း ကြီးရဲ့"

သူက ဘာမှမပြော မတုံ့ပြန်ဘဲ သူမကိုသာ ဗီဒီယို ကဲန်မရာဖြင့် ရှုထောင့်အမျိုးမျိုးမှ ဆွဲရိုက်နေလေသည်။ သူက အဲ့ဒီလိုလုပ်လေ၊ သူမ ဒေါသမီးက ဟုန်းဟုန်းတောက်လေ။ မီး ကုန်ယမ်းကုန် မြည်တမ်းကျိန်ဆဲလေပင် ဖြစ်တော့သည်။

"အဲ့ဒါ အစစ်ပဲ၊ မေယုံကြည်ရဲ့ သရုပ်မှန်ပါပဲခင်ဗျား၊ ကျွန် တော် မှတ်တမ်းတင်ထားပါတယ်"

သူမကာ ဖျတ်ခနဲ ခဏငြိမ်ကျသွားပြီးမှ ဟက်ဟက် ပက်ပက်ရယ်မောတော့လေသည်။

"ဪ၊ ဟန်နီက နောက်နေတာလား၊ ပြောပြောကစော ပါတော့လားကွယ်၊ ဟိဟိဟိ"

ထို့နောက် သူမ ချက်ချင်းပင် အမူအရာပြောင်းလဲ





သွားတော့၏။ ဒေါသဟူ၍မြူတစ်မှုန်မျှပင်မရှိတော့ဘဲ အမူအရာ တွေ ပုံစံအမျိုးမျိုးလုပ်ကာ မြှောင်စပ်စပ်မျက်နှာပေးတွေဆီ ပြောင်း လဲသွားတော့သည်။ သူမက အဲ့ဒီလောက်တော်သော သရုပ်ဆောင် ကောင်းတစ်ယောက်ဖြစ်သည်။

သူ ကဲန်မရာကိုပိတ်ပစ်လိုက်ပြီးလျှင် သူမကို ကြိုး တွေသွား၍ဖြည်ပေးလိုက်သည်။ လက်တွေခြေတွေလွတ်မြောက် သွားသည်နှင့် သူမသည် သူ့ကို ဝုန်းခနဲခုန်အုပ်ကာ အချက်ပေါင်း များစွာ ထုနှက်တော့လေသည်။

"အကြင်နာတရားမရှိတဲ့လူ၊ မင်းသားခေါင်းဆောင်းထား တဲ့ ဘီလူးကြီး၊ ယေး၊ အဲ့ဒီ ကဲန်မရာကို ငါ ကိုင်ပေါက်ခွဲပစ် မယ်၊ ငါ့ကိုများ လုပ်ကြံချင်သေးတယ်၊ လာမစမ်းနဲ့ မရ ဘူး မှတ်ထား၊

မေယုံကြည်ကို လူတိုင်းက နင့်ထက်ပိုချစ်ကြတာ သိလား၊ ဒါကို နင်က ယောကျ်ားကြီးတန်မဲ့ မနာလိုဖြစ် နေတာ၊ ဟုတ်တယ်မလား"

"သွားစမ်းပါ၊ မင်း ဟန်ကြီးပန်ကြီးနဲ့ ဟန်ဆောင်လွန်းတာ

www.burmeseclassic.com

ကို ကြည့်မရလို့၊ မင်းရဲ့ဗီဇအမှန်ကို ဖော်ထုတ်လိုက်တာ၊ တော်ပြီ၊ မင်းနဲ့ငါ ရန်မဖြစ်ချင်တော့ဘူး၊ Exercise သွားလုပ်မယ်"

သူက စက်ကိရိယာတွေထားရာ Exercise လုပ်သောအခန်းထဲသို့ ဝင်လာခဲ့သည်။ မနက်အိပ်ရာကနိုးလျှင် ရေမချိုးခင် သူ ပုံမှန်လေ့ကျင့်ခန်းလုပ်နေကျဖြစ်၏။ အခန်းထဲတွင် သူရော သူမအတွက်ပါ စက်ကိရိယာအစုံတပ်ဆင်ထားခဲ့သည်။ သူက် ပြေးလမ်းနဲ့လမ်းလျှောက်လေ့ကျင့်စက် (Tread Mill) ပေါ်တွင် နာရီဝက်လောက်ပြေးလိုက်ပြီးမှ ရင်ဘတ်ကြွက်သား လေ့ကျင့်စက် (Chest Press Machine) ထဲတွင် အလေးပြားတချို့ထည့်ပြီး ကူရှင်ပြားပေါ်တွင် ပက်လက်အိပ်လျက် အလေးမသည်။ ထိုအချိန်တွင် သူမအခန်းထဲ ရုတ်တရက်ဝင်လာတာကို သူ မမြင်လိုက်။

လက်တန်းနှစ်ခုကို အပေါ်သို့မ,တင်ယူပြီး အောက်သို့ပြန်ချခါနီးတွင် ချလို့မရတော့ဘဲ မတန်တဆကြီးလေးနေတာကို ခံစားရသည်။ အဲ့ဒီတော့မှ သူမလက်ချက်မှန်း သူ သဘော





ပေါက်၏။

"ဟ ဟ ပြန်ချလို့မရတော့ဘူး၊ ဘာလို့ ဒီလောက်လေးကုန်ရတာလဲ၊ ယုံကြည်၊ မင်း ငါ့ကို သေကြောင်းကြံနေတာလားကွ၊ အလေးပြားတွေ မင်း ထပ်ထည့်လိုက်တယ်မှလား ပြန်လျှော့ပေးစမ်း"

"မလျှော့ပေးဘူး၊ အဲ့ဒီအတိုင်းသာ မ,ထား"

"ဟာ မင်းနော်၊ ငါ လက်အံသေလာပြီကွ"

"သေလိုက်၊ သေလိုက်"

သူမက တမင်တကာပင် ခိုးခိုးခစ်ခစ်ရယ်မောလျက်ရှိသည်။

"မယုံကြည်၊ မင်း မယုတ်မာနဲ့နော်၊ ဟေ့ ဘယ်သူတွေရှိကြလဲ၊ ငါ့ကို အလေးတွေလာလျှော့ပေးဦး၊ ဒီမှာ ငါ့ရင်ဘတ်ပေါ်ပိကျတော့မယ်"

သူ တအားကြုံးအော်မှ အိမ်ရှိလူတွေ အကုန်ပြေးဝင်လာကြကာ အလေးပြားတွေကို လျှော့ချပေးရ၏။ သူ အသက်ထွက်လုမတတ် မောပန်းကာ ခြေကုန်လက်ပန်းကျနေသလို သူမ



www.burmeseclassic.com

www.burmeseclassic.com



ကို စိတ်လည်းဆိုးလျက်ရှိသည်။

"ယုံကြည်၊ မင်း မှတ်ထားဦးပေါ့ကွာ၊ အလှည့်ကျတော့ မနဲ့.ဇတမ်းပေါ့ ဟုတ်လား"

သူ အော်ဟစ်ကြုံးဝါးပစ်လိုက်သည်။ သူမက တမင်လုပ်ယူထားသော ရယ်သံအကျယ်ကြီးဖြင့် ရယ်မောလျက်။



## အစစ် (၃)

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁၀)

တစ်ယောက်ကိုတစ်ယောက် အလိုလိုနေရင်း ကြည့်မရဖြစ်လာသော လစ်ရင်လစ်သလို လက်ဦးသူကဦးအောင်ချောက်ချအနိုင်ယူတတ်လာသော သူမတူအောင်မှင်သေ၍သရုပ်ဆောင်ကောင်းလွန်းသော သူတို့နှစ်ယောက်ကြားတွင် နေ့စဉ်နှင့်အမျှ ပဋိပက္ခတွေဖြစ်ပေါ်လျက်ရှိလေသည်။

တချို့ပဋိပက္ခတွေက ရယ်မောခြင်းဖြင့် ပြီးဆုံးသွားတတ်ပေမယ့် တချို့ပဋိပက္ခမျိုးတွေကျတော့ အငြိုးအခုများအဖြစ်



www.burmeseclassic.com

www.burmeseclassic.com



အလိုလို ကိုယ်စီသိမ်းဆည်းစုပုံထားစရာတွေဖြစ်လာသည်။ တစ်ယောက်ကိုတစ်ယောက် မခံချင်အောင် နှောက်ပြောင်ကျီစယ်တတ်သလောက်၊ သည်းညည်းမခံတတ်သောအကျင့်စရိုက်သည် သူနှင့်သူမမှာ တူညီစွာရှိနေခဲ့ကြသည်ကို အိမ်ထောင်သက်ရင့်ကြာလာသည်နှင့်အမျှ သူတို့နှစ်ယောက်စလုံး သိမြင်လာခဲ့ကြသည်။ အဲ့ဒီလို သိမြင်လာပြီးနောက် တစ်ယောက်နှင့်တစ်ယောက် ညှိနှိုင်းကြ၊ အလျှော့ပေးကြမလားဆိုတော့လည်းမဟုတ်ကြ။ သူတို့နှစ်ယောက်စလုံးမှာ တစ်ယောက်ယောက်ကတော့ အမြဲ အနိုင်လိုချင်စိတ်က ထက်သန်ဆဲဖြစ်လေသည်။ ထိုအနိုင်ယူလိုစိတ်တွေ၊ ယှဉ်ပြိုင်ချင်စိတ်တွေ နှစ်ယောက်စလုံးမှာ ကိန်းအောင်းစွဲမြဲသမျှ သူတို့နှစ်ယောက် ဘယ်တော့မှ သင့်မြတ်နိုင်မည်မဟုတ်။ သင့်မြတ်လည်း ခဏပင်။

သို့သော် သူတို့နှစ်ယောက်စလုံး တစ်စထက်တစ်စ ပို၍ပို၍ အောင်မြင်ကျော်ကြားလာခဲ့ကာ သူတို့စုံတွဲသည် မြန်မာပြည်ပရိသတ်၏အချစ်တော်ဖြစ်မြဲ။ သူတို့နှစ်ယောက်ပေါင်းရိုက်သောကားတိုင်းသည် သူနှင့်သူမ တစ်ယောက်ချင်းစီ ခွဲ၍ရိုက်



သောကားတွေထက် အဆပေါင်းများစွာ ပိုအောင်မြင်တတ်မြဲမို့ ထုတ်လုပ်သူ၊ ဒါရိုက်တာတိုင်းကလည်း သူတို့နှစ်ယောက်တွဲကိုသာ အငှားများကြသည်။ သူနှင့် သူမတို့၏ assistant များဖြစ်သော ဝိရနှင့် သက်ကြွေတို့ကလည်း သူနှင့်သူမ နှစ်ယောက်တွဲကားတွေကိုသာလက်ခံလေ့ရှိတာမို့ သူတို့တပူးတွဲတွဲ သရုပ်ဆောင်ရမြဲ။

ထိုသို့ သရုပ်ဆောင်ကြတိုင်းလည်း နှစ်ယောက်သား သူနိုင်ကိုယ်နိုင်အစွမ်းကုန် ယှဉ်ပြိုင်သရုပ်ဆောင်ကြစမြဲ။ သရုပ်ဆောင်သည့်နေရာတွင် နှစ်ယောက်စလုံးက သူ့ထက်ငါပိုတော်အောင် ကြိုးစားကြစမြဲမို့ ဒါရိုက်တာတိုင်းကလည်း သူတို့နှစ်ယောက်စုံတွဲနှင့်သာ ရိုက်ချင်ကြသည်။

ရလဒ်ကတော့ သူတို့နှစ်ယောက်၏ အပြိုင်အဆိုင်စိတ်တွေသည် ပို၍ပြင်းထန်အားကောင်းလာခဲ့ခြင်းဖြစ်သည်။ ထိုအပြိုင်စိတ်ကို ရိုက်ကွင်းမှာသရုပ်ဆောင်နေချိန်သာမက ပြင်ပအထိပါသယ်ဆောင်လာခြင်းသည် သူတို့အိမ်ထောင်ရေးကို အက်ကြောင်းထင်စေစ,ပြုမှန်း သူတို့ တော်တော်နှင့် သတိမထားမိခဲ့။

www.burmeseclassic.com



"အခုရိုက်မယ့်ကဒ်က ယုံယုံက ဒီခုံတန်းကလေးမှာ ချစ်သူအလာကို အမြဲထိုင်စောင့်နေရတဲ့ မိန်းကလေး၊ ကိုသိဂ်ါက ချိန်းတိုင်းအမြဲ နောက်ကျတတ်တဲ့လူ၊

ဒီနေ့အခန်းရိုက်ဖို့ ခုံတန်းကလေးမှာရော၊ မြေပြင်မှာပါ ပရွက်နီတွေအုံခဲနေတော့ တခြားတစ်နေရာကို ရွှေ့မှဖြစ်မယ်"

နေရာက အင်းလျားကန်စောင်းပန်းခြံထဲက ရေစပ်ရှိခုံတန်းကလေးဖြစ်သည်။ ပရွက်နီတွေ ထိုင်ခုံမှာရော၊ အောက်ခြေမြေပြင်မှာပါ အုံခဲနီရဲနေသဖြင့် ဒါရိုက်တာက နေရာရွှေ့ဖို့ပြောခြင်းဖြစ်သည်။ သူက ဝင်၍

"မရွှေ့နဲ့၊ ဒီခုံကလေးမှာပဲ ရိုက်မယ်၊ ဒါမှ စောင့်ရလို့ နာကျင်စိတ်တိုနေတဲ့မျက်နှာအစစ်ကို ရမယ်၊ ပရွက်နီကိုက်တာကိုတော့ နည်းနည်းသည်းညည်းခံရမှာပေါ့၊ ဒါ အနုပညာလုပ်နေတာ၊ နေရာရွှေးလို့မရဘူး၊ ဒီနေရာလေးပဲကောင်းတယ်၊ မရွှေ့နဲ့တော့"

ဟု ပြောလိုက်လျှင် သူမ မျက်နှာ ဖျတ်ခနဲတစ်ချက်





တင်းသွားပြီးမှ ချက်ချင်းဟန်ဆောင်ပစ်လိုက်သည်။

"ရပါတယ်၊ ယုံယုံ ဒီခုံမှာပဲ ထိုင်လိုက်ပါ့မယ်၊ ရိုက်သာရိုက်၊ ပရွက်နီကိုက်တာက အရေးမကြီးပါဘူး၊ ရတယ်၊ ရတယ်၊ ရိုက်မယ်"

သူမက ဘာမှမဖြစ်သလို ပြောလိုက်ပေမယ့် ရင်ထဲမှာမျက်ရှသွားပြီ။ ဒါ သူ တမင်သက်သက် သူမကို ချောက်ချတာ။ ပရွက်နီတွေကြောင့် မရိုက်ချင်ဘူး၊ နေရာရွှေ့မယ်ဆိုလျှင် သူမ သတ္တိနည်းရာကျမည်။ သူက အနုပညာကို တန်ဖိုးထားဦးစားပေးရှေ့တန်းတင်သူဖြစ်သွားမည်။ ဒါမျိုးတော့ မရ။ သူမက ပရွက်နီအကိုက်ခံပြီးတော့ကို အနုပညာကိုချစ်ပြမည်။

သူမ ထိုင်ခုံတန်းကလေးတွင် ဝင်ထိုင်နေလိုက်ပြီ။ အင်းလျားရေပြင်ဆီသို့ ငေးငေးငိုင်ငိုင်ကလေးကြည့်နေသည်။

ရင်ထဲမှာ နာကျင်ခံခက်ခြင်းတွေ ရုံးစုတွန်းထိုးလျက်ရှိသည်။ သူ ဘာကြောင့် ဒီလိုလုပ်ရတာလဲ။ ဒါ အနုပညာသက်သက်အတွက်မဟုတ်။ သူမကို ပညာပြခြင်း၊ ကြောခြင်းသာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပလွှက်နီကောင်တချို့ သူမ လက်တွေ၊ ခြေထောက်တွေပေါ် တက်လာပြီး ခြေထောက်မှာ အကိုက်ခံရသဖြင့် နီရဲစပ်ဖျဉ်းလာသည်။

"အိုကော၊ ရိုက်မယ်၊ ကဲန်မရာမဲန်းရေ၊ ပလွှက်နီတွေကိုပါ အစစ်ထည့်ရိုက်မယ်၊ ကလို့(စ်)အပ်(ပ်)ထွဲပေး၊ တဖြည်းဖြည်း မျက်နှာဆီယူမယ်၊ မျက်လုံးတွေမှာ နာကျင်ရိပ်တွေ၊ မျက်ရည်ဝဲတက်လာမယ်၊ ဟုတ်ပြီ အားလုံးကောင်းတယ်၊ အိုကော၊ စရိုက်မယ်၊ ဆင်း(န်) ဆဲဗဲန်း၊ ကဒ် သရီး၊ ဖိုက် ဖိုး သရီး တူး ဝမ်း၊ အက်ရှင်"

သူမ တစ်ယောက်တည်းစောင့်နေရတာကို အကြာကြီးဆွဲရိုက်နေသည်။ ခြေထောက်မှာ ပလွှက်နီတွေ ကိုက်လှပြီ။ မျက်ရည်တွေ တကယ်ဝဲတက်လာလေသည်။ စိတ်ဆိုးသော၊ နာကျင်သော မျက်ရည်အစစ်တကယ်ဖြစ်သည်။

"ကိုသိဂ်ါ ဝင်လို့ရပြီ၊ ဝင်မယ်"

သူ သူမ နားသို့ ရောက်လာသည်။ ရောက်လာပုံက ပျာယိပျာယာဟန်မျိုး။ တကယ်ရိုက်ရမှာက သူ့ကို သူမက နာကျင်စွာ မော့ကြည့်ရုံသာ။

"ဆောရီး ၄ဝါရယ်၊ စောင့်နေတာ ကြာပြီလား၊ ကိုယ် နောက်ကျသွားတယ်၊ လာခါနီး"

သူ့စကားပင် မဆုံးလိုက် သူမသည် ထိုင်နေရာမှ ဆတ်ခနဲထ,ကာ သူ့ရင်ဘတ်ကို တအားဆောင့်တွန်းပစ်လိုက်တော့သည်။ သူက လုံးဝမျှော်လင့်မထားတာမို့ ကိုရိုကားယားဖြင့် ကန်ထဲသို့ ဗွမ်းခနဲမြည်အောင်ပင် ပြုတ်ကျသွားတော့သည်။

"ဟာ ယုံယုံ၊ ဘယ်လိုလုပ်လိုက်တာလဲ"

"ဆက်ရိုက်၊ ဆက်ရိုက်၊ အဲ့ဒီအခန်းတကယ်လှတယ်၊ သူ ရေထဲကျသွားပုံကို သေချာရိုက်ရဲ့လား၊ ဟင်းဟင်း အဲ့ဒါ အစစ်တစ်ခုပဲပေါ့ရှင်၊ ဒီလောက် ပလွှက်နီတွေအကိုက်ခံပြီး စောင့်နေရတဲ့မိန်းကလေးက အဲ့ဒီလို ရေကန်ထဲတွန်းချချင်စိတ် မပေါက်ဘဲနေမလား၊ အဲ့ဒီအကွက်ကလေးလှတယ်၊ ခုဏာက မရလိုက်ရင် ပြန်ရိုက်ချင်ရိုက်"

သူ ရေကန်ထဲမှ ရွှဲရွှဲစိုစွာပြန်တက်လာသည်။ သူမ ထံသို့ မျက်လုံးနီနီဖြင့် စိုက်ကြည့်၍ အနားသို့ရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com

“သည်း၊ မင်း ဘယ်လိုလုပ်လိုက်တာလဲ”

“အနုပညာအရ လုပ်လိုက်တာလေ၊ ဆောရီး ဟန်နီရယ်၊ သိပ်လန့်သွားလားဟင်၊ ရေစိုသွားတာတွေ သည်း သုတ်ပေးပါမယ်၊ သည်း ချမ်းဝင်သွားလို့ပါ”

သူမ ဘာမှမဖြစ်သလိုပင် ရွှန်းရွှန်းဝေဝေပြောလျက် သူ့ခေါင်းနှင့်မျက်နှာဆီသို့ သဘက်တစ်ထည်ဖြင့် သုတ်ပေးလေသည်။ သူက ဘာမှထပ်မပြောတော့။ သူမကလည်းမပြော။ လူအများရှေ့မှာ ရေကန်ထဲသို့ တွန်းအချခံလိုက်ရကာ ပုံပျက်ပန်းပျက် ပြုတ်ကျသွားသောသူ့ပုံစံကို မော်နီတာမှာပြန်ကြည့်ပြီးချိန်ကစပြီး သူမကို သူ စကားမပြောတော့ခြင်းဖြစ်သည်။

ရိုက်ကွင်းရှိ လူအများရှေ့မှာ ဟန်မပျက် ဆက်သရုပ်ဆောင်နေကြပေမယ့် အိမ်ပြန်ရောက်တာနှင့် သူက ပစ္စည်းတွေကို အသံမြည်အောင် ဆောင့်အောင့်ချကာ သူမကို စကားမပြော။

သူမကလည်း လုံးဝအရေးမလုပ်သည့်ပုံစံဖြင့် သူ့ကို စပြီးစကားပြောဖို့မကြိုးစားဘဲ ဘာသိဘာသာနေလိုက်သည်။ မျက်နှာချင်းမဆိုင်မိအောင် တစ်ယောက်နှင့်တစ်ယောက် ရှောင်နေ





ကြသည်။ ထမင်းစားချိန်ကျတော့လည်း အတူတူမစား။ သူက အပြင်ထွက်သွားကာ ဟိုတယ်လ်မှာသွားစားသည်။

ညအိပ်ချိန်ကျတော့လည်း သူက တခြားအခန်းတွင် ပြောင်း၍အိပ်လေသည်။

“အမ်လေး ကောင်းလိုက်တာ၊ အခုမှပဲ ဟောက်သံအန္တရာယ်က ကင်းလွတ်သွားတော့တယ်”

သူမက တစ်ကိုယ်တည်း ကျေနပ်စွာပြောသည်။ ထိုရက်ပိုင်းများအတွင်း စကားပြောစရာရှိလျှင် တိုက်ရိုက်မပြောဘဲ assistant ကိုယ်စီကနေတစ်ဆင့် ပြောခိုင်းကြသည်။

တကယ်တော့ ပြဿနာသည် ဘာမှမဟုတ်သော အသေးအမွှားကလေးသာဖြစ်သည်။ သူကစပြီး ဦးအောင် မခေါ်မပြောလုပ်လာသောအခါ သူမကလည်း မာနခပ်ကြီးကြီးဖြင့် တင်းခံထားခဲ့သည်။

ထိုရက်ပိုင်းအတွင်း ပရိုဂျူဆာတချို့က သူနှင့်သူမ စုံတွဲရိုက်ဖို့ လာငှားသမျှကို သူက ငြင်းပစ်လိုက်သည်။

“ကျွန်တော်တို့စုံတွဲကားတွေက သိပ်များနေပြီဗျာ၊ ပရိသတ်



www.burmeseclassic.com

www.burmeseclassic.com

ရိုးအိပြီး ငြိုးငွေ့သွားမှာ စိုးရိမ်တယ်၊ ကျွန်တော် တခြား မင်းသမီးနဲ့ပဲ တွဲမယ်”

ဟုဆိုကာ သူက ‘စန္ဒာယုန်’ ဟူသော တခြားရုပ်ပါ မင်းသမီးတစ်လက်ကိုသာ သူနဲ့တွဲဖက်ရိုက်ဖို့ တောင်းဆိုခဲ့သည်။ သူနှင့် စန္ဒာယုန် တတွဲတွဲဖြစ်လျက်ရှိတာကို သူမက တစ်စက်မှ ကြည့်၍မရ။

သူ တင်ပေးသောကြောင့် စန္ဒာယုန်သည် တရိပ်ရိပ် တက်လာကာ ပို၍နာမည်ကြီးလာသည်ကို သူမ မခံနိုင်။ ပြီးတော့ စန္ဒာယုန်သည် သူမထက် ပို၍အသက်ငယ်ပြီး ပို၍လည်းချော သည်။ မော်ဒယ်လ်ဘဝမှ ကူးပြောင်းလာသူပီပီ ဝတ်စားဆင်ယင်ပုံ တွေက အလွန်ခေတ်ရှေ့ပြေးလေသည်။

သူမသည် စန္ဒာယုန်ကို အကြီးအကျယ် မနာလိုဖြစ် လာသည်။ အလွန်လည်သော၊ သွက်သော၊ ညို့ယူဖမ်းစားတတ် သော စန္ဒာယုန်နှင့် သူ ငြိသွားမှာကို စိုးရိမ်လျက်ရှိသည်။ သူနှင့် စန္ဒာယုန်တွဲခုတ်နေသောသတင်းသည် ဟိုကတစ်စ၊ ဒီကတစ်စ ထွက်ပေါ်လာခဲ့လျှင် သူမ မခံမရပ်နိုင်အောင် ဆွေ့ဆွေ့ခုန်တော့ သည်။ သူမှ ငြိမ်နေ၍မဖြစ်တော့။ လက်တုံ့ပြန်ရတော့မည်။

တစ်ရက်တွင် သူမသည် သူတို့နှစ်ယောက် ရိုက် ကွင်းသို့ လိုက်သွားသည်။ မန်းခြံထဲမှာ သူတို့နှစ်ယောက်၏ LOVE SCENE ရိုက်နေချိန်နှင့် တည့်တည့်တန်းတိုးလျှင် သူမ သည် စိတ်မထိန်းနိုင်တော့ဘဲ သူတို့နှစ်ယောက်ရှိရာဆီသို့ ကား ကို တစ်ရှိန်ထိုးမောင်းဝင်သွားလေသည်။

“ဟာ ဟာ လုပ်ကြပါဦး၊ အဲ့ဒါ ယုံယုံ့ကားကြီး မဟုတ် လား၊ ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲ”

ရိုက်ကွင်းတစ်ခုလုံး ဖရိုဖရဲ ပွက်လောရိုက်သွားခဲ့ လေသည်။ သူမကားက အရှိန်ပြင်းပြင်းဝင်လာတာတွေ့ရစဉ် သူ က စန္ဒာ့လက်ကိုဆွဲကာ ကားလမ်းကြောင်းဆီမှ မြက်ခင်းဘေးသို့ ခုန်ရှောင်ပစ်လိုက်ရလေသည်။ သူမက ဘရိတ်ကို အသံမြည် အောင်ဆွဲပစ်လိုက်ပြီး

သူ့မက တဟားဟားအော်ရယ်ကာ

“ဟား ဟား ဟား၊ ဘယ်လိုလဲ၊ သိပ်လန့်သွားကြသလား၊ မလန့်ပါနဲ့ကွယ်၊ နောက်တာပါ”





စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com

ဟု အော်ပြောလိုက်မှပင် သူတို့အားလုံး သက်ပြင်းချနိုင်တော့သည်။

"ယုံယုံကွာ၊ အရမ်း ဘရုတ်ကျတာပဲ၊ အဲ့ဒီလောက်တောင် နောက်ရသလားဟ၊ ငါတို့အားလုံး လန့်သွားတာပဲ"

ဒါရိုက်တာက သူမ နောက်ပြောင်ကျီစယ်သည်ပင် တမင်ထင်မှတ်ကာ ရိုက်ကွင်းပြန်စကြသည်။ ခါတိုင်းလည်း သူမက အစအနောက်သန်နေကျမို့ ရိုက်ကွင်းထဲအထိ ကားနှင့်တိုက်မည့်ပုံဝင်ချလာတာကို တစ်ဖွဲ့သားလုံးက နောက်ပြောင်ခြင်းဟုသာ မှတ်ယူလိုက်ကြလေသည်။

သူမ နောက်ပြောင်ခြင်းမဟုတ်ဘဲ တကယ်လုပ်ခဲ့သည်ဆိုတာကို သူ တစ်ဦးတည်းသာသိသည်။ စန္ဒာယုန်ပင် မသိ။

"အဲ့ဒီ မယုံကတော့ အရမ်း အနောက်သန်တာပဲ၊ စန္ဒာဖြင့် လန့်သွားတာပဲ၊ တကယ်"

ဟု ရင်ဘတ်ကလေးဖိကာ ပြော၏။ သူကတော့ သူမကို ဘာမှမပြောဘဲ စူးရှစွာပင် စိုက်ကြည့်နေခဲ့သည်။ သူရော သူမပါ တစ်ယောက်ကိုတစ်ယောက် ကြည့်မရဖြစ်ခဲ့ကြတာကြာပြီ။





လူအများရှေ့တွင်သာ ချစ်ဟန်ဆောင်ကြလျက် နှစ်ယောက်ချင်းသာသိသော အေးစက်တင်းမာမှုသည် ဘယ်သူမှ မသိနိုင်လောက်အောင်ပင် လျှို့ဝှက်တိတ်ဆိတ်လှလေသည်။

ခါတိုင်းဆိုလျှင် သူမ လုပ်ခဲ့တာအတွက် သူ့ဖက်က ပြန်လည်တုံ့ပြန်လေ့ရှိသော်လည်း ဒီတစ်ခါ သူ အသုံးပြုသောနည်းက ဥပေက္ခာပြု၊ လျစ်လျူရှုသောနည်းဖြစ်၏။ ထိုနည်းက သူမနှလုံးသားကို ခပ်ဆတ်ဆတ်ရိုက်လိုက်သလို ခံစားရလေသည်။

သူ သူမအပေါ် တကယ်အေးစက်နိုင်ပြီလား၊ ငြီးငွေ့စိတ်ပျက်သွားပြီလား၊ ဒါမှမဟုတ် အသစ်တွေ့နေပြီလား။ သူမသည် သံသယတွေ၏ ဖိစီးနှိပ်စက်ခြင်းကို စတင်ခံစားလာရသည်။

□□□



www.burmeseclassic.com

www.burmeseclassic.com

"ယုံယုံ၊ ကိုသိင်္ဂါ ရိုက်ကွင်းမှာ ဒဏ်ရာရလို့တဲ့၊ ဖုန်းဝင်လာတယ်၊ ဆေးရုံလိုက်ခဲ့ပါတဲ့"

ဒါရိုက်တာလာပြောစဉ် သူမက ကြော်ငြာရိုက်ဖို့အတွက် အဝတ်အစားလဲနေစဉ်ဖြစ်သည်။

"ဟုတ်လား၊ ဘယ်လိုဖြစ်တာလဲဟင်၊ ဘာဖြစ်သွားသေးလဲ"

သူမ ထိတ်ထိတ်ပျာပျာ မေးလိုက်သည်။

"ဆောက်လက်စ တိုက်ပျက်ကြီးပေါ်မှာ ဖိုင်တင်ခန်းရိုက်ရင်း အားလွန်ပြီး ပြုတ်ကျသွားတာတဲ့"

"အမလေး၊ ဟန်နီ ဘာဖြစ်သွားသေးလဲ၊ မြန်မြန်သွားမယ်၊





မြန်မြန်သွားမယ်၊ ယုံယုံပြန်လာပါမယ်နော်၊ ခဏလေးပါ"

သူမသည် ကမူးရှူးထိုးဖြင့် ကားပေါ်သို့ တက်လေသည်။ မောင်ထွေးက ကားပေါ်မှာအဆင်သင့် စောင့်နေသည်။

"ဘယ်ဆေးရုံလဲဟင်၊ ဘယ်ဆေးရုံလဲ"

"ဆေးရုံကြီး အရေးပေါ်ဌာန"

"မြန်မြန်မောင်း၊ မောင်ထွေး"

သူမ စိုးရိမ်စိတ်ပူစွာ လိုက်လာခဲ့သမျှ ဆေးရုံကြီးအရေးပေါ်ဌာနရှေ့တွင် လူတွေကြိတ်ကြိတ်တိုးအောင်စည်ကားနေသည့်ကြားမှ သူမ အထဲသို့ရောက်သွားချိန်တွင် သူ့ဘေးမှာ စန္ဒာယုန်ကို တွဲ၍တွေ့လိုက်ရသောကြောင့် မနာလိုဝန်တိုမှုဖြင့် ဒေါသထွက်သွားလေသည်။ သူမကို မြင်တော့ သူက လူတွေရှေ့မှာမကောင်းတတ်၍ ပြုံးပြနှုတ်ဆက်သောအပြုံးဖြင့်ပြုံးပြသောအခါသူမ ရင်ထဲမှာ အောင့်သက်သက်ဖြစ်သွား၏။ စန္ဒာယုန်ကကျတော့ သူ့ဘေးမှာ

"ကိုသိင်္ဂါရက အောက်ကိုပြုတ်ကျချိန်မှာ လက်နှစ်ဖက်နဲ့ထောက်ချလိုက်တော့ လက်ကောက်ဝတ်ရိုးက အရိုးက



www.burmeseclassic.com

www.burmeseclassic.com

ကျိုးသွားတယ်၊ တံတောင်ဆစ်နားက အရိုးက အက်သွားတယ်၊ နှစ်ဖက်စလုံး အဲဒီအတိုင်းကို ကျိုးတာ၊ ဒီမှာ ဓာတ်မှန်တွေရပြီ၊ ကဲ နှစ်ဖက်စလုံးကို ကျောက်ပတ်တီးကိုင်ရမယ်”

ဟု ဆရာဝန်က သူရော သူမကိုပါ သေသေချာချာ ရှင်းပြလေသည်။

“ဟာ၊ လက်နှစ်ဖက်လုံး ကျောက်ပတ်တီးကြီးနဲ့ဆိုတော့ ဒုက္ခပဲ၊ ကျွန်တော် ထမင်းဘယ်လိုစားရမလဲ၊ အိမ်သာတက်ပြီးရင် ဘယ်လိုလုပ်ရမလဲ”

သူက အရေးထဲ အရွှန်းအနောက်တွေပြောနေသဖြင့် ဝိုင်းအုံကြည့်နေကြသော ပရိသတ်က ဝါးခနဲရယ်မောကြသည်။

“မင်းသားက တော်တော်ပျော်တတ်ပုံရတယ်၊ လက်နှစ်ဖက်စလုံးကတော့ အနားယူရဦးမှာပေါ့ဗျာ၊ ဝေယျာဝစ္စတွေကတော့ မယုံကြည်တစ်ယောက်လုံးရှိသားပဲ၊ သူ့တာဝန်ပေါ့”





ဆရာဝန်က ပြန်လည်နောက်ပြောင်ရင်း သူ့လက်နှစ်ဖက်စလုံးကို ကျောက်ပတ်တီးကိုင်ပေးနေသည်။ စန္ဒာယုန်က သည်းထိတ်ရင်ဖိုဖြစ်ခဲ့သော ရိုက်ကွင်းအကြောင်း သူမကို ပြန်လည်ပြောပြနေသည်။

“တိုင်ပင်လွဲသွားတာ မမယုံရဲ့၊ ကိုသိင်္ဂါက ခုန်တော့ခုန်ချရမှာ၊ ဒါပေမယ့် နောက်တစ်ခန်းကျမှ အပေါ်က ခုန်ချရမှာ၊ အောက်မှာ မွေ့ရာပိုက်ကွန်နဲ့ အဆင်သင့်စောင့်မှာ၊ အဲဒါကို ထိုးရင်းနဲ့ အရှိန်လွန်ပြီး ပြုတ်ကျသွားတာ၊ စန္ဒာတော့ ကြုံးအော်တာပဲ၊ သွားပြီလို့၊ အထပ်က နှစ်ထပ်လေ မမယုံရဲ့၊

တော်သေးတယ်၊ ကိုသိင်္ဂါက သတိရှိတယ်၊ ဒါ့ကြောင့် ခေါင်းတွေဘာတွေတော့ မထိတာ၊ ဒါပေမယ့် လက်နှစ်ဖက်နဲ့ သွားထောက်ချမိတော့ နှစ်ဖက်စလုံး ကျိုးတာပဲ”

“ဖြစ်မှဖြစ်ရလေ”

ဆရာဝန်က သူ့လက်နှစ်ဖက်ကို ကျောက်ပတ်တီး

www.burmeseclassic.com

www.burmeseclassic.com

ကိုင်ပေးပြီးသောအခါ အိမ်ပြန်အနားယူဖို့ မှာလိုက်သည်။ သူက လည်း သူ့ကားနှင့်၊ သူမကလည်း သူမကားနှင့် အသီးသီးအိမ်သို့ ပြန်လာကြသည်။ လက်နှစ်ဖက်လုံး ကျောက်ပတ်တီးဖြူဖြူဖွေး ဖွေးနှစ်ဖက်ဖြင့် ချက်ချင်းပင် လူမမာဘဝပြောင်းလဲသွားသော သူ့ ကို သူမက သနားလည်းသနားသလို အမြင်လည်းကပ်မိသည်။

သူ့အေးမှာ စန္ဒာယုန်က တစ်ချိန်လုံး တောက်တဲ့ လို တွယ်ကပ်နေသောကြောင့်ဖြစ်သည်။

"ကိုသိဂ်ါ မရှိတော့ရင် ရှတင်လည်းပျက်ပြီ၊ စန္ဒာ အိမ် လိုက်ခဲ့ပေးမယ်လေ၊ လိုအပ်တာ လုပ်ပေးမယ်၊ ကိုသိဂ်ါ က လက်နှစ်ဖက်စလုံးမှ သုံးလို့မရတော့တာ၊ မမယုံက ကြော်ငြာရိုက်ကွင်းရှိတယ်မဟုတ်လား"

ဟု စန္ဒာယုန်က ပိုင်စိုးပိုင်နင်းစီစဉ်ချယ်လှယ်နေ တာကို အမြင်ကပ်စွာ၊ နားကြားပြင်းကပ်စွာဖြင့်

"ဟုတ်တယ်၊ ဟန်နီ ဘယ်လိုနေသေးလဲ၊ အိမ်မှာ အေး အေးဆေးဆေးပဲ နားနေလေ၊ ကောင်မလေးတွေလည်း ရှိ သားပဲ၊ လိုတာရှိရင် ခိုင်းပေါ့၊ သည်း စောစောပြန်လာခဲ့

မယ်လေ၊ ကြော်ငြာလေး ပြေးရိုက်ပေးလိုက်ဦးမယ်၊ ဟိုမှာ အားလုံးအဆင်သင့်စောင့်နေကြလို့"

"သွားပါ သွားပါ၊ သည်းမရှိလည်း ဖြစ်ပါတယ်၊ ဒီမှာ စန္ဒာ ရှိသားပဲ"

ဟု သူ ပြန်ပြောလိုက်သောစကားက သူမရင်ကို တူနှင့်နှက်လိုက်သလို အောင့်မျက်သွားစေပါသည်။ ထို့ကြောင့် ဘာမှမပြောတော့ဘဲ သူမ ချာခနဲလှည့်ထွက်ကာ ရိုက်ကွင်းဆီသို့ ပြန်လာခဲ့သည်။ စန္ဒာယုန်ကိုလည်း အပျိုကလေးတန်မယ့် အနေ အထိုင်မတတ်သူမို့ မုန်းတီးမိကာ သူ့ကိုလည်း သူမကို အရေး မလုပ်သလိုအချိုးချိုးနေတာကို ကြည့်မရ။

ကြော်ငြာရိုက်ကွင်းပြီးချိန်တွင် ည ခုနစ်နာရီထိုး နေပြီ။ ရိုက်ကွင်းအဖွဲ့သားတွေကို ခါတိုင်းလိုပင် နောက်ပြောင် ကျီစယ်မအားတော့ဘဲ အိမ်သို့တန်းပြေးပြန်လာခဲ့သည်။ စန္ဒာယုန် က ခုထက်ထိမပြန်သေး။ သူမ အတော်မျက်စိနောက်မုန်းတီးလာ လေသည်။

သူတို့ ဘာဖြစ်လို့ဒီလောက်အောင် အဖြစ်သည်း







www.burmeseclassic.com

www.burmeseclassic.com

အကဲပိုနေကြတာပါလိမ့်။ သူ့သတင်းကြားလို့ လာမေးကြသူတွေက သူနှင့်စန္ဒာယုန်ကို ဘယ်လိုထင်ပြီးဘယ်လိုတွေ သမုတ်ကြမလဲ။ သူ့ assistant ဖြစ်သူ သက်ကြွေဆင်းလည်း ရှိနေပေမယ့် သူမက စန္ဒာ့ကို ကြဲဖန်ကြည့်မရဖြစ်နေသည်။ သူမရဲ့ assistant ဝိရကတော့ စက်ဘူ ထွက်သွားခဲ့တာကြာပြီ။ သို့ပေမယ့် ထိုအချိန်ကတည်းက သူမက နောက်ထပ် assistant ထပ်မရှာဖြစ်တော့ဘဲ သူမအတွက်ပါ သက်ကြွေက assistant အဖြစ် ကူလုပ်ပေးနေသောကြောင့် သက်ကြွေမှာ နှစ်ယောက်စလုံးရဲ့ assistant ဖြစ်နေလေပြီ။

"သက်ကြွေ ပြန်တော့လေ၊ နားလိုက်တော့၊ စန္ဒာကရော မပြန်သေးဘူးလား၊ ဒီလောက် ဂရုစိုက်ပေးရတာ ပင်ပန်းရောပေါ့၊ ကျေးဇူးလည်းတင်ပါတယ်ကွယ်၊ တကယ်ဆို မမ ပြုစုရမှာပါ"

သူမက စိတ်ထဲက မကျေနပ်တာတွေ၊ မလိုလားမုန်းတီးတာတွေ၊ မနာလိုငြူစူတာတွေကို မျိုသိပ်ထားပြီး ဟန်ဆောင်ပြုံးကလေးဖြင့် ချိုချိုသာသာကလေး ပြောလိုက်သည်။ သက်ကြွေကတော့ တကယ်ပင်ပန်းနေပြီမို့ ခပ်သွက်သွက်ပင် နှုတ်





ဆက်ကာပြန်သွား၏။ စန္ဒာက တော်တော်နှင့်စကားအမျှင်မပြတ်။ သူမက သူတို့နှစ်ယောက်စလုံးကို တော်တော်မုန်းကာ ကြည့်မရဖြစ်လျက်ရှိသည်။ ရှစ်နာရီလောက်မှပင် စန္ဒာယုန်ပြန်သွား၏။ သတင်းလာလာမေးကြသူများလည်း စဲသွားပြီ။

ကောင်မလေးတွေလည်း အနားယူခိုင်းလိုက်ပြီမို့ သူမတို့အခန်းထဲတွင် သူနှင့်သူမ နှစ်ယောက်တည်းသာကျန်ရစ်တော့၏။

"ဘယ်လိုလဲ၊ ဒီညရော အခန်းခွဲအိပ်မလို့လား"

သူမက ခပ်ရွဲ့ရွဲ့မေးလိုက်သည်။ သူက သူမကို မျက်စောင်းထိုးကာ

"ဘယ်လိုလုပ်အိပ်မလဲ၊ ဒီမှာ လက်နှစ်ဖက်စလုံးမှ မအားတဲ့ဉစ္စာ၊ မင်း တော်တော်အကြင်နာတရားမရှိတဲ့မိန်းမပါလား၊ မင်း မပြုစုချင်လည်း ရတယ်၊ ငါ စန္ဒာ့ကို ခေါ်လိုက်ရုံပဲ"

ဟု ဒေါသတကြီးဖြင့် စိတ်ဆိုးမာန်ဆိုး ပြောလေသည်။



www.burmeseclassic.com

www.burmeseclassic.com

"သိပ်ခေါချင်နေသလား၊ ဟုတ်စ၊ တော်တော် ချစ်မြတ်နိုးအားကိုးနေတယ်ပေါ့လေ၊ အရှက်ကို မရှိကြဘူး၊ နှစ်ယောက်စလုံး ဖောက်ပြန်နေကြတာ၊ ရှင် လက်နှစ်ဖက်ကျိုးတာတောင် နည်းသေးတယ် သိလား၊ ခြေထောက်နှစ်ဖက်ပါ ကျိုးဖို့ကောင်းတယ်၊ ဟိုမိန်းမကလည်း မယားရှိလင်မှန်းဘာမှန်း ဂရုကို မစိုက်တော့ဘူး၊ သာယာနေလိုက်တာ၊ ငါ မပြောလိုက်ချင်ဘူး"

"တော်စမ်းကွာ၊ နားငြီးတယ်၊ မင်းက ဂရုစိုက်ရကောင်းမှန်းမသိလို့ ကိုယ့်ယောကျ်ားတစ်ယောက်လုံး လက်နှစ်ဖက်ကျိုးသွားတာတောင် မပြုစုနိုင်ဘဲ ကြော်ငြာပြေးရိုက်နေလို့ သူများက ဂရုစိုက်ပြုစုပေးတာကို မနာလိုသဝန်တိုပြီး သမုတ်မနေနဲ့၊

မင်းကိုက ခုတ်နေတာ၊ ငွေကြေးနဲ့ အောင်မြင်မှုနဲ့ ပတ်သက်လာရင် မင်း ဘယ်သူ့ကိုမှ ငဲ့ညှာတာ ထောက်ထားတာ မဟုတ်ဘူး၊ မင်းလောက် အတ္တကြီးတာ တစ်ကိုယ်ကောင်းဆန်တာ မရှိတော့ဘူး"





"အံမယ်၊ အံမယ်၊ စွာနေလိုက်တာ၊ ကြော်ငြာရိုက်ကွင်းကို ဖျက်ပစ်လိုက်လို့ရတယ်ဟဲ့၊ ငါ့မှာတော့ စိုးရိမ်တကြီးနဲ့ အမောတကော လိုက်လာခဲ့တယ်၊ ဆေးရုံရောက်တော့ နင့်ဘေးမှာ နင့်ဟာမက ကပ်နေတာ၊ ငါက ဘာလုပ်နေရမှာလဲ၊ နင်ကိုက အဲ့ဒီဟာမကို သာယာနေတာ၊ စိတ်က ဖောက်ပြန်နေတာ"

"မင်း တော်တော့လို့ ပြောနေတယ်နော်၊ ငါ့ ငါ့နှာခေါင်းထဲက ယားလာပြီ လုပ်ပါဦး၊ အား နှာခေါင်းအရမ်းယားတယ်၊ ယုံယုံ၊ ယုံယုံ လုပ်ပေးဦး၊ ဒီမှာ လုပ်ပေးဦး"

သူ့မျက်နှာကြီးတွန့်လိမ်ယိမ်းထိုးကာ နှာခေါင်းကြီးရှုံ့မဲ့ရှုံ့မဲ့လုပ်နေတာကို သူမ တအားရယ်ချင်လာသဖြင့် မထိန်းနိုင်မသိမ်းနိုင် ရယ်မောမိလေသည်။

"မရယ်နဲ့၊ နှာခေါင်းကို ကုတ်ပေးစမ်းပါ၊ ဒီမှာ ငါ ကုတ်လို့မရဘူး၊ နှာခေါင်းအထဲက ယားတာ၊ ဟာ ငါ မနေနိုင်တော့ဘူးကွ ယုံယုံ၊ မင်း ဒီအတိုင်းကြည့်မနေနဲ့"

"ရှင့်နှာခေါင်းထဲကို ကျွန်မက ဘယ်လိုလုပ် လက်ထည့်

www.burmeseclassic.com

www.burmeseclassic.com

ပြီး ကုတ်ပေးရမှာလဲကွ၊ ရှုံ့စရာကြီး၊ ဟားဟားဟား၊ ရှင့်ဘာသာရှင် နှာခေါင်းနှိုက်တာတောင် တော်တော်ရွံစရာကောင်းတာ၊ ကျွန်မက ဘာလုပ်ပေးရမှာလဲ"

သူမသည် သူ့မျက်နှာကြီးရှုံ့တွနေတာကိုပဲ ထိန်းချုပ်မနိုင်ဘဲ ရယ်မောမိသည်။ သူမက အဲ့ဒီလိုရယ်လေ သူက ပိုဒေါသထွက်လေ၊ ဒေါသထွက်လေ နှာခေါင်းအတွင်းထဲက စူးပြီးယားလာလေ၊ ကုတ်လို့မရလေပိုယားလေနှင့် သူသည် ခုတင်ပေါ်မှာ လက်နှစ်ဖက်ကို ဆန့်တန်းကာ တစ်ကိုယ်လုံး တွန့်လိမ်နေတော့သည်။

"မရယ်နဲ့၊ မရယ်နဲ့၊ မင်း ဝဋ်လည်မယ်၊ ငါ သည်းမခံနိုင်တော့ဘူးကွ"

"နေဦး၊ နေဦး၊ ကျွန်မ ကြိုးစားကြည့်မယ်"

သူမသည် အခန်းထဲမှာ ဟိုဟိုဒီဒီရှာဖွေရင်း ကြက်တောင်မွေးနှစ်ခုကို ရှာတွေ့လာသည်။

"ဒီမှာ ဒီကြက်တောင်မွေးကို ဟောဒီလို နှာခေါင်းထဲထည့်ပေးမယ်၊ ဒါဆို သက်သာမလား၊ ပြန်တော့ထုတ်မပေးချင်





ဘူး၊ ရှုံ့တယ်၊ ဝေါ့ အော့"

သူမက သူ့နှာခေါင်း နှစ်ဖက်စလုံးထဲသို့ ကြက်တောင်မွေးနှစ်ဖက်စလုံးကို ထိုးထည့်လိုက်ကာ ပြန်ထုတ်မပေးဘဲ ခုန်ဆွခုန်ဆွလုပ်နေရင်း ရင်ဘတ်ကိုဖိ၍အော့အန်ချင်ဟန်ပြုလေသည်။

"တောက်၊ မင်း ငါ့ကို ဘာလုပ်ထားတာလဲကွ၊ ကိုယ်ချင်းကို မစာဘူး၊ တောက်၊ ကြက်တောင်မွေးတွေ နှာခေါင်းထဲက ထုတ်ပေးစမ်း"

"ထုတ်ပေးဘူး၊ ရှင့် စန္ဒာယုန်ကို ထုတ်ခိုင်း"

သူမသည် အခန်းထဲမှ လှစ်ခနဲထွက်ပြေးစဉ် သူလည်း ခုတင်ပေါ်မှ ကြုံးထလာကာ သူမနောက်မှ တစ်ဟုန်ထိုးပြေးလိုက်လာသည်။ သူ ဘယ်လောက်ဒေါသထွက်နေမလဲဆိုတာကို သူမ တွေးကြည့်ရုံဖြင့်သိနိုင်ပါသည်။ သူ့နှစ်ခေါင်းမှာ ကြက်တောင်စနှစ်စက တန်းလန်း။

သူမက လှေခါးထစ်တွေဆီမှ တဝုန်းဝုန်းပြေးဆင်းလာခဲ့သည်။ သူကလည်း တဝုန်းဝုန်း ပြေးလိုက်လာလေသည်။


www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူ့ရဲ့ကံဇာတာသည် ဘယ်လောက်နိမ့်ကျနေသည်မသိ။ လှေခါးတစ်ဝက်လောက်အရောက်တွင် ခြေချော်ပြီး ဒလိမ့်ကောက်ကွေး ပြုတ်ကျလိမ့်ဆင်းလာတော့သည်။

"ဟင် ဟန်နီး၊ ဟန်နီ လိမ့်ကျပြီ၊ လာကြပါဦး၊ အိမ်ကလူတွေ လာကြပါဦး"

သူမ သူ့ကိုပြေးပွေ့ကာ တစ်အိမ်လုံးရှိလူတွေကို အသံကုန်ဟစ်လျက်အော်ခေါ်လိုက်သည်။ အိမ်ကလူတွေအကုန်ပြေးထွက်လာကြ၏။

သူက သူမ လက်ထဲမှာ သတိလစ်လျက်ရှိပြီ။

"ဆေးရုံအမြန်ပို့မှ ဖြစ်မယ်၊ ဒီတစ်ခါ ခေါင်းကွဲသွားတာ သွေးတွေထွက်နေတယ်"

သူမ အော်လိုက်သည်။ သူ့ကို စားဖိုမှူးကြီးနှင့် ကျန်မိန်းမများက ဝိုင်းချီပွေ့မ ကာ ကားပေါ်တင်လိုက်ကြ၏။ ဒရိုင်ဘာ မောင်ထွေးက အိမ်ပြန်သူမို့ ကားကို သူမကိုယ်တိုင်မောင်းကာ အနီးဆုံးရှိဆေးခန်းကြီးဆီသို့ ထစ်ရှိန်ထိုးမောင်းလာခဲ့လေသည်။

ခေါင်းကွဲသွားသည်ကို ချုပ်ပေးပြီး ပတ်တီးစည်းလိုက်သောအခါ သူ့တစ်ကိုယ်လုံးမှာ ပတ်တီးတွေဖြူဖွေးသွားတော့၏။

"ခေါင်းကတော့ ကွဲရုံကွဲသွားတာပါ၊ ဒါပေမယ့် လူနာက သတိလစ်နေတော့ အခြေအနေသိရအောင် ဒီဆေးခန်းမှာပဲ အခန်းယူပြီးနားနေစေချင်ပါတယ်၊ လက်နှစ်ဖက်ကလည်း ကျိုးထားတော့ ဒီမှာ ပိုစိတ်ချရပါတယ်၊ orthosurgeon ကိုလည်း on call ခေါ်လို့ ရပါတယ်"

ဟု သူ့ခေါင်းကိုချုပ်ပေးသောဆရာဝန်က အကြံပေးသဖြင့် သူမက သူ့ကို ထိုဆေးခန်းကြီးပေါ်မှာပဲ သီးသန့်ခန်းယူကာ တင်ထားပေးဖို့ သဘောတူလိုက်သည်။ ထိုညကတော့ သူပြန်နိုးမလာ။ အိပ်ပျော်နေတာ ဟု ဆရာဝန်ကပြောသဖြင့် သူမ အနည်းငယ် စိတ်သက်သာရာရလေသည်။

လူအားလုံးကိုပြန်လွှတ်လိုက်ကာ သူမတစ်ယောက်တည်း သူ့ကိုစောင့်၍ ကျန်ရစ်ခဲ့သည်။

တကယ်တော့ သူမ အကျီစားလွန်သွားခြင်းဖြစ်ပါသည်။ သူ့ကို ဆွေ့ဆွေ့ခုန်ဒေါသထွက်စေရုံလောက်သာ ရည်ရွယ်

www.burmeseclassic.com



ခဲ့သည်။ သူ ဤသို့ထပ်ပြီး ဒဏ်ရာအနာတရရဖို့ မရည်ရွယ်ခဲ့ပါ။

သူ့ကိုစောင့်ရင်း တစ်ဖက်ရှိခုတင်ပေါ်မှာ တက်လှဲရင်း သူမ တကယ်အိပ်ပျော်သွားခဲ့သည်။ မနက်မိုးလင်းတော့ အရင်းနှီးဆုံးသော ဒါရိုက်တာတွေ၊ မင်းသားမင်းသမီးတွေ အလျှိုလျှိုပေါက်ချလာကြလေသည်။

"ဘယ်လိုဖြစ်တာလဲဟယ်၊ သူ တော်တော် ကံနိမ့်နေတယ်ထင်တယ်၊ ယတြာလေးဘာလေးချေမှပဲ"

"လေ့ခါးပေါ်က လိမ့်ကျတာဆို"

"ဟုတ်တယ်၊ အိပ်မက်မက်ရင်း လမ်းထလျှောက်တယ်နဲ့တူပါတယ်"

သူမကလည်း ပေါက်ကရတွေဖြေ၏။

ညှော်သည်တွေရှိနေဆဲမှာ သူ နိုးလာသည်။

"ဟော နိုးလာပြီ၊ နိုးလာပြီ"

သူမကို မြင်တာနှင့် သူ့မျက်လုံးတွေ တလက်လက်တောက်ပဝင်းလက်လာကြသည်။ ကျောက်ပတ်တီးစည်းထားသဖြင့် လက်ချောင်းကလေးတွေသာပေါ်နေသောလက်ဖြင့် လက်ယပ်





ခေါ်သဖြင့် သူမက သူ့နားသို့ တိုးကပ်သွားကာ မျက်နှာကိုကပ်လိုက်ပြီး

"ဟန်နီ ဘာပြောချင်လို့လဲ၊ ပြောလေ"

ဟု မေးလိုက်သည်။ သူက မပီမသဖြင့်၊ ပြီးတော့ နှစ်ကိုယ်ကြားသာရုံလောက်သော လေသံသဲ့သဲ့ဖြင့်

"ကွာရှင်းကြမယ်"

ဟု ပြောလေသည်။ ညှော်သည်အပေါင်းအသင်းတွေက သူ ဘာပြောသလဲဆိုတာ သိချင်ကြသောမျက်လုံးတွေဖြင့် အားလုံးဝိုင်းကြည့်နေကြရာ သူမက ကိုယ်ကို ဖျတ်ခနဲပြန်မတ်လိုက်ပြီး အားလုံးကို အားပါးတရပြုံးပြလိုက်ကာ သူ့စကားကို ဘာသာပြန်ပြလိုက်လေသည်။

"ကွာစေ့စားမယ် တဲ့"

"ဟာ"

တခြားလူတွေက ပြုံးစိစိတွေဖြစ်ကုန်သည်။

"ကွာစေ့စားမယ် ဟုတ်လား၊ ကျွန်တော် သွားဝယ်ပေးမယ်"

သူက လက်ချောင်းကလေးတွေ လှုပ်ပြပြန်လေ



www.burmeseclassic.com

www.burmeseclassic.com

သည်။ သူမက မျက်နှာကလေးကို အကြည်လင်ဆုံးကလေးပြုံးတားလိုက်ရင်း သူ့မျက်နှာနားတွင် နားကိုကပ်ပေးလိုက်ပြန်လေသည်။

"အိုဗာအက်တင်တွေလုပ်မနေနဲ့"

သူ့အသံ ခုနကထက် နည်းနည်းပိုကျယ်လာရာ သူများတွေကြားသွားမှာကို သူမ စိုးရိမ်သည့်ကြားမှပင်

"အိုဗာတင်း မလုပ်နဲ့တဲ့၊ သူက အိုဗာတင်းမှ မကြိုက်တာ"

ဟု သူမက ပြောကာပြုံးလိုက်လေသည်။ သူ မကျေမချမ်းနှင့် ခြေထောက်ကိုဆောင့်ကာ

"သွား"

ဟု အော်ပြန်သည်။

"ဪ၊ သွားတိုက်ချင်လို့လား ဟန်နီ၊ ရမယ်၊ ရမယ်၊ သည်း တိုက်ပေးမယ်"

သူမက သူ ပါးစပ်ပိတ်သွားအောင် သွားပွတ်တံကို သူ့ပါးစပ်ထဲသို့ထိုးထည့်ပေးလိုက်ကာ သွားတိုက်ပေးနေလိုက်သည်။ ခဏကြာတော့ သတင်းမေးသူတွေလည်း ရှုတင်တွေရှိကြ





သေးတာမို့ နှုတ်ဆက်ပြီးပြန်သွားကြလေသည်။

ဆေးရုံအခန်းလေးထဲမှာ သူရယ်၊ သူမရယ်၊ သက်ကြွေဆင်းရယ် သုံးယောက်သာ ကျန်တော့သည်။

"ကွာရှင်းကြမယ်၊ တော်ပြီ၊ တော်လောက်ပြီ၊ ဒီလောက်အကြင်နာတရားမရှိတဲ့မိန်းမနဲ့ ဆက်မပေါင်းနိုင်တော့ဘူး၊ မနေ့ညက စိတ်အနာဆုံးပဲ၊ ငါ့မှာ ဒဏ်ရာတွေများနေပြီ၊ ဆက်ပြီးသည်းမခံနိုင်တော့ဘူး၊

သက်ကြွေ၊ ကိုယ့်ကို အားလုံးစီစဉ်ပေးစမ်း၊ ရှေ့နေငှားဖို့လုပ်"

သူက စိတ်လိုက်မာန်ပါပြောကာ မျက်လုံးတွင် မျက်ရည်များဝဲနေသည်။ သူမသည် မခံချင်စိတ် မာနဖြင့် ရင်ထဲတင်းခနဲဖြစ်သွားကာ ဆေးရုံအခန်းတံခါးကို ချက်ချင်းထပိတ်၍ လော့(ခ်)ချလိုက်သည်။

"အောင်မယ်၊ ကြီးကျယ်လိုက်တာ၊ ဒီစကားကို ငါကစပြီးပြောရမှာ၊ နင်က ဘာဖြစ်လို့ စပြောရတာလဲ၊ ဘယ်သူကရော နင့်ကို ငမ်းငမ်းတက်ပေါင်းချင်နေလို့လဲ၊ လုပ်မနေနဲ့၊



www.burmeseclassic.com

www.burmeseclassic.com

ကွာမယ်၊ ငါကလည်း ကွာချင်ပြီးသား၊ နင်သာ စန္ဒာယုန်ကိုလိုချင်လို့ ငါ့ကို ကွာတာ၊ ငါ မသိဘူးမှုမှတ်နေလား"

"မဆိုင်တာတွေ လျှောက်ပြောမနေနဲ့"

"တော်ကြပါတော့၊ တော်ကြပါတော့၊ ဒီနေရာကြီးမှာ ဒီစကားတွေ ပြောလို့မကောင်းဘူး ကိုသိဂ်ါနဲ့မမယုံ၊ နှစ်ယောက်စလုံးက ပြည်သူ့အချစ်တော်တွေဆိုတာလည်း သတိထားပါဦး၊ စိတ်လိုက်မာန်ပါတွေ ပြောမနေကြပါနဲ့ဦး၊ အချိန်ခဏကလေး စောင့်လိုက်ပါ၊ စိတ်တွေလျှော့ထားလိုက်ပါဦး၊ ဒီကိစ္စကို အိမ်ပြန်ရောက်မှ ညှိနှိုင်းကြတာပေါ့၊ ဘာမှ ဆက်မပြောပါနဲ့တော့နော်၊ သက်ကြွေ တောင်းပန်ပါတယ်၊ ဒီသတင်း ပေါက်ကြားသွားလို့ လုံးဝ မကောင်းလို့ပါ"

သက်ကြွေက နှစ်ယောက်စလုံးရဲ့ assistant ပီသစွာ ပါးပါးနပ်နပ်၊ ညင်ညင်သာသာဖြင့်ပင် ပြဿနာကိုဖြေရှင်းသွားပါသည်။ သူရော သူမပါ သက်ကြွေစကားကို နာခံကာ ဘာမှ ဆက်မပြောတော့ဘဲ မကျေနပ်ချက်တွေကို မျိုသိပ်ထားလိုက်





သည်။

မကြာခင် စန္ဒာယုန် ရောက်ချလာလေသည်။ သူမက ရိုက်ကွင်းဆီသို့ စိတ်မပါစွာဖြင့်ပင် ထွက်ခဲ့ရသည်။

တကယ်တော့ သူမတို့ မင်းသား၊ မင်းသမီးတွေရဲ့ ဘဝလောက် ထွက်ပေါက်မရှိတာ၊ အားလပ်ရက်မရှိတာ မရှိတော့။ ရိုက်ရက်တွေက နေ့တိုင်းအဆက်မပြတ်ရှိနေသည်ဖြစ်ရာ သူ့လို ဒဏ်ရာအနာတရ ရမှပင် နားခွင့်ရတော့သည်။ နို့မို့ကတော့ ကိုယ်ရေးကိုယ်တာခံစားချက်တွေအားလုံးကို လျစ်လျူရှုကာ မှန်မှန်သရုပ်ဆောင်ရမြဲဖြစ်လေသည်။

ရိုက်ကွင်းမှာ ဒီနေ့လောက် စိတ်မပါတာ မရှိတော့။ မျက်နှာကလေး ကြည်လင်ရွှင်ပျနေရသလောက် ရင်ထဲမှာ မှိုင်းညို့ဆွေးမြည့်ကာ နာကျင်နေလျက်ရှိလေသည်။


www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၁)

ဆေးရုံတွင်တစ်ရက်နားနေခဲ့ပြီးနောက် သူ အိမ်သို့ပြန်လာခဲ့ကာ နားနေလျက်ရှိသည်။ သူ ရိုက်လက်စ,ကားကိုရပ်ထားရသည်။ ခေါင်းမှာပတ်တီးဖြူဖြူနှင့် လက်နှစ်ဖက်မှာ ကျောက်ပတ်တီးဖြူဖြူနှင့် ချက်ချင်းလှုပ်မရလုံးလုံးဖြစ်သွားသောအခါ စိတ်ဓာတ်ကျမှု၊ အလိုမကျမှု၊ ပြဿနာရှာလိုမှု၊ ပေါက်ကွဲလိုမှုတို့ဖြင့် အဆင်သင့်ဖြစ်လျက်ရှိလေသည်။

သူမသည် ရိုက်ကွင်းတစ်ရက်လောက်ဖျက်ပြီး သူ့နံဘေးမှာ ရှိမနေသင့်ဘူးလား။ ဘယ်အရာက သူ့ထက် ပိုအရေး



www.burmeseclassic.com

www.burmeseclassic.com

ကြီးနေသလဲ။ သူသည် သူမ၏ချစ်လှစွာသောခင်ပွန်းယောကျ်ား တစ်ယောက် မဟုတ်ဘူးလား။ ဒါကို ထုတ်ဖော်ဖွင့်ပြောမှ သူမ သိတာထက် သူမဘာသာအလိုက်တသိဖြင့် သူ့ကို ပြုစုယုယစေချင်သောစိတ်ဆန္ဒသည် သူ့ရင်တွင်းမှာ ပြင်းပြလျှို့ဝှက်စွာကိန်းအောင်းလျှက်ရှိတာကို သူမ ရိပ်မိပုံမရ။

သူမအတွက် သူမ၏ ကျော်ကြားမှု၊ ပြည်သူအပေါင်း၏ ချစ်ခင်ရွဲလမ်းခြင်းကိုရယူလိုမှု၊ နာရီနှင့်အမျှသဲ့ယူသလိုရနေသော ငွေကြေး၊ ထိုအရာများထက် အဖိုးတန်တာ ဘာမှမရှိ။

"ကဲ သက်ကြွေ၊ ကိုယ် ဆေးရုံကဆင်းလာပြီ၊ ယုံကြည်နဲ့ ပြဿနာကို ကိုယ် ဒီနေ့ရှင်းမယ်၊ သူ ပြန်လာတာနဲ့ကို ရှင်းမယ်၊

သူ ဘယ်လောက်ဝတ္တရားကျေသလဲ သက်ကြွေ အမြင်ပဲ၊ ကိုယ် ဆေးရုံရောက်ရတာ သူ့ကြောင့်၊ ဒါတောင် သူ ကိုယ့်နားမှာမနေနိုင်ဘူး၊ အခု ကိုယ်ဆေးခန်းကနေဆင်းလာတာကို သူ မသိဘူး၊ သူ ဘာတာဝန်မှ မယူဘူး၊ လူရှေ့သူရှေ့ရောက်ရင်သာ ဟန်နီ ဘာဖြစ်တယ်၊ ညာဖြစ်





တယ်၊ ဗလား ဗလားဗလားနဲ့၊ Lip service ကတော့ကောင်းတယ်၊ ကိုယ့်ကို သူ့လောက် ဂရုစိုက်တာ၊ အသည်းပိုတာမရှိတော့ဘူး"

"မမယုံ ခများလည်း ရိုက်ရက်တွေကပြည့်သိပ်ကျပ်ညပ်နေတာ သူ နားချင်တာတောင် မနားရရှာပါဘူး ကိုသိင်္ဂါရယ်၊ ပရိသတ်ရဲ့တောင်းဆိုမှု၊ ပရိုဂျူဆာ၊ ဒါရိုက်တာတွေရဲ့လိုလားမှုအခံရဆုံးမင်းသမီးဖြစ်နေတော့ သူ့ကိုယ်သူ မပိုင်ပါဘူး၊ ကိုသိင်္ဂါ နားလည်ရမှာပေါ့"

"တော်ပါပြီ၊ နားလည်မှုဆိုတာ ကုန်သွားပြီ၊ ရင်ထဲမှာ ကျန်ကိုမကျန်တော့ပါဘူး၊ သူကရော ကိုယ့်အပေါ် ဘယ်လောက်နားလည်ခဲ့လို့လဲ၊ အိပ်ခါနီးတိုင်း ရေမချိုးချင်လည်းအတင်းချိုးရ၊ ဟောက်သံထွက်လို့ သူက အရင်ဦးအောင်အိပ်ချင်တာနဲ့၊ နှာခေါင်းနှိုက်ရင်နှိုက်ပြန်ပြီ၊ ဒူးနန့်ရင်နန့်ပြန်ပြီ၊ နေရာတကာ လိုက်ချုပ်ချယ်လွှမ်းမိုးနေတာ၊ ကိုယ့်အမေတောင် သူ့လောက် ကိုယ့်အပေါ်မချုပ်ချယ်ဘူး၊

နေရာတကာ ဘိုကျလိုက်တာလည်း လွန်ရော၊ အ


www.burmeseclassic.com

www.burmeseclassic.com



ရာရာတိုင်းမှာ သူ့စိတ်အလိုဆန္ဒချည်းပဲ"

ဟု ပြောလို့မှမဆုံးသေးခင် သူမကားသည် ပေါ်တီကိုအောက်တွင် ထိုးဆိုက်လာကာ သူမ၏အသံတဆာဆာကို အရင်ဆုံးဦးအောင်ကြားရ၏။ ကောင်မလေးတွေကို တစ်ယောက်တစ်မျိုးခိုင်းစေနေသောအသံဖြစ်၏။

"မနော်က ငါ့ကိုနိုပ်ဖို့အားလုံးပြင်ဆင်၊ ညသောင်းလိုက်တာအရမ်းပဲ၊ တစ်ကိုယ်လုံး ကိုင်ရိုက်ထားသလိုပဲ၊ မိအေးကရေနွေးကန်ပြင်ပေး၊ ရေအရင်ချိုးမယ်၊ ပြီးရင် နှိပ်မယ်၊ ပြီးမှ ထမင်းစားမယ်၊ ဟန်နီ့ဆီလည်း သွားကြည့်ရဦးမယ်၊

ဟင်၊ ဟန်နီက ပြန်ရောက်နေပြီ၊ ဘယ်အချိန်ကပြန်ဆင်းလာတာလဲ"

သူ့ကိုမြင်တော့ ညှော်ခန်းထဲသို့ ကမန်းကတန်းဝင်လာလေသည်။

"ကွာရှင်းဖို့ကိစ္စ ဒီနေ့ဆွေးနွေးမယ် ယုံကြည်"

"သြော်၊ ဒီကိစ္စအတွက် စောင့်နေကြတာပေါ့လေ၊ ကောင်းပြီ၊ ဒီလိုဆို ကျွန်မ အရင်ပြောမယ်"





သူမ၏အမူအရာမှာ ချက်ချင်းပြောင်းလဲသွားကာ ဆိုဖာပေါ်သို့ ကိုယ်ခန္ဓာကို ဝုန်းခနဲပစ်ချလိုက်သည်။

"မင်းအရင် မပြောနဲ့၊ ငါက ပြောလက်စ၊ ငါ အရင် ပြောမယ်"

"ကျွန်မ အရင်ပြောမှ ဖြစ်မယ်"

သူမက မျက်လုံးပြူးကာ ပြန်အော်သည်။ သက်ကြွေက စိတ်ရှုပ်ထွေးလာဟန်ဖြင့် ခေါင်းကိုတဗျင်းဗျင်းကုတ်လျက်ရှိသည်။

"ငါ အရင် ပြောမယ်"

"မလိုဘူး၊ ကျွန်မ အရင်ပြောမယ်၊ ဒီမှာ သက်ကြွေ၊ သင်းအကြံကို ယုံယုံ မသိဘူးများမှတ်နေလား၊ သူ စန္ဒာယုန့်ကိုလိုချင်နေတာ၊ အဲ့ဒါကို မွန်နေတာ၊ ယုံယုံက ဂရုလုံးဝမစိုက်ဘူး"

"မင်း တာဝန်မကျေတဲ့ကိစ္စတွေ၊ တစ်ကိုယ်ကောင်းဆန်တာတွေ၊ အတ္တကြီးတာတွေ၊ ဘိုကျလွန်းတာတွေ"

"ရှင် ညစ်ပတ်တာတွေ၊ ညံ့ဖျင်းတာတွေ၊ ပျင်းတာတွေ၊



www.burmeseclassic.com

www.burmeseclassic.com

လူပါးဝတာတွေ"

သူရော သူမပါ အလုအယက်အပြိုင်အော်ပြောနေကြခြင်းဖြစ်သည်။ တစ်ယောက်အသံကိုတစ်ယောက်က လွှမ်းမိုးနိုင်အောင် အော်ဟစ်နေရသဖြင့် နှစ်ယောက်စလုံးအသံတွေ လုံးထွေးကာ ဆူညံလျက်ရှိ၏။

"တော်ကြပါတော့၊ ဘယ်သူမှ ဘာမှ မပြောနဲ့ဦး၊ သက်ကြွေ ပြောတာ နားထောင်ပေးပါ"

သက်ကြွေက သူတို့နှစ်ယောက်စလုံး၏ အသံတွေကိုဖောက်ကာ အသံကုန်အော်ပစ်လိုက်မှ သူရော သူမပါ ရုတ်တရက် အသံတိတ်သွားတော့သည်။

"ဒီလောက် နာမည်ကြီးတွေဖြစ်ပြီး ကလေးလေးတွေကျနေတာပဲနော်၊ သက်ကြွေ စိတ်ညစ်လာပြီ၊

သက်ကြွေပြောတာကို သေချာနားထောင်ပေးပါ၊ ကဲ ကွာရှင်းကြပြီဆိုပါတော့၊ နောက်ဆက်တွဲပြဿနာတွေက အများကြီးပဲ၊ ပထမဆုံးက ဒီအိမ်ပေါ်က ဘယ်သူဆင်းမှာလဲ"





သူနှင့်သူမသည် တစ်ယောက်ကိုတစ်ယောက်ရှုးလက်စွာ အပြိုင်စိုက်ကြည့်လိုက်ကြသည်။ နှစ်ယောက်စလုံးဆီမှ ပြိုင်တူအသံထွက်လာခဲ့ကြ၏။

"သူ ဆင်းပေါ့၊ ဒါ ယုံယုံ့အိမ်"

"မင်းဆင်းပေါ့၊ ငါ ငွေပြန်အမ်းမယ်"

"ဟာဟာဟ၊ အဲဒီလို ရယ်လိုက်ချင်သေးတယ်၊ ဒီအိမ်ကိုရှာတွေ့တာ ဘယ်သူလဲ၊ ကျွန်မရှင့် ကျွန်မ၊ ဒီအိမ်ကြီးကိုလိုချင်လွန်းလို့သာ ရှင်နဲ့ကျွန်မ ပေါင်းဖို့ဖြစ်လာတာ၊ ရှင့်ကိုသာ ကျွန်မက ငွေပြန်အမ်းမယ်၊ ကဲ၊ ရှင် ဘယ်လောက်လိုချင်သလဲ ပြောစမ်း၊ ရှင့်မျက်ခွက်ကို ငွေနဲ့ပေါက်ပြီးဆင်းခိုင်းမယ်"

နှစ်ယောက်စလုံး၏မျက်လုံးတွေဆီမှ အခိုးအလျှံတွေ တထောင်းထောင်းထလာကြသလို တလက်လက်ပြောင်လာကြသည်။

"အောင်မယ်၊ မင်းကများ ငါ့ကို၊ မင်းလိုများမှတ်လို့လား၊ ငါ မမက်ဆုံးက ငွေပဲ နားလည်လား၊ ငါ့မှာရှိတဲ့ ပိုက်ဆံ



www.burmeseclassic.com

www.burmeseclassic.com

တွေနဲ့ မင်းကို ဖို့သတ်ပစ်လို့ရတယ်၊ နားလည်လား၊ မင်း နှာခေါင်းတောင်မဖော်နိုင်အောင် မင်းကို ငွေတွေပုံပြီးဖိ သတ်ပြမယ်၊ ငါ့ကို ငွေစကားလာမပြောနဲ့၊ မင်းချမ်းသာ သလောက် ငါလည်းချမ်းသာတယ်၊ မင်းအောင်မြင်ကျော် ကြားသလောက် ငါလည်း အောင်မြင် ကျော်ကြားတယ်၊ ဘာကိုမှ ငါ ဂရုမစိုက်ဘူး၊

ဒီအိမ်ပေါ်ကနေတော့ ငါ မဆင်းနိုင်ဘူး၊ ဒါ ငါ့ အိမ်ပဲ"

"အို အို၊ ပြောရဲလိုက်တာ၊ ရင်နာလိုက်တာနော်၊ ငါ့ရင်ဘတ် ရယ် နောက်မှာနေစမ်းပါ၊ ရင်နာလွန်းလို့၊ ဒါ ငါ့အိမ်ဟဲ့ သိင်္ဂါရရဲ့၊ ငါ ရှာထားတဲ့အိမ်၊ နင်သာ ဆင်းပေး"

"မင်း ဆင်း"

"နင် ဆင်း"

သူတို့နှစ်ယောက် ဒေါသမုန်တိုင်းထန်လာကြပြန် သည်။ ဘယ်လိုမှ ညှိနှိုင်း၍မရနိုင်သော တင်းမာပေါက်ကွဲမှုဆီသို့ ဦးတည်လျက်ရှိကြလေသည်။





"ကဲ ကဲ တော်ကြပါတော့၊ သက်ကြွေ ပြောမယ်၊ ကိုသိင်္ဂါ ရော၊ မမယုံပါ သက်ကြွေစကားကို သေသေချာချာနား ထောင်ပေးပါ၊ သက်ကြွေက နှစ်ယောက်စလုံးရဲ့ ကောင်း ကျိုးကိုပဲလိုလားတဲ့ assistant ပါ၊

သက်ကြွေ ပြောမယ်၊ ဒီနေ့ ပရိသတ်က ကိုသိင်္ဂါ ကိုရော၊ မမယုံကိုပါ အရမ်းချစ်ကြတယ်၊ တစ်ယောက်ချင်း ထက် နှစ်ယောက်ပေါင်းကို ပိုချစ်တာ၊ သေသေချာချာစဉ်း စားကြည့်ရင် မမယုံတို့နှစ်ယောက်လက်ထပ်ပြီးမှ အရင် ကထက်အများကြီးပိုအောင်မြင်လာခဲ့ကြတာ၊ ကိုသိင်္ဂါနဲ့ မမယုံကို လိုက်ဖက်လွန်းလို့ သူတို့က စုံတွဲလိုက်ကို ချစ် ကြတာ၊

ဥပမာပဲကြည့်၊ ရုပ်ရှင်ကားပဲဖြစ်ဖြစ်၊ ကြော်ငြာတစ် ခုခုပဲဖြစ်ဖြစ်၊ ကိုသိင်္ဂါနဲ့မမယုံ နှစ်ယောက်ပေါင်းပြီးစုံတွဲ ကြော်ငြာတာနဲ့ တစ်ယောက်ချင်းစီ ရိုက်တာနဲ့ ဘယ်ဟာ ပိုအောင်မြင်သလဲ၊ လူတိုင်း သိတယ်နော်၊ စုံတွဲလိုက်က ပိုအောင်မြင်တယ်၊ ပိုလူကြိုက်များတယ်၊ ဒါရိုက်တာတွေ


www.burmeseclassic.com

www.burmeseclassic.com

ကိုက ပြောတာ၊ ကိုသိင်္ဂါနဲ့ မမယုံဆိုရင် တခြားလူတွေထက် ပိုသေချာတယ်၊ ကားတိုင်းပေါက်တယ်၊ လူကြိုက်ကြတယ်၊ အဲ့ဒါ ဘာဖြစ်လို့လဲ၊ အပေးအယူအရမ်းမျှလို့၊ အရမ်းလိုက်ဖက်လို့ပါ၊

ခုနေသာ ကွာရှင်းလိုက်ကြမယ်ဆိုရင် ပရိသတ်က ဘယ်လောက် စိတ်ထိခိုက်ကြမလဲ၊ ကိုယ့်ခံစားချက်တစ်ခုတည်းကို ဦးစားမပေးကြပါနဲ့၊ ပရိသတ်ရဲ့ဇွဲလမ်းငြိတွယ်မှုကိုလည်း တန်ဖိုးထားပေးပါ"

"သက်ကြွေ၊ ကိုယ်ပြောနေတာ ကွာရှင်းဖို့နော်"

သူက ဖျတ်ခနဲ ဝင်ပြောလေသည်။

"ကိုသိင်္ဂါတို့နှစ်ယောက် ကွာရှင်းကြတာကို ပရိသတ်ကသိရင် ဘာတွေဖြစ်မလဲ၊ တစ်ယောက်ကိုတစ်ယောက် အပြစ်တင်မယ်၊ အပုပ်ချမယ်ဆိုရင်လည်း ပရိသတ်က မုန်းသွားတာကိုပဲ ခံရမယ်၊ ခုခေတ်ပရိသတ်က မင်းသား မင်းသမီးတွေဆို အနုပညာကိုတင်ချစ်တာမကဘူး၊ လူပုဂ္ဂိုလ်ရွဲပါ ရှိကြတာ၊ သူတို့ချစ်နေတဲ့ ဒီနှစ်ယောက်တွဲကြီး ကွဲ





သွားရင် ဘာတွေဖြစ်မလဲ"

"သက်ကြွေ၊ ယုံယုံတို့နှစ်ယောက် ကွာရှင်းတာနဲ့ပဲ ပရိသတ်က မုန်းမယ်ဆိုတာ လုံးဝအစိပ္ပါယ် မရှိဘူး၊ ခုခေတ်ပရိသတ်က ဒီလောက်အမြင်မကျဉ်းပါဘူး၊ စိတ်သဘောချင်းမတိုက်ဆိုင်လို့ ကွဲကြတယ်ပေါ့၊ ဆက်ပြီး မိတ်ဆွေသူငယ်ချင်းတွေလို ဆက်နေကြမှာပါ လို့ ပြောထားလိုက်ရုံပေါ့၊ တစ်ယောက်ကိုတစ်ယောက် အပုပ်မချကြေး၊ သူလွန်တာ၊ ကျွန်မမှာအပြစ်မရှိပါဘူးလို့ မပြောကြေးပေါ့"

"ကောင်းပြီ မမယုံ၊ ခုပဲ ညီလို့ရလို့လား၊ အိမ်ကို တစ်ယောက်နဲ့တစ်ယောက် လုနေတာ ဘယ်လိုအဆုံးသတ်မှာလဲ၊ အဲ့ဒီကနေ ရန်ဖြစ်ကြတော့မယ်၊ မုန်းရတော့မယ်၊ ရှေ့နေငှားရ၊ တရားရုံးမှာ စကားပြောရတာတွေ ဖြစ်တော့မယ်၊ မမုန်းဘဲနေမလား၊

ဒီတော့ သက်ကြွေက ကြားကနေ buffer လုပ်ပေးချင်တယ်၊ သိပ်ကွာရှင်းချင်သပဆိုလည်း နှစ်ဦးသဘောတူသာ တိုးတိုးတိတ်တိတ်ကွာရှင်းထားလိုက်ပါ၊ အပြင်ကို



www.burmeseclassic.com

www.burmeseclassic.com



မပေါက်ကြားပါစေနဲ့၊

အိမ်ကိုလည်း နှစ်ယောက်စလုံးက စုံမက်နေကြတော့ ဘယ်သူမှ ဆင်းမပေးပါနဲ့၊ နှစ်ယောက်စလုံးပိုင်ကြတာမို့ နှစ်ယောက်စလုံး ဆက်နေကြပါ၊ အိမ်ခန်းတွေ၊ ဧည့်ခန်းတွေ၊ အားကစားခန်းတွေကို share လုပ်ပြီးသုံးပါ၊ ဟန်မပျက်ဆက်နေပေးကြပါ"

"ဟာ ဘယ်ဖြစ်မလဲ၊ ပြတ်ပြတ်စဲစဲဖြစ်ချင်လို့ ကွာရှင်းပါတယ်ဆိုမှကွာ၊ သက်ကြွေကလည်း ဘယ်လို idea ကြီးလဲ၊ ဘယ်လောက်ထိ ဆက်နေရမှာလဲ"

"အခိုက်အတန့်ကလေးပါပဲ ကိုသိင်္ဂါ၊ ကိုသိင်္ဂါနဲ့ မမယုံတို့စုံတွဲ ရုပ်ရှင်ကားတစ်ကား ရုံတင်တော့မယ်၊ 'အစစ်' ဆိုတဲ့ကားလေ၊ မှတ်မိသေးလား၊ အရမ်းကောင်းတဲ့ကား၊ နှစ်ယောက်စလုံးကို အဲ့ဒီကားနဲ့ အကယ်ဒမီမှန်းထားကြတယ်လေ"

"အင်း ယုံယုံသိတယ်၊ နှစ်ယောက်စလုံး စကားမပြောတတ်ကြဘူး၊ အံ့နေကြတာ၊ မျက်လုံးတွေနဲ့ပဲ လက်ဟန်ခြေဟန်





အမူအရာတွေနဲ့ချည်း တစ်ကားလုံးသရုပ်ဆောင်ခဲ့တာ"

"အင်း ဟုတ်တယ် မမယုံ၊ နှစ်ယောက်စလုံး တစ်ယောက်ကိုတစ်ယောက် သိပ်ချစ်ကြပြီးတော့ သိပ်အနစ်နာခံကြတာတွေလေ၊ အဲ့ဒီကားရိုက်တုန်းက အခန်းတိုင်း၊ အခန်းတိုင်း နင့်လွန်းလို့ သက်ကြွေ အပါအဝင် ရိုက်ကွင်းတစ်ကွင်းလုံးကလူတွေ ငိုကြရတယ်လေ၊ မှတ်မိတယ်မှလား"

"အဲ့ဒီကားနဲ့ ဘာဆိုင်လို့လဲ"

သူ ထိုကားကို မှတ်မိပါသည်။ သူနှင့်သူမ အဲ့ဒီကုန်းက အပြိုင်သရုပ်ဆောင်ခဲ့ကြတာ။ သူ မှတ်မိသလောက် သူရိုက်ခဲ့သမျှကားတွေထဲမှာ အကောင်းဆုံးရုပ်ရှင်ကားတစ်ကားဖြစ်၏။

"အဲ့ဒီကားက အခု ရုံတင်တော့မှာ၊ ၂၀၀၀ပြည့်နှစ်ရဲ့နောက်ဆုံးကားလည်းဖြစ်တယ်၊ အဲ့ဒီကားက အကယ်ဒမီစာရင်းမှာ နောက်ဆုံးအပိတ်ကားပေမယ့် ထိပ်ဆုံးကဟတ်ပြေးနေတယ်၊

သက်ကြွေပြောချင်တာက အဲ့ဒီကားရုံတင်ပြီး အ



www.burmeseclassic.com

www.burmeseclassic.com



ကယ်ဒမီပေးပွဲအချိန်ထိ ကိုသိင်္ဂါနဲ့ မမယုံတို့ တရားဝင် လူသိရှင်ကြား မကွာရှင်းစေချင်တာပါ၊ အဲဒီအချိန်လေး အထိ သည်းခံပြီး စောင့်ပေးကြပါ၊ အဲဒီအချိန်အတော်အ တွင်းမှာလည်း နှစ်ယောက်စလုံး အပြန်အလှန်စဉ်းစားဆင် ခြင်စေချင်ပါတယ်၊

ပြဿနာတစ်ခုကို ဒေါသပူနေတုန်းဆုံးဖြတ်တာ ထက် အချိန်ယူပြီး သွေးအေးမှ ဆုံးဖြတ်တာက ပိုပြီး အ မှားနည်းတယ်လေ၊ ဒါကြောင့် သက်ကြွေက အချိန်ယူစေ ချင်တာပါ"

နှစ်ယောက်စလုံး တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကာ ငြင်းဖို့ပြင်ဆဲ သက်ကြွေက ဦးအောင်

"အဲဒါလေးကိုတော့ မငြင်းပါနဲ့၊ သက်ကြွေကို အခွင့်အရေး တစ်ခုအနေနဲ့ ကူညီပေးပါ၊

အဲဒီအချိန်ရောက်ရင်တော့ ကြိုက်သလိုဆုံးဖြတ်ပါ၊ ရပါတယ်၊ အဲဒီကားလေးကိုတော့ ပရက်ရှီးပဲဖြစ်ဖြစ် နှစ် ယောက်အတူကြည့်ပေးကြပါဦး၊ နှစ်ယောက်စလုံး အ





ကယ်ဒမီ ရချင်ရမယ်၊ ဒါမှမဟုတ် တစ်ယောက်ယောက် ရမယ်ဆိုရင်လည်း အဲဒီအချိန်မှာ နှစ်ယောက်တွဲလေး ရှိ စေချင်လို့ပါ"

ဟု တောင်းဆိုသောအခါ နှစ်ယောက်စလုံး ငြိမ် သက်သွားကြသည်။ သူက သက်ကြွေ၏စေတနာကို နားလည် သောကြောင့်

"အိုကေ၊ သက်ကြွေဘာလို့ အဲဒီလိုတောင်းဆိုတာလည်း ကိုယ် အရင် သိချင်တယ်"

"သက်ကြွေ ဖြေပါ့မယ်၊ သက်ကြွေကိုယ်တိုင်က ကိုသိင်္ဂါ နဲ့ မမယုံတို့ရဲ့ အမာခံပရိသတ်တစ်ယောက်ဖြစ်နေလို့ပါ၊ ကိုယ်သိပ်ချစ်တဲ့ အနုပညာစုံတွဲကလေးကို ဟိုးအရင်က တည်းက သဘောတူခဲ့တာပါ၊ ကွဲမသွားစေချင်တဲ့ဆန္ဒဟာ သက်ကြွေရင်ထဲမှာအပြည့်အသိပ်ရှိတာမို့ တခြားပရိသတ် တွေကလည်း ဒီဆန္ဒမျိုးပဲရှိမယ်ဆိုတာ ကိုယ်ချင်းစာမိလို့ပါ၊ ဒါကြောင့် ပရိသတ်အားလုံး ကိုယ်စား သက်ကြွေက တောင်းဆိုပေးတာပါ"



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်စလုံးသည် အနုပညာသမားများ ပီပီ ဘယ်နေရာမှာမဆို ထိရှခံစားလွယ်လွန်းသူများမို့ သက်ကြွေ စကားတွေကြောင့် စိတ်နှလုံးပျော့ပျောင်းနူးညံ့စွာ ငြိမ်သက်သွားကြလေသည်။

သူမက သက်ကြွေပခုံးကို ပွေ့ဖက်လိုက်ပြီး

"ကောင်းပြီ သက်ကြွေ၊ ယုံယုံ သဘောတူတယ်၊ 'အစစ်' ကား ရုံတင်တဲ့အထိ ယုံယုံ သည်းခံနိုင်မှုတွေကို ဆွဲဆန့်ထားပေးမယ်၊ ပြီးရင်တော့ ကွာရှင်းမယ်၊ ကွာရှင်းတာကတော့ ကွာရှင်းမှာပဲ၊ အနေးနဲ့အမြန်ပဲ ကွာမယ်"

ဟု စတင်ပြီး တင်တင်စီးစီးကလေး ပြောလိုက်သည်။ သူက သူမကို မျက်စောင်းတစ်ချက်ချီကာ

"အခုတော့ နှစ်ဦးသဘောတူ ကွာရှင်းထားကြမယ်၊ တရားဝင်ကြေညာဖို့ကတော့ အစစ် ဇာတ်ကားရုံတင်ပြီးချိန်ပေါ့၊ ကိုယ်လည်း သဘောတူပါတယ်၊

ကိုယ် အောက်ထပ်မှာ ပြောင်းနေမယ်၊ မင်းက အပေါ်ထပ်မှာ နေ၊ ဧည့်ခန်းနဲ့ အားကစားခန်း၊ JACUZZI





ခန်း၊ ရေကူးကန်တွေကို မျှသုံးခွင့်ရှိတယ်၊ ဒါပေမယ့် တစ်ယောက်ရဲ့အိပ်ခန်းအတွင်း မဝင်မိစေဖို့ တင်းကြပ်စွာ တားမြစ်ထားမယ်၊ မင်းအခန်းလည်း ငါ မဝင်ဘူး၊ ငါ့ အခန်းလည်း မင်း ယောင်ပြီးတော့တောင် မဝင်မိစေနဲ့"

"ဘာလဲ၊ ရှင်က ရှင့်အခန်းထဲ တခြားမိန်းမ ခေါ်သွင်းထားချင်လို့လား"

"မင်းနဲ့ မဆိုင်ဘူး၊ ဝင် မစွက်ဖက်နဲ့၊ ငါ့ဘာသာ ဘာပဲလုပ်လုပ်၊ လုပ်ချင်တာလုပ်မယ်၊ မင်း မဆိုင်သလို နေ၊ ကဲ သက်ကြွေ ကွာရှင်းစာချုပ်တစ်ခု စီစဉ်ပေး၊ မနက်ဖြန် ကွာရှင်းမယ်"

"စိန့်လိုက်လေ၊ နင် ဘာလို့ချင်လို့ ဒီအချိုးချိုးသလဲဆိုတာ ငါ အသိဆုံးပဲ၊ စန္ဒာယုန်က ကွာရှင်းဖို့ ဖိအားတွေ ပေးနေတယ်မဟုတ်လား၊ ငါ သိတယ်၊ သိလား"

"မဆိုင်တာတွေ ဝင်မပြောနဲ့တော့ လို့ ပြောထားတယ်နော်၊ တော်လောက်ပြီ၊ ငါ့ရဲ့ လွတ်လပ်မှုတွေကို ငါ ပြန်လိုချင်တယ်၊ ဒါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"တော်ပြီ၊ တော်ပြီ၊ ဆက်ပြီး ရန်မဖြစ်ကြနဲ့တော့၊ မနက်ဖြန် သက်ကြွေ ကွာရှင်းစာချုပ် စီစဉ်ပေးမယ်၊ နှစ်ဦးသဘောတူပဲ တိုးတိုးတိတ်တိတ် ကွာရှင်းတာနော်၊ ဘယ်သူမှ မသိစေနဲ့"

"ဒါပဲ မဟုတ်လား သက်ကြွေ၊ ဒါဆို ယုံယုံ နားတော့မယ်၊ မိအေး၊ ဒီနေ့ကစပြီး စားဖို့မှုးကို ပြောလိုက်၊ ငါ့တစ်ယောက်စာပဲ ချက်တော့လို့၊ နှစ်ယောက်စာ ချက်ဖို့မလိုတော့ဘူးလို့"

သူမက တမင်တကာ ကျယ်ကျယ်လွင့်လွင့်ကလေး အော်ကာ အပေါ်ထပ်သို့ ဘာမထီသောမျက်နှာပေး၊ ဟန်မူယာဖြင့် တက်သွားလေသည်။ ရင်ထဲမှာတော့ မချိအောင်နာကျင်လျက်ရှိသည်။

မနက်ဖြန်ဆို သူနှင့်သူမတို့ တရားဝင်သည်ဖြစ်စေ၊ တရားမဝင်သည်ဖြစ်စေ၊ ကွာရှင်းပြတ်စဲကြတော့မည်။ ကွာရှင်းကြပြီဆိုကတည်းက စိတ်နှလုံးချင်းလည်း ပြတ်စဲခဲ့ကြပြီ။ သူနှင့်ကိုယ် သူစိမ်းနှစ်ယောက် ပြန်ဖြစ်သွားလေပြီ။ ဘယ်တော့မှ ချစ်သူတွေ ပြန်မဖြစ်နိုင်တော့။ အဲ့ဒါ ဘယ်သူ့အပြစ်နည်း။

စစတာနာစာပေ

အခန်း(၁၂)

နောက်တစ်နေ့တွင် နှစ်ယောက်စလုံး အေးစက်တင်းမာသော မျက်နှာထားကိုယ်စီဖြင့် ကွာရှင်းစာချုပ် (သက်ကြွေလုပ်လာသော)မှာ လက်မှတ်ထိုးဖို့ပြင်ဆင်လိုက်ကြပြီး တစ်ယောက်ကိုတစ်ယောက် စေ့စေ့မကြည့်တော့ဘဲ မျက်နှာလွှဲပစ်လိုက်ကြလေသည်။

ကိုယ့်အိပ်ခန်းမှလွဲ၍ ကျန်သောအခန်းများ၊ ပစ္စည်းအသုံးအဆောင်များကို ဘုံပစ္စည်းအဖြစ် မျှဝေသုံးစွဲကြမည်ဖြစ်သည်။ သူတို့နှစ်ယောက်ကွာရှင်းကြတာကို သူတို့နှစ်ယောက်နှင့် သက်ကြွေကလွဲ၍ ဘယ်သူမှ မသိကြ။ အိမ်ရှိအောင်မလေးတွေ

စစတာနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



နှင့် စားဖို့မှုး၊ ဒရိုင်ဘာကတော့ ခါတိုင်းလိုပင် သူတို့ ရန်ဖြစ်တုန်းခဏ အခန်းခွဲနေကြသည်ဟု ထင်ကြပုံရလေသည်။

ကွာရှင်းကြပုံကိုလည်းကြည့်ပါ။ သူမှာ လက်နှစ်ဖက်လုံးကျောက်ပတ်တီးကြီးနှင့်မို့ လက်မှတ်မထိုးနိုင်တာကို တောင် တဖွတ်ထိုးကြီး ကွာရှင်းမယ်တကဲကဲလုပ်နေတာကို သူမက ပို၍မခံချင်စိတ်ဖြစ်ရတာဖြစ်သည်။

"ကွာရှင်းဖို့ လက်လည်းမရှိဘဲနဲ့များ"

သူမက မျက်စောင်းထိုးကာ ခနဲ့ခနဲ့ရေရွတ်လျှင်

"ငါ့ assistant သက်ကြွေတစ်ယောက်လုံးရှိတယ်၊ မင်းစကားမရှည်နဲ့၊ ငါ့လက်မှတ် သူပဲ ထိုးနေကျ၊ သူထိုးတာနဲ့ ငါထိုးတာ အတူတူပဲ"

သူက ခပ်မာမာပင်ပြောသည်။ သူမ မျက်ခုံးများရှုံ့လိုက်မိသည်။ သူ ဘယ်နှယ့်ကြောင့် သူမအပေါ် ဤမျှတင်းမာပြတ်သားသွားပါသနည်း။ အင်မတန်မြန်ဆန်လှသော အပြောင်းအလဲသည် သူမအတွက်တော့ အကြီးမားဆုံးသော သံသယဖြစ်သည်။

* * * * * * * * * * * * * * * * * * * * * * * * *

ခုနစ်ခန်းမြောက်အခန်း



"ကောင်းပြီ၊ ကောင်းပြီ၊ ကျွန်မက ရှင့်ကို သိပ်ဂရုစိုက်မယ်များမှတ်လို့လား၊ ကျွန်မအတွက် ယောကျ်ားမရှားဘူး၊ ကျွန်မမှာ ပိုင်ရှင်မရှိတော့ဘူးဆိုတာနဲ့ လိုချင်သူတွေမှ ဝိုင်းဝိုင်းလည်နေတာပဲ၊ အဲဒါကို နားလည်ထားလိုက်"

သူမက ကွာရှင်းစာချုပ်ကို လက်မှတ်ထိုးနေချိန်တွင် ခေါင်းကိုမော်ထားပြီး နှုတ်ခမ်းကိုတင်းတင်းစေ့ကာချီထားလေသည်။ သူ့ကိုယ်စားတော့ သက်ကြွေက လက်မှတ်ထိုးပေး၏။

"သက်ကြွေ၊ ကိုယ် ဧည့်ခန်းနဲ့ကပ်ရက်အခန်းမှာနေမယ်၊ လိုအပ်တဲ့ပစ္စည်းတွေ ချက်ချင်းဝယ်ထည့်ပေးပါ၊ ပရိဘောဂဆိုင်ကို ဖုန်းဆက်လိုက်ရုံနဲ့ သူတို့ လာပြင်ဆင်ပေးလိမ့်မယ်၊

ဒီလက် ကျောက်ပတ်တီးမဖြေခင်ထိ ကိုယ် အနားယူမယ်၊ ရိုက်ရက်တွေ နောက်ဆုတ်ဖို့၊ ပြန်ညှိပေးဖို့ သက်ကြွေဘာသာပဲ စီစဉ်လိုက်တော့"

"စိတ်ချပါ ကိုသိဂ်၊ သက်ကြွေ အားလုံးစီစဉ်ပေးပါ့မယ်"

သူမက သီချင်းကလေးတညည်းညည်း၊ လေကလေးတချွန်ချွန်လုပ်ကာ ခါတိုင်းထက်ရွှင်မြူးစွာ အိမ်ထဲတွင်လှုပ်

* * * * * * * * * * * * * * * * * * * * * * * * *

ခုနစ်ခန်းမြောက်အခန်း

www.burmeseclassic.com

www.burmeseclassic.com

ရှားသွားလာလေသည်။ အခိပ္ပါယ်ကတော့ သူနှင့်ကွာရှင်းရသည့်အတွက် သူမမှာ မည်သို့သောခံစားချက်မှမရှိပါဆိုသော အဓိပ္ပါယ်ပင်ဖြစ်၏။ သူ့ကို လုံးဝအရေးမစိုက်၊ ဂရုမစိုက်သောပုံစံမျိုးထားခြင်းသည် သူမ သရုပ်ဆောင်နေခြင်းဖြစ်ကြောင်း သူမ တစ်ယောက်တည်းသာ အသိဆုံးဖြစ်သည်။

သူနှင့် သူမ ကွာရှင်းပြီးနောက်ပိုင်း သူ့ဆီသို့ မှန်မှန်လာလေ့ရှိသော အမှန်ဆုံးဧည့်သည်မှာ စန္ဒာယုန်တည်း။ သက်ကြေကြ ဒါရိုက်တာတွေ၊ ထုတ်လုပ်သူတွေနှင့် ရိုက်ရက်တွေပြန်ညှိရသောကိစ္စတွေနှင့် ရှုပ်ယှက်ခတ်နေချိန်တွင် စန္ဒာယုန်က မှန်မှန်လာကာ သူ့နံဘေးမှာ ဂရုတစိုက်ပြုစုပေးလျက်ရှိသည်မှာ မျက်စိနောက်ဖွယ်အလွန်ကောင်းလှသည်။

သူမ မနက်ဆို ကားရိုက်ထွက်ချိန်တွင်ဆို စန္ဒာယုန်ရောက်လာပြီ။ ညနေပိုင်း သသူမ အိမ်ပြန်လာချိန်ထိ စန္ဒာယုန်မပြန်နိုင်သေး။ တစ်နေ့လုံး သူတို့ ဘာတွေပြောကြပါလိမ့်။ သူမ အံ့ဩမဆုံး။

သူမ မြင်ရသလောက်တော့ သူတို့နှစ်ယောက်ဆက်ဆံပုံမှာ အလွန်ရင်းနှီးကျွမ်းဝင်လှလေသည်။





"စန္ဒာ လက်တွေယားလာပြန်ပြီ၊ ကုတ်ပေးပါဦး၊ ဒီနေရ
ဒီနေရာ၊ အမလေး၊ ယားတယ်၊ တောက်"

"ကုတ်ပေးပါမယ်၊ တွန့်လိမ်မနေနဲ့လေ"

အဲ့ဒါက ဧည့်ခန်းထဲမှာ ဖြစ်ပျက်နေပုံဖြစ်သည် စန္ဒာယုန်က သူ့လက်ကျောက်ပတ်တီးကိုင်ထားသောအတွင်းအစပ် နေရာတွေကို ကုတ်တံကလေးတစ်ချောင်းဖြင့် စိတ်ရှည်လက်ရှည် ကုတ်ပေးလျက်ရှိတာကို သူမ မြင်ရလျှင် စိတ်ထဲအတော်မခံချိမခံ သာဖြစ်ရလေသည်။

သူ့မသိအောင် စန္ဒာယုန်နှင့် သူမ နှစ်ယောက် တည်းတွေ့ပြီး အနေအထိုင်ဆင်ခြင်ကြဖို့ သတိပေးခဲ့ဖူးသည်။

"စန္ဒာက အစ်ကို့ကို ကျေးဇူးရှင်တစ်ယောက်အနေနဲ့ ပြုစုခွင့်ကြုံတုန်း၊ ပြုစုပေးနေတာပါ၊ စန္ဒာ့အပေါ်မှာ အစ်ကို့ရဲ့ ကျေးဇူးတွေ အများကြီးရှိတယ်၊ စန္ဒာ အခုလောက်ထိ အောင်မြင်လာတာ အစ်ကို တွဲခေါ်ခဲ့လို့ပါ၊ စန္ဒာတို့က မောင်နှမတွေလို ရင်းရင်းနှီးနှီးနေကြတာပါ"

ဟု စန္ဒာယုန်က ဖြေရှင်းပြပေမယ့် သူမက မယုံရေးချပင်မယုံချေ။ သူ သူမကို ဖွတ်အတင်းကွာရှင်းခဲ့သည်မှာ စန္ဒာ

www.burmeseclassic.com

www.burmeseclassic.com

ယုန့်ပယောဂတွေ အများကြီးပဲပါသည် ဟု သူမက တစ်ထစ်ချယူဆထားခဲ့ပါသည်။ မာနကို ဦးစားပေးရေ့တန်းတင်ခဲ့လို့သာ ကွာရှင်းဖို့လက်မှတ်ကို လုံးဝ ဂရုမစိုက်သည့်ပုံဖြင့် ထိုးပေးခဲ့တာ။ သူမနှင့်သူ ကွာရှင်းပြီး စန္ဒာယုန့်ကို လက်ထပ်လိုက်မှာကိုတော့ သူမ ကြိတ်၍စိုးရိမ်ပူပန်လျက်ရှိသည်။

အခုအချိန်မှာတော့ သက်ကြွေ၏ပယောဂဖြင့် သူနှင့်သူမ ကွာရှင်းထားကြတာကို ဘယ်သူမှ မရိပ်မိကြသေး။ သို့သော် ဒါဟာ အချိန်အတိုင်းအတာတစ်ခုအထိပဲ။ တစ်ချိန်မှာ သူနှင့်သူမ၏ အကွဲအပြဲသည် ဘွားခနဲပင် လူသိရှင်ကြား၊ ဖုံးမရဖိမရ ပေါ်တော့မည်။ ဘာကြောင့်မှန်းမသိ၊ ထိုနေ့ကို သူမ ရင်မဆိုင်ချင်။

သူနှင့် သူမ ကွာရှင်းလိုက်ရခြင်းသည် မခံချင်စိတ်တစ်ခုကလွဲပြီး ဘာအကြောင်းရင်းမှ ကြီးကြီးကျယ်ကျယ်မရှိ။ ဘာမှမဟုတ်သည့် အသေးအဖွဲအကြောင်းအရာကလေးတွေ စုစုပုံပြီး ဒီအခြေအနေထိရောက်သွားခဲ့ခြင်းဖြစ်လေသည်။

ဘာမဟုတ်သည့် အသေးအဖွဲအကြောင်းကလေးတွေဖြင့် တစ်ယောက်ကိုတစ်ယောက် သည်းမခံနိုင်ဖြစ်ခဲ့ကာ စိတ်





လိုက်မာန်ပါ ကွဲခဲ့ရခြင်း၏ရလဒ်တွင် သူမ၏ဂုဏ်သိက္ခာကို ဆုံးရှုံးလိုက်ရတော့မည်။ လူသိရှင်ကြားကွဲကြလျှင် ဘယ်သူ့အလွန်လို့ လူတွေက သတ်မှတ်ယူဆကြမှာပါလိမ့်။ သူမ ဘာတွေများလွန်လို့လဲ။ သူကရော ဘာတွေလွန်ခဲ့သလဲ။ ဒါဆို ဘာလို့ ကွဲကြတဲ့အထိဖြစ်ခဲ့ကြသလဲ။ သူမ မတွေးချင်တော့။

□ □ □



www.burmeseclassic.com

www.burmeseclassic.com

သူမတို့နှစ်ယောက် တစ်အိမ်တည်းမှာနေကြရင်း တစ်ယောက်ကိုတစ်ယောက် အေးစက်စိမ်းကားစွာ ရင်ဆိုင်ဖြတ်သန်းခဲ့သည်မှာ လနှင့်ချီသွားခဲ့လေပြီ။ ထိုရက်များအတွင်း သူမတို့ တစ်ယောက်မျက်နှာပင် တစ်ယောက်မကြည့်ကြ။ တစ်နေ့လုံးနေလို့ တစ်ကြိမ်ကလေးတောင် ဖျတ်ခနဲပင် မတွေ့လိုက်ရသောနေ့တွေရှိခဲ့သည်။ မတွေ့အောင်လည်း ရှောင်နေခဲ့ကြခြင်းဖြစ်သည်။

ထိုနေ့ကတော့ သူမ ရိုက်ကွင်းမှ စောစောစီးစီး ပြန်ရောက်လာခဲ့သည်။ သူ့ကိုမတွေ့ရ။

"သူ့အခန်းထဲမှာလား၊ စန္ဒာယုန်ရောက်နေသလား"

သူမက အိမ်တွင်ကျန်ရစ်ခဲ့သော မိအေးကို တိုးတိုးတိတ်တိတ် စုံစမ်းကြည့်သည်။





"လက် ကျောက်ပတ်တီးဖြေဖို့ဆိုပြီး ထွက်သွားတာပဲ၊ မမ၊ မစန္ဒာယုန် လာခေါ်သွားတာ"

"အေး အေး ပြီးရော၊ သွားတော့၊ လုပ်စရာရှိတာ သွားလုပ်တော့၊ မနော် ငါနဲ့ နေခဲ့၊ ငါ ပြောစရာရှိတယ်"

အိမ်မှာ ဘယ်သူမှရှိမနေဘူးဆိုသောစိတ်က သူမကို တစ်ခုခု ခိုးကြောင်ခိုးဝှက်လုပ်ဖို့ စေခိုင်းလျက်ရှိသည်။ သူမသည် သူနှင့်စန္ဒာယုန်ကို မသင်္ကာခဲ့တာကြာပြီ။ သူတို့ ဘာအကြံအစည်တွေ ရှိနေကြသလဲ။ သူတို့နှစ်ယောက် လက်ထပ်လိုက်လျှင် သူမအတွက် အရှက်ကွဲစရာ၊ ဂုဏ်သိက္ခာဆုံးရှုံးစရာဖြစ်တော့မည်။ ပြီးတော့ သူမစိတ်ထဲမှာ သူက သူမကို အကြောင်းမဲ့စွန့်ပစ်ပြီး နောက်ထပ် မင်းသမီးတစ်ယောက်ကို လက်ထပ်ယူမှာကို အလွန်မခံချင်၊ သဝန်တိုစိတ် ပြင်းထန်လျက်ရှိသည်။

သူနှင့်သူမသာလျှင် အလွန်လိုက်ဖက်၊ အတွဲညီလှသော ပြည်သူ့အချစ်တော်စုံတွဲကလေးဖြစ်သည်။ သူမကလွဲပြီး သူသည် တခြားဘယ်မိန်းမနှင့်မှ မလိုက်ဖက်ပါ။ ဒါကို သူမ မလိုလို သိနေသည်။

"မမ ဘာပြောမလို့လဲ၊ ပြောလေ"



www.burmeseclassic.com

www.burmeseclassic.com

"အေး အေး၊ သူ မရှိတုန်း၊ ငါ သူ့အခန်းထဲ ဝင်မွှေချင်တယ်၊ သူနဲ့ စန္ဒာယုန် ဘယ်အခြေအနေထိ ရှိနေပြီလဲဆိုတာ ငါသိချင်တယ်၊

အဲ့ဒီတော့၊ မနော် နင်က ဒီအခန်းဝကနေ စောင့်ကြည့်နေ၊ သူ ပြန်လာတာနဲ့ ငါ့ကို အချက်ပေး ကြားလား၊ သတိဝီရိယနဲ့စောင့်နော်၊ ကြားလား"

"စိတ်ချ၊ စိတ်ချ မမ"

သူမသည် မနော်ကို အစောင့်ချကာ သူ့အခန်းထဲသို့ စိတ်လှုပ်ရှားစွာ ဝင်ခဲ့လေသည်။ သူ့အိပ်ရာခင်းနှင့် ခေါင်းအုံးများကို နှာခေါင်းတရှုံ့ရှုံ့ဖြင့် နမ်းကြည့်သည်။ အလွတ်ရနေသော သူ့အနံ့အပြင် စန္ဒာယုန့်ဆီကရလေ့ရှိသော RED DOOR ရေမွှေးနံ့ရနိုးနိုးဖြင့် အနံ့ခံကြည့်ခြင်းဖြစ်သည်။ အဲ့ဒါအပြင် သူ့အကျီများမှာ နှုတ်ခမ်းနီတွေဘာတွေများ စွန်းပေခြင်းရှိမရှိ ရှာဖွေကြည့်သည်။

ပြီးတော့ သူတို့ တိတ်တဆိတ်များကြိတ်ပြီး လက်မှတ်ထိုးထားကြသော လက်ထပ်စာချုပ်တွေဘာတွေများ မတော်တဆရှာတွေ့လေမလား ဟု ဟိုဟိုဒီဒီ လိုက်ရှာဖွေကြည့်သည်။





ဘီရိုတွေဖွင့်၍ရှာကြည့်သည်။ တခြားမိန်းမအသုံးအဆောင်ပစ္စည်းတွေ ဘာတွေများတွေ့နိုင်မလဲ။ တခြားမသင်္ကာစရာ သက်သေတစ်ခုခု ဘာများရှာတွေ့နိုင်မလဲ ဟု သူမ စိစစ်ပေါက်ပေါက်လိုက်၍ရှာသည်။ ဘာမှ မတွေ့။

ဘယ်လောက်ကြာအောင် သူမအရှာအဖွေထဲ ရှာန်ဝင်နစ်မြုပ်နေသည်မသိ။ အခန်းထဲသို့ မနော် အပြေးအလွှားဝင်လာကာ

"ဒုက္ခပဲ မမ ရေ၊ ကိုယ်ကျိုးတော့နည်းပြီ၊ အိမ်ကိုပြန်ရောက်လာပြီ၊ ကားသံတောင် မကြားလိုက်မိဘူး၊ အခု ဧည့်ခန်းထဲရောက်နေပြီ၊ မစန္ဒာရောပဲ၊ ဘယ်လိုလုပ်ကြမလဲ၊ အခုမှထွက်လို့ မမိတော့ဘူး၊ ပုန်း ပုန်း၊ ပုန်းမှ ဖြစ်တော့မယ်"

ဟု ပြူးပြူးပျာပျာပြောလေသည်။

"တောက်၊ မနော်တို့ လုပ်ချလိုက်ပြီ၊ အိမ်တံခါးကို ဘယ်သူဖွင့်ပေးတာလဲ"

"အစ်ကို့မှာ သော့ရှိသားပဲ မမကလည်း၊ သူ့ဟာသာသူ ဖွင့်ဝင်လာတာ၊ ကျွန်မ မကြားလိုက်မိဘူး၊ ဧည့်ခန်းထဲ



www.burmeseclassic.com

www.burmeseclassic.com

သူတို့ရောက်လာမှ ကျွန်မကို သူတို့မမြင်နိုင်ခင် အခန်းထဲ ဝင်ပြေးလာခဲ့တာ"

"သောက်ကျိုးနည်းပြီ၊ သောက်ကျိုးနည်းပြီ၊ သူ မရှိတုန်း သူ့အခန်းထဲ ငါဝင်တာသာ သူသိသွားလို့ကတော့ သူ့ပါး စပ်ထဲ ငါတော့ ရစရာရှိတော့မှာ မဟုတ်ဘူး"

သူမ ဆွေ့ဆွေ့ခုန်၍နေဆဲ၊ တံခါးကို အပြင်မှ လှည့်ဖွင့်သည့်ဟန် လက်ကိုင်ဖုလည်လာတာမို့ သူမ ရှည်ရှည် ဝေးဝေး စဉ်းစားမနေအားတော့ဘဲ မနော်လက်ကို ကသုတ်ကရက် ဆွဲကာ ရေချိုးခန်းထဲသို့ ဖျတ်ခနဲဝင်လာခဲ့လေသည်။

ရေချိုးကြွေဇလုံထဲတွင် နှစ်ယောက်သား ငုတ်တုတ် ကလေးတွေ ဝင်ထိုင်၍ပုန်းနေကြကာ ကန့်လန့်ကာကို ကြွေဇလုံ ပတ်လည်လုံအောင် ဆွဲကာထားလိုက်၏။ မတော်တဆ သူ ရေချိုး ခန်းထဲဝင်လာရင်တောင် သူမတို့ကို ရုတ်တရက်မတွေ့နိုင်။

ထိုအချိန်မှာ သူမတို့ ကံဆိုးလှစွာပင် ရေချိုးခန်း တံခါး ဖွင့်သံကိုကြားရ၏။ နှစ်ယောက်စလုံး မျက်လုံးတွေပြူးကာ ရင်တမမဖြစ်ဆဲ သူက ကမုတ်ပေါ်သို့ ဝင်ထိုင်လိုက်သောလှုပ်ရှား မှုကို ကြားရ၏။





ထိုခဏတွင် ဘွတ်ခနဲအသံတွေ၊ ဗလုံးဗလွမ်းအသံ တွေ၊ ရထားဥသြမှုတ်သလို အသံရှည်ရှည်တွေနှင့်အတူ အင်မတန် အော်ဂလီဆန်ဖွယ်ကောင်းလှသော အနံ့အသက်ဆိုးဆိုးတွေကို သူမ နှလုံးနာစက်ဆုပ်ဖွယ် ခံစားလိုက်ရသည်။ နှာခေါင်းကို လက် မ၊ လက်ညှိုးဖြင့် အတင်းဖိညှပ်ထားရသည့်ကြားမှပင် အော့နှလုံး နာကာ အန်ချင်စိတ်ပေါက်လျက်ရှိသည်။

သူ ဤမျှညစ်ပတ်မှန်း အခုမှပင် နီးနီးကပ်ကပ်ခံ စားရခြင်းဖြစ်လေသည်။ နှာခေါင်းပိတ်ထားရတာကြာတော့လည်း အသက်ရှူရကျပ်လာ၏။ မျက်နှာတွေရှုံ့မဲ့ရှုံ့လိမ်ကာ ကိုယ်ခန္ဓာ များမှာ အတော်ကြီးတွန့်လိမ်ကွေးကောက်လျက်ရှိသည်။ သေချင် စော်တောင်နံတယ်ဆိုတာ ဒါပဲနေမှာပဲ။

အတော်လေးကြာအောင် သူ့ရဲ့ဝဋ်ဆင်းရဲကို ကြိတ် မှိတ်ခံစားလိုက်ကြရသည်။ သူက အားပါးတရ ဆူညံကျယ်လောင် စွာ ထုတ်သောကိစ္စပြီးမှ ရေချိုးခန်းထဲမှ ထွက်သွားလေသည်။

"ဟင်၊ လက်လည်း ပြန်မဆေးဘူး"

ဝေါခနဲ အသံမထွက်အောင် အန်ရသဖြင့် သူမ မျက်လုံးအိမ်ထဲမှာ မျက်ရည်တွေပြည့်ဝိုင်းနေ၏။



www.burmeseclassic.com

www.burmeseclassic.com

"မနော်၊ သွားချောင်းဦး၊ သွား၊ သူ အပြင်ထွက်သွားပြီလား ဆိုတာ"

"ဟုတ်ကဲ့"

မနော် အသာလေးချောင်းကြည့်ပြီးနောက်

"မမ အခန်းထဲကတော့ ထွက်သွားပြီ၊ ထွက်လို့ရပြီ၊ ဧည့်ခန်းမှာ ရှိမရှိ ချောင်းကြည့်လိုက်ဦးမယ်"

အခန်းတံခါးဆီမှ အပြင်ဧည့်ခန်းဘက်သို့ ချောင်းကြည့်လျက်ရှိသည်။

"မမ၊ အစ်ကို သွားပြီ၊ မစန္ဒာယုန်နဲ့ အပြင်ပြန်ထွက်သွားပြီ၊ ကြည့်ရတာ အိမ်ပြန်လာပြီး ဒီကိစ္စလာလုပ်တာထင်တယ်၊ အမလေး နံလိုက်တာ၊ ဟီးဟီး"

သူမသည် အခန်းထဲမှ တစ်ဟုန်ထိုးပြေးထွက်ကာ တဝေါ့ဝေါ့ အန်၍မဆုံးတော့ချေ။

"အမလေး၊ Spa သွားမှဖြစ်မယ်၊ ကိုယ်ခန္ဓာတစ်ခုလုံးကို အမွှေးနံ့သာတွေနဲ့ ပြန်ပေါင်းပစ်မယ်၊ ရွံလိုက်တာ၊ ရွံလိုက်တာ"

သူမက ဆွေ့ဆွေ့ခုန်လျက်ရှိလေသည်။



## အခန်း(၁၃)

ထိုနေ့က 'အစစ်' ဇာတ်ကား ပရက်ရှိုးပြသောနေ့ဖြစ်လေသည်။ သူမ ရင်ထဲပိုလျက်ရှိ၏။ ခါတိုင်းနေ့တွေထက် ပိုလှအောင် အလှပြင်နေခဲ့ကာ လူသူပရိသတ်အလယ်တွင် သူနှင့်ယှဉ်တွဲလျက် နောက်ဆုံးအကြိမ်အဖြစ် သရုပ်ဆောင်ရဦးမည်။ ရင်မိုခြင်းနှင့် တစ်ပြိုင်နက်တည်းတွင် အပြီးအပိုင် စွန့်လွှတ်ဆုံးရှုံးရတော့မည့် အရေးကို ကြိတ်၍ဝမ်းနည်းခြင်းလည်းဖြစ်မိ၏။

သူမသည် ပိုးသားပျော့ပျော့ရှပ်အင်္ကျီအဖြူရောင်နှင့် ပိုးသားဘောင်းဘီမိုးပြာရောင်ပျော့ပျော့ကလေးကို ဖြူဖက်၍ဝတ်ဆင်ကာ ဆံပင်ရှည်များကို ဒီအတိုင်းဖားလျားဖွတ်လပ်စွာချထား



www.burmeseclassic.com

www.burmeseclassic.com

လိုက်သည်။

လှေခါးပေါ်မှ သူမ ဆင်းလာချိန်တွင် အောက်ထပ်ရှိ သူ့အခန်းထဲမှထွက်လာသော သူနှင့် တည့်တည့်ရင်ဆိုင်တိုးမိသည်။ အံ့ဩစရာကောင်းသည်မှာ သသူက ပိုးသားရှပ်မိုးပြာဖျော့ဖျော့ကို ဘောင်းဘီအဖြူနှင့် တွဲဖက်ဝတ်ဆင်ထားခဲ့ခြင်းဖြစ်သည်။

နှစ်ယောက်စလုံး၏ assistant ဖြစ်သော သက်ကြွေက သူနှင့်သူမကို တစ်လှည့်စီကြည့်ကာ မသိမသာပြုံးလေသည်။

"ကားတစ်စီးစီသွားတာထက် တစ်စီးတည်းသွားတာ ပိုကောင်းလိမ့်မယ်ထင်တယ်"

သက်ကြွေက ပြောလျှင် သူမက

"ယုံယုံ့ကားနဲ့ သွားမယ်"

ဟု စတင်၍ ပြောလိုက်သည်။ သူက သူမကို မကြည့်ဘဲ

"သက်ကြွေ၊ ကိုယ် သူများကားမစီးချင်ဘူး၊ ကိုယ့်ကားပဲ ကိုယ်စီးမယ်"

ဟု သံပြတ်ဖြင့်ပြော၏။

"အောင်မာ၊ တင်းမာနေလိုက်တာ၊ သွားပေါ့၊ ဘယ်သူကရော ရှင့်ကားကို လိုက်စီးမှာလဲ၊ အမလေး၊ မာနတွေက





ထောင်လွှားနေလိုက်တာ"

"မဟုတ်သေးပါဘူး၊ အဲ့ဒီလို မလုပ်ကြနဲ့လေ၊ နှစ်ယောက်အတူတူ ချစ်ချစ်ခင်ခင်နဲ့ လက်ချင်းတွဲပြီး သွားစေချင်တယ်၊ ပရိသတ်တွေက 'အစစ်' ကားကို သိပ်စိတ်ဝင်စားနေကြတာ၊ ဒီနေ့ဆို အများကြီးလာစောင့်နေကြမှာလေ၊ ဒီလို မျက်နှာပုပ်ကြီးတွေနဲ့ လုပ်နေလို့ ဘယ်လိုလုပ်ကောင်းနိုင်မှာလဲ"

"သက်ကြွေ၊ အပိုတွေ ကြိုးစားမနေနဲ့တော့၊ ကားနှစ်စီးရှေ့ဆင့်နောက်ဆင့်ထိုးရပ်ပြီး အတူတူဝင်လို့ရတယ်၊ ဒါပဲ"

"ကဲ ကဲ ပြီးရော၊ ရှေ့ဆင့် နောက်ဆင့်သာ ထွက်ကြတော့၊ ကားပေါ်ကဆင်းရင် လက်တွဲပြီး ချစ်ချစ်ခင်ခင် ပြုံးပြုံးရွှင်ရွှင်ကလေး နေပေးပါနော်၊ ပလိ(စ်) တောင်းပန်ပါတယ်"

သက်ကြွေခမျာ ကြားကနေ သနားစရာပင် ကောင်းသေးတော့လေသည်။

ဒီလိုနှင့် သူမတို့နှစ်ယောက်၏ကားနှစ်စီးသည်ခြံထဲမှနေ၍ ရှေ့ဆင့်နောက်ဆင့် ထွက်လာခဲ့ကြသည်။

သမ္မတရုံရောက်တော့ ထင်သည့်အတိုင်းပင် ပရိသတ်က ကြိတ်ကြိတ်တိုးပင် စောင့်ကြိုနေပြီ။ ပရက်ရှ်ပြပြီး



www.burmeseclassic.com

www.burmeseclassic.com



တာနှင့် ရုံတင်တော့မှာမို့ ဆယ်နာရီခွဲပွဲအတွက် မနက်အစောကြီးကတည်းကပင် လာစောင့်နေကြသည်မှာ လက်မှတ်အတွက်မဟုတ် ဘဲ သူနှင့်သူမတို့စုံတွဲကို ကြည့်ချင်၍ ရောက်နှင့်နေကြခြင်းဖြစ်လေသည်။

အုံ့ညြိစရာကောင်းလှစွာပင် 'အစစ်' ဇာတ်ကား၏အောင်မြင်မှုမှာ တစ်ပတ်စာအတွက် ကြိုတင်လက်မှတ်များကုန်သွားခဲ့ပြီဖြစ်ကြောင်း သူမတို့ရောက်ရောက်ချင်းပင် ပရိုဂျူဆာက ဝမ်းသာအားရ သတင်းပေးလေသည်။

ကားနှစ်စင်း ရှေ့ဆင့်နောက်ဆင့် ရပ်လိုက်ကာ ကားပေါ်ကဆင်းတာနှင့် သူနှင့်သူမသည် တစ်ယောက်လက်တစ်ယောက်တွဲထားလိုက်ကြပြီး မျက်နှာနှစ်ခုစလုံးမှာ အပြုံးတွေ ဝင်းပသီးပွင့်လာလေသည်။ ပရိသတ်က သူမတို့နှစ်ယောက်ဆီသို့ စုပြုံတိုးဝှေ့ဝင်ကာ ဝိုင်းအုံလာကြ၏။

ပရိသတ်အားလုံးကို သူနှင့်သူမက တရင်းတနှီးပင် လှိုက်လှိုက်လှဲလှဲ ချစ်ခင်စွာ နှုတ်ဆက်ကြသည်မှာ သူနှင့်သူမတို့အကြားတွင် အေးစက်စိမ်းကားမှုကြီး ရှိနေတယ်ဆိုတာကို ယောင်လို့တောင် ရိပ်မိနိုင်မှာမဟုတ်။

"မမယုံ၊ အရမ်းချစ်စရာကောင်းသားပဲ"

စေတနာစာစဉ်



"အရမ်းလိုက်တာပဲ" ဆိုသောအသံတွေ ဆူညံနေသည်။ သူနှင့်သူမသည် တစ်ယောက်လက်တစ်ယောက် တင်းအောင်ဆုပ်လာကြသလို ကျန်တစ်ဖက်ကလည်း ပရိသတ်ကိုလက်ဝှေ့ယမ်းပြနှုတ်ဆက်ကြသည်။

သမ္မတရုံပေါ်သို့တက်သော လှေခါးများကို နင်းဖြတ်တက်ခဲ့ကြစဉ်မှာလည်း သူနှင့်သူမ လက်တွဲမဖြုတ်ကြ။ ဝိုင်းအုံကြည့်နေကြသောလူတိုင်း၏မျက်လုံးများစွာသည် သူနှင့်သူမ၏မျက်နှာအမူအရာ၊ ပြုမူလှုပ်ရှားပုံ အစစအရာရာတိုင်းအပေါ် ချစ်ခင်မြတ်နိုးမှုအပြည့်ဖြင့် အသေးစိတ် အလွတ်ကျက်သလို ကြည့်နေကြသောကြောင့် ဖြစ်သည်။

ရုံထဲသို့ ဝင်လာကြတော့မှပင် လက်တွဲဖြုတ်ကြတော့ကာ ကိုယ့်ထိုင်ခုံအသီးသီးတွင် ဝင်ထိုင်လိုက်ကြ၏။ ခုံချင်းက သူနှင့်သူမ ကပ်ရက်ဖြစ်သည်။

မကြာခင်တွင် 'အစစ်' ရုပ်ရှင် စ၍ပြတော့သည်။ ဇာတ်လမ်းကလေးက မေတ္တာအစစ်အကြောင်း ရိုက်ပြထားသောရင်နှင့်ဖွယ်ဇာတ်လမ်းကလေးဖြစ်သောကြောင့် တစ်ရုံလုံးအပ်ကျသံမကြားရလောက်အောင်ပင် တိတ်ဆိတ်ငြိမ်သက်ကာ လူတိုင်း၏မျက်ရည်ကို သိမ်မွေ့လှပစွာဆွဲခေါ်သွားသော ဇာတ်လမ်းက

စေတနာစာစဉ်

www.burmeseclassic.com

www.burmeseclassic.com

လေးဖြစ်သည်။

သူရော သူမပါ ဓာတ်လမ်းထဲတွင် အာရုံစူးစိုက်နှစ်မြုပ်စွာ အသက်ပင်မရှူမိသလောက် ဓာတ်လမ်းထဲမျောပါလျက်ရှိကြသည်။

ဓာတ်လမ်းထဲမှာ သူရော သူမပါ စကားမပြောနိုင်ကြသော အ,အများအဖြစ် သရုပ်ဆောင်ရသည်။ ထိုကားရိုက်ဖို့အတွက် ဆွံ့အနား ၂ကြားသင်တန်းကျောင်းမှ ဆရာတစ်ယောက်ကို အကူအညီတောင်းကာ လက်ဟန်ခြေဟန်အမူအရာများဖြင့် သူတို့လေ့ကျင့်သင်ကြားခဲ့ကြရတုန်းက အလွန်စိတ်ဝင်စားဖွယ်၊ ပျော်စရာကောင်းခဲ့ကြသည်။

သူတို့နှစ်ယောက် ထိုကျောင်းမှာ စတွေ့ခဲ့ကြပြီ။ တစ်ယောက်ကိုတစ်ယောက် စုံမက်မြတ်နိုးခဲ့ကြသည်။ သူမက မွေးကတည်းက စကားမပြောတတ်ခဲ့တာဖြစ်ပြီး၊ သူကတော့ ကလေးငယ်ဘဝမှာ သူ့မိဘနှစ်ပါးကို ဓားပြများက သတ်ခဲ့တာကို မျက်မြင် မြင်တွေ့ခဲ့ရပြီး အလန့်လွန်ကာ ရှော့(ခ်)ရသွားခဲ့ပြီး စကားမပြောနိုင်တော့တာဖြစ်၏။

ချစ်သူတွေဖြစ်သွားခဲ့ပြီးချိန်မှာ သူနှင့်သူမသည် တစ်ယောက်ကိုတစ်ယောက် အလွန်ငဲ့ညှာအလိုက်သိတတ်ခဲ့ကြ





၏။ သူ့အတွက်ဆို သူမက ဘာမဆိုဖြည့်ဆည်းပေးခဲ့သလို သူကလည်း သူမအတွက် အစစအရာရာတွင် ညှာတာနားလည်ပေးခဲ့ကြသော ပြကွက်တွေသည် ချစ်စဖွယ်၊ သနားစဖွယ်ဖြစ်အောင် သူတို့နှစ်ယောက် အပေးအယူမျှစွာ သရုပ်ဆောင်သွားခဲ့ကြသည်။ သူတို့နှစ်ယောက်သည် စိတ်ချင်းအလွန်နီးစပ်ဆက်သွယ်ကာ တစ်ယောက် ဘာလိုချင်တယ်ဆိုတာကို ကျန်တစ်ယောက်က အလိုလိုသိနေခဲ့ကြသည်။

ထို့နောက် သူနှင့်သူမသည် လက်ထပ်ကြဖို့ အသီးသီးငွေရှာကာ ငွေစုကြသည်။ သူက ရသမျှအလုပ်ပေါင်းစုံကိုရှာကြံလုပ်ကာ ရသမျှငွေကို သူမထံသို့အပ်သည်။ ရှေ့ရေးတွေကို လက်ဟန်ခြေဟန်များဖြင့်ပြောပြကြကာ ရယ်မောပျော်ရွှင်ခဲ့ကြ၏။ သူတို့ပြောသည့်စကား၏အဓိပ္ပါယ်များကို အောက်ခြေတွင် စာတမ်းထိုးပေးပါသည်။

နှစ်ယောက်သားဆုံလျှင် သူမ စုထားသော ပိုက်ဆံကလေးများကို ရေတွက်ကြည့်ကြကာ ပျော်ရွှင်မဆုံးဖြစ်ကြသည်။ သူက သူမကို ဘာအလုပ်မှမလုပ်ဖို့ ပြောထားသော်လည်း သူမက မနေတတ်။ ပိုက်ဆံမြန်မြန်ပြည့်အောင် သူမကလည်း တစ်ဖက်တစ်လမ်းမှ သူ မသိအောင် အလုပ်တွေကြိတ်လုပ်ရင်း ပိုက်ဆံစု

www.burmeseclassic.com

လေသည်။

သူမသည် အချိန်အားရတိုင်း သတို့သမီးဂါဝန်တွေ ရောင်းသောဆိုင်ကလေးရှေ့မှာ မက်မက်မောမောသွား၍ငေးမော ခြင်းဖြင့် စိတ်ချမ်းသာမှုကိုရှာဖွေမြဲဖြစ်သည်။ အဲ့ဒါကို တစ်နေ့မှာ သူက မလှမ်းမကမ်းမှနေ၍ မြင်သွားခဲ့သည်။ သူမအတွက် ထို သတို့သမီးဂါဝန်ကလေးဝယ်ဖို့ သူ အပြင်းအထန်အလုပ်တွေ ပို လုပ်တော့သည်။

ချစ်သူနှစ်ယောက်ဆုံတိုင်း သူမ အမြဲပြောလေ့ရှိ သောစကားမှာ သူတို့နှစ်ယောက်ကမွေးလာသောကလေးလေးတွေ ကို သူမလို အဆွံ့အအကလေး မဖြစ်ချင်ပါ ဆိုသောစကားကလေး ဖြစ်၏။

သူမ ရင်ထဲမှာ သူ့ကိုပြောချင်သောစကားတွေ ရင် နှင့်မဆံ့အောင် အပြည့်အသိပ်ရှိကြောင်း၊ သို့သော် ပြော၍မရတာ ကို သူမ အလွန်ခံစားရကြောင်း၊ လက်ဟန်ခြေဟန်နှင့်ပြောရတာ တွေကို သူမက အားမရကြောင်း စသဖြင့် ပြောပြလျှင် သူက စိတ်ထိခိုက်ရင်နှင့်စွာ သူမကို သနားကရုဏာပိုရလေသည်။

သူက လက်ဟန်ခြေဟန်ဖြင့် ပြန်ရှင်းပြသည်မှာ

"အဲ့ဒါအတွက် မင်းစိတ်ပူစရာမလိုဘူး ချစ်ရဲ့၊ ကိုယ်က မွေးရာပါဆွံ့အခဲ့တာမှ မဟုတ်တာ၊ ကိုယ် အသက်နှစ် ဆယ်အထိ စကား ကောင်းကောင်းပြောနိုင်ခဲ့တာပဲ၊ ကြောက်မက်ထိတ်လန့်ဖွယ်မြင်ကွင်းတွေကြောင့် သွေး ပျက်ပြီး ဆွံ့အသွားခဲ့တာ၊ စကားပြောချင်ပေမယ့် ပြောလို့ မရတော့တာပါ၊

ဒါပေမယ့် တစ်ချိန်ချိန်ကျရင် ကိုယ် ပြန်ပြောနိုင် ချင်ပြောနိုင်မှာလို့ ဆရာက အမြဲပြောပြခဲ့တာပဲ၊ ကိုယ်တို့ က မွေးလာတဲ့ကလေးလေးဟာ စကားပြောကို ပြောနိုင် ရမယ်"

ဟု ဆိုခဲ့သည်။ သူမက မျက်လုံးကလေးတွေ အ ရည်တဖိတ်ဖိတ်လက်စိုရွှန်းပစ္စာဖြင့် ပြုံးနေခဲ့သည်။ ဒီဇာတ်ကား မှာ သူတို့နှစ်ယောက်စလုံး မျက်နှာပေးအက်တ်တွေ၊ မျက်လုံး သရုပ်ဆောင်မှုတွေက အံ့မခန်းဖွယ်ကောင်းလောက်အောင်ပင် ထူး ခြားပြောင်မြောက်ကာ အသက်ဝင်လွန်းလှသည်။

သူက

"တို့နှစ်ယောက် မြန်မြန်လက်ထပ်ချင်ပြီ"

ဟု ပြောလျှင် သူမက ပိုက်ဆံတွေ မြန်မြန်ရအောင် ဘယ်လိုငွေရှာရပါ့မလဲ ဟု အိမ်နီးနားချင်းမိန်းမတစ်ယောက်နှင့်







www.burmeseclassic.com

www.burmeseclassic.com



တိတ်တိတ်ကြိတ်ပြီး တိုင်ပင်လေသည်။ ထိုအမျိုးသမီးက

"ငွေတွေအများကြီး တစ်ခါတည်းရနိုင်တဲ့အလုပ် လုပ်မလား"

ဟု လက်ဟန်ဖြင့်ပင် မြှူဆွယ်ဖြားယောင်းခဲ့သည်။ သူမက သူမ ချစ်သူနှင့်လက်ထပ်ဖို့ ငွေအရမ်းလိုကြောင်းပြောပြသည်။

သူမကို အလွန်သဘောကျနေသော ခပ်ဆိုးဆိုး သူဌေးသားတစ်ယောက်ရှိနေရာ ထိုလူက သူမကိုရအောင်ကြံနိုင်လျှင် ပိုက်ဆံလိုချင်သလောက်ပေးမည် ဟု ထိုအမျိုးသမီးနှင့် အပေးအယူလုပ်ထားခဲ့သည်။ အဲ့ဒါကို မသိရှာသော သူမက ဘာအလုပ်မှန်းသေချာမသိသော်လည်း အိမ်နီးချင်းမိန်းမကို ယုံကြည်ပြီး အလုပ်လုပ်ဖို့ သဘောတူညီလိုက်၏။

အလုပ်မစခင်မှာပင် သူမလက်ထဲသို့ ငွေနှစ်ရာတန်အုပ်တွေရောက်လာလေရာ သူမက တအံ့တသြ ပျော်ရွှင်နေခဲ့ပြီ။

"ဘာအလုပ်မို့ ဒီလောက်တောင် ပိုက်ဆံတွေအများကြီး ရ ရတာလဲ"

ဟု မေးကြည့်သည်။

"သူဌေးနဲ့တွေ့မှ သိရမယ်၊ သူဌေးအိမ်လိုက်ခဲ့"





ဟု မိန်းမက သူမကို သူဌေးအိမ်သို့ ခေါ်သွားခဲ့လေသည်။ သူမကို တစ်ယောက်တည်းထားခဲ့ကာ ထိုမိန်းမ ပြန်သွားတော့မှပင် သူမသည် အဖြစ်မှန်ကို နားလည်သဘောပေါက်သွားတော့လေသည်။ သူဌေးက သူမကို အပေါ်ထပ်အခန်းတစ်ခုဆီသို့ ခေါ်သွားခဲ့ပြီး သူမကို သိမ်းပိုက်ဖို့ အတင်းအဓမ္မကြံစည်တော့ရာ သူမသည် အစွမ်းကုန် ရုန်းကန်ထွက်ပြေးဖို့ကြိုးစားသည်။ ခန်းမတံခါးကိုပိတ်ထားသဖြင့် သူမသည် ဝရန်တာဖက်သို့ ထွက်ပြေး၏။ သူဌေးက ဝရန်တာသို့ လိုက်လာကာ သူမကို ဖွတ်အတင်းဆွဲခေါ်လျက်ရှိသည်။

ဖြစ်ချင်တော့ တိုက်တိုက်ဆိုင်ဆိုင်ပင် သူမတို့တိုက်၏ မျက်နှာချင်းဆိုင်တိုက်ကို သူမချစ်သူ သူက ဆေးသုတ်ပေးနေခဲ့တာဖြစ်သည်။ သူမ၏အော်သံဟစ်သံ ဂူးဂူးဝါးဝါးကို သူကြားရသလိုလိုရှိသဖြင့် ဘေးဘီဝဲယာသို့ လိုက်၍ရှာဖွေကြည့်သည်။ ထိုရပ်ကွက်က ဆိတ်ငြိမ်ရပ်ကွက်မို့ ကိုယ့်ခြံတွင်းမှာ ဘာဖြစ်နေသည်ဆိုတာကို တခြားခြံတွေဆီက သိခွင့်ရသည်မဟုတ်။ သူတောင် တိုက်ဆေးသုတ်သောအလုပ်ရသောကြောင့်သာ ထိုရပ်ကွက်သို့ ရောက်ဖူးခြင်းဖြစ်၏။

ပထမတော့ သူ သူမကိုဖွဲ့လမ်းလွန်းသဖြင့် သူမ

www.burmeseclassic.com



အသံကို အယောင်ယောင်အမှားမှား ကြားရသည်လို့ ထင်မှတ်နေသည်။ သူမနှင့် ထိုသူ ဌေးရပ်ကွက်မှာ မည်သို့မျှအပ်စပ်ခြင်းမရှိ။

သို့သော် သူမ၏ အူးအူးအားအားအော်သံက ပို၍ကျယ်လောင်စူးရှလာခဲ့သည်။ သူက ဝါးလုံးတန်းများဖြင့် ဆင်ထားသောငြမ်းပေါ်မှနေ၍ ဟိုဟိုဒီဒီ လိုက်ရှာပြန်လေသည်။

နောက်ဆုံးခန်းသည် ရင်နင့်ဖွယ် စိတ်နှလုံးကြေကွဲဖွယ်အကောင်းဆုံးဖြစ်ပါသည်။ သူက သူမကို မြင်သွားပြီဖြစ်သည်။ မျက်နှာချင်းဆိုင်ရှိ တိုက်ဝရန်ဟာလက်ရန်းပေါ်တွင်ရပ်၍ ကူပါ၊ ကယ်ပါ အော်နေသော သူမကို သူ တွေ့လိုက်ရသည်။

သူ သူမအတွက် အလွန်စိုးရိမ်ပူပန်သွားကာ သူမကို လှမ်း၍ခေါ်သည်။ သို့သော် သူ့စကားသံမှာလည်း ပီပီသသမထွက်။ တအူးအူးတအဲအဲနှင့် ဗလုံးဗထွေးသာ။ သူ့တစ်ကိုယ်လုံးဘုန်ရရင်ထူပူနေခဲ့သည်။ သူ့ချစ်သူ့နာမည်ကို စိုးရိမ်တကြီးအော်ခေါ်နေမိသည်။ ငြမ်းစင်ပေါ်မှ ရုတ်တရက် ပြန်ဆင်း၍မရ၊ သူ့ဒူးတွေ တုန်ရင်နေယေသည်။

သူမ အန္တရာယ်တွေ့ပြီဆိုတာကို သူ ချက်ချင်းသဘောပေါက်သွားကာ ငြမ်းပေါ်မှ ကမန်းကတမ်းပြန်ဆင်းဖို့ကြိုးစားရင်း သူမ တစ်ခုခုမလုပ်မိအောင် အော်ဟစ်နေသော သူ့ သရုပ်





ဆောင်ခန်းမှာ ရင်နင့်ဆို့ကျပ်ဖွယ်ကောင်းလွန်းလှသောကြောင့် သူမသည် နံဘေးမှာ ငြိမ်သက်စွာကြည့်နေသော သူ့လက်တစ်ဖက်ဆီသို့ သူမ၏လက်တစ်ဖက် အလိုလိုရောက်သွားကာ ဆုပ်ကိုင်လိုက်မိသည်။ ရုပ်ရှင်ရုံတစ်ရုံလုံး အသံစိုးစဉ်းမျှမကြားရတော့။ အားလုံး အသက်ပင်ရှူကြရဲ့လားမသိ။ တချို့က မျက်ရည်တွေ စီးကျနေသည်။ တချို့က ရှိုက်ငိုနေကြပြီ။

သူကိုယ်တိုင်ပင် မျက်ရည်တွေ မျက်လုံးထဲမှာပြည့်ဝိုင်းနေပြီ။ သူမ ရင်ထဲဆို့နစ်မွန်းကျပ်စွာ ငိုချင်လာသည်။ သူ့လက်တစ်ဖက်သည် သူမ ပခုံးဆီသို့ကျရောက်လာစဉ် သူမ မျက်နှာကလေးသည် သူ့ပခုံးစွန်းဆီသို့ မှီငိုက်ကျသွားခဲ့ကာ တသိမ့်သိမ့်ငိုရှိုက်မိတော့လေသည်။

သူက လက်ကလေးတစ်ဖက်ဖြင့် သူမ ပခုံးကလေးကို တဖွဖွပုတ်ပေးကာ မသိမသာချော့မော့လျက်ရှိသည်။

သူမ နောက်ဆုံးခန်းကို မကြည့်ရက်ပါ။ အထဲမှာ သူမတို့နှစ်ယောက် သရုပ်ဆောင်နေကြသည်နှင့်မတူ။ ယခုကယ့် အစစ်ဖြစ်နေကြသည်နှင့်တူသောကြောင့် ပရိသတ်အားလုံး၏စိတ်နှလုံးကို သိမ်းကြုံးဆွဲငင်ယူထားနိုင်ခဲ့ပြီ။

အပြင်မှာ သူမတို့နှစ်ယောက်က ဘာကြောင့်များ

www.burmeseclassic.com



အစစ် မဟုတ်ဘဲ ဟန်ဆောင်ခြင်းတွေနှင့် ပြည့်နှက်နေရတာလဲ။

"ဟာ၊ သွားပြီ"

ပရိသတ်၏ အာမေဋိတ်သံတွေ အသီးသီး ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။ ပထမဆုံး သူမက ရှန်းရင်းဆန်ခတ်ဖြစ်ရင်း တက်ရပ်နေမိသော ဝရန်တာလက်ရန်းပြားပေါ်မှနေ၍ နောက်ပြန်ကျသွားခြင်းဖြစ်သည်။ သူမ ကျသွားတာကို မြင်လိုက်ရသော သူက ယောင်ယမ်းပြီး ငြမ်းအမြင့်ကြီးပေါ်ကနေ ခြေလွတ်လက်လွတ် လိုက်ခုန်ချလိုက်ခြင်းဖြစ်သည်။

သူမသည် သံမံတလင်းပေါ်တွင် ပက်လက်ကလေး လဲကျနေကာ အသက်ငင်သလို တွန့်လိမ်နေစဉ် သူကလည်း တစ်ဖက်ခြံထဲရှိ ကျောက်ပြားအခင်းပေါ်တွင် လဲကျဆန့်ငင်နေလေသည်။

"ချစ်၊ ချစ်၊ မင်း၊ မင်း၊ မင်းကို ကိုယ် ချစ် တယ်"

သူ့ပါးစပ်ထဲမှ ထိုစကားလုံးတွေ မချိမဆန့်ထွက်ကျလာသည်။ သူ ရုတ်တရက် စကားပြန်ပြောနိုင်ခဲ့ပြီ။

သို့ပေမယ့် ထိုအသံကို သူမ မကြားနိုင်တော့သလို သူလည်း ဆက်ပြော၍မရတော့။ သူရော သူမပါ ငြိမ်သက်သွားချိန်သည် တစ်ပြိုင်တည်းလိုလိုဖြစ်သည်။





သူမသည် သူ့ရင်ခွင်ထဲမှာ အားပါးတရ ရှိုက်ငိုမိဆဲ။ မီးတွေလင်းလာခဲ့သည်။ ပရိသတ်တိုင်း၏မျက်နှာတိုင်းတွင် မျက်ရည်ရိပ်များကို သူတို့ မြင်တွေ့ရသည်။ အားလုံးက သူမတို့နှစ်ယောက်ရှိရာဆီ လာပြီး မချီးကျူးဘဲမနေနိုင်ကြ။

"သိပ်ကောင်းတယ်၊ ရင်ထဲ ဆို့နင့်ပြီးကျန်ခဲ့တာပဲ၊ တွန်ဂရက်ကျူလေးရှင်း၊ နှစ်ယောက်စလုံး သိပ်တော်ကြတာပဲဗျာ၊ မော်ဝင်နေသလား ထင်ရတယ်"

"ကိုသိဂ်ါနဲ့ ယုံယုံ မို့လို့ ဒီလောက်ကောင်းတာ၊ ဒီကားတော့ အရမ်းပေါက်ဦးမှာပဲ၊ သေချာတယ်"

"ဘာဖြစ်လို့ အဲ့ဒီလောက်တော်နေရတာလဲ ဒီနှစ်ယောက်ရှယ်၊ အရမ်းတော်ကြတာပဲ၊ ဘယ်သူမှ မလုပ်နိုင်တဲ့ အမူအရာတွေ လုပ်သွားနိုင်တာ အံ့ဩတယ်ဗျာ၊ ချီးကျူးတယ်"

"နှစ်ယောက်စလုံး အကယ်ဒမီပဲ၊ သေချာတယ်"

စသဖြင့် တစ်ယောက်ပြီးတစ်ယောက်လာ၍ လက်ဆွဲနှုတ်ဆက်ချီးကျူးနေကြသဖြင့် သူနှင့်သူမမှာ မအားလပ်နိုင်အောင်ပင် အပြုံးတွေ တဝေဝေဖြင့် ပြန်လည်နှုတ်ဆက်နေရသည်။

ပရိဂျူဆာနှင့် ဒါရိုက်တာ အနားသို့ ရောက်လာကာ

www.burmeseclassic.com



"မင်းသားနဲ့ မင်းသမီး မပြန်ကြနဲ့ဦးနော်၊ မျက်နှာစုံညီ အင်တာဗျူးကလေးတစ်ခု စီစဉ်ထားတယ်၊ ကြော်ငြာတစ်မျိုးဖြစ်အောင် ထည့်မလို့၊ ကိုသိင်္ဂါနဲ့ ယုံယုံတို့ ပြောတာလေးတွေကို တီဗီကြော်ငြာမှာထည့်မှာ"

ဟု ပြောသဖြင့် ပြန်လို့မရသေး။ ကဲန်မရာမီးတွေ တဝင်းဝင်းအောက်တွင် သူနှင့်သူမ ဟစ်ယောက်လက်တစ်ယောက် ဆုပ်တွဲထားကြကာ ပြုံးချိုနေသည်။

ရုံအောက်သို့မဆင်းသေးဘဲ စီစဉ်ခင်းကျင်းထားသော အခန်းတစ်ခုထဲတွင် ဗီဒီယိုကဲန်မရာတွေ အသင့်စောင့်ခိုင်းနေကြ၏။

"ဒီကားရဲ့ ဇွန့်စားခန်းကလေးတွေ ပြောပြပါဦး၊ ကိုသိင်္ဂါ အရင်စပြောပါ"

သူနှင့်သူမက ဆိုဖာတစ်ခုတွင် တူယှဉ်တွဲကာ ထိုင်ကြပြီးနောက်၊ တစ်ယောက်ကိုတစ်ယောက်ကြည့်ကာ ပြုံးမိကြသေးသည်။ ဤမျှရင်းနှီးချစ်ကြည်နေသောအငွေ့အထားကလေးကို သူ ကုန်ဆုံးမသွားချင်တော့လောက်အောင် ဖြစ်လာသည်။

"ပြောရရင်တော့ ဒီကားဟာ တကယ့်ဇွန့်စားခန်းပဲဗျ၊ မင်းသားရော၊ မင်းသမီးပါ တစ်ကားလုံး စကားတစ်ခွန်းမှ





မပြောကြရဘဲ မျက်နှာတွေ၊ မျက်လုံးတွေ၊ အမူအရာတွေနဲ့ သရုပ်ဆောင်သွားကြရတာ၊ ကျွန်တော်ရော သူပါ၊ အစွမ်းကုန် ပညာထုတ်သုံးခန်းတွေချည်းပဲ၊ အခန်းတိုင်း မသက်သာဘူး၊ အနုပညာကိုအပြည့်သုံးရတာ၊

စကားလုံးတွေကို အမူအရာတွေနဲ့သရုပ်ဆောင်ပြရတာလေ၊ ကျွန်တော်တော့ ဒီကားကို အရမ်းကြိုက်တယ်၊ ကျွန်တော်ရိုက်ခဲ့သမျှ ကားတွေထဲမှာ Masterpiece လို့တောင် ပြောလို့ရနိုင်တယ်၊ ကျွန်တော့်ကိုယ်ကျွန်တော်ပြန်ကြည့်ပြီး ကျွန်တော် အဲ့ဒီလောက်တောင် လုပ်ခဲ့ပါလားလို့ အားရမိပါတယ်၊ ကျွန်တော်ကိုယ်တိုင် မျက်ရည်ကျရတာ ဒီတစ်ကားပဲရှိသေးတယ်၊ ဒီကားဟာ ကျွန်တော်နဲ့ သူရဲ့ တကယ့် မှတ်တိုင်အစစ်ပါပဲ"

"ယုံယုံ ပြောပါဦး"

သူမသည် ပထမဆုံး ချစ်စဖွယ်ပြုံးရယ်လိုက်ပြီးမှ

"ဒီကားကြည့်ပြီး ကျွန်မ သူ့ကို လုံးဝ မခွဲနိုင်တော့ဘူး၊ အရမ်း ပိုချစ်လာတယ်"

ဟု စတင်လိုက်မိသည်။ ထိုစကားကို ဘယ်က ဘယ်လို စတင်ပြောလိုက်မိမှန်းတောင် သူမ မသိလိုက်။ သေချာ



www.burmeseclassic.com

www.burmeseclassic.com



တာကတော့ သူမ ဟန်ဆောင်ပြီးပြောခြင်းမဟုတ်တာကို ဝန်ခံရဲပါသည်။

သူက သူမကို ပြုံး၍ကြည့်သည်။

"အဲဒါ အစစ်လား"

ဟု တိုးတိုးကလေး ဘယ်သူမှမကြားအောင်မေးပုံက အလွန်ချစ်စရာကောင်းသောမျက်နှာဖြစ်နေသည်။ နှစ်ယောက်စလုံး သရုပ်ဆောင်နေကျမို့ ဒီတစ်ခါ သူ့ သရုပ်မဆောင်ဘဲ တကယ်မေးတယ်ဆိုတာကို သူမ ကောင်းစွာနားလည်သဘောပေါက်လေသည်။

"အစစ်ပေါ့၊ တကယ်ပြောတာပါ၊ ကျွန်မ ဝန်ခံစရာရှိပါတယ်၊ အရိုးသားဆုံးဝန်ခံရရင် ဒီ'အစစ်'ဇာတ်ကားထဲက ချစ်သူနှစ်ယောက်ရဲ့အချစ်က အပြင်က ကျွန်မကို ပြန်သင်ပေးသွားခဲ့တာတစ်ခုရှိပါတယ်၊ အဲဒါကဘာလဲဆိုတော့ လောကမှာ 'အချစ်' ကို ဆုံးရှုံးရခြင်းလောက် ဘဝမှာ ရှင်သန်စရာ၊ အဓိပ္ပါယ်မရှိတော့တာ ဘာမှမရှိတော့ဘူးဆိုတဲ့ အသိပါပဲ၊

'အစစ်' ဇာတ်ကားထဲက သူတို့နှစ်ယောက်က သေခြင်းတရားနဲ့ ကွဲကွာသွားခဲ့ကြတာပါ၊ အပြင်က ကျွန်မ





တို့နှစ်ယောက်က ရှင်ကွဲကွဲကြတော့မလို့ လက်မထင်ကလေးပဲ လိုပါတော့တယ်၊

ဟင့်အင်း၊ ကျွန်မ ဟန်နီ့ကို အဆုံးရှုံးမခံနိုင်တော့ဘူး ဟန်နီ၊ ဟန်နီ နဲ့ ကွဲကွာပြီးရင် ကျွန်မဘဝမှာ ဒီအောင်မြင်ကျော်ကြားမှုတွေဟာ ဘာမှ အဓိပ္ပါယ်မရှိတော့ဘူး၊ အသက်တောင်မရှင်ချင်တော့ဘူး"

"ဟာ"

သူမထံမှ မမျှော်လင့်သော ဖွင့်ဟစကားများကြောင့် အခန်းထဲရှိလူအများထံမှ အာမေဋိတ်သံတွေ ထွက်လာကြသည်။

သူက သူမကို ထွင်းဖောက်နှစ်ဝင်မတတ် စိုက်ကြည့်နေခဲ့ကာ သူ့မျက်လုံးများမှာ တဖိတ်ဖိတ်လက်လျက်ရှိသည်။

"သည်း တကယ်ပြောနေတာလားဟင်၊ အဲဒါ အစစ် တွေလား"

သူက စိတ်လှုပ်ရှားသံဖြင့် မေးမိ၏။

"အစစ်ပေါ့ ဟန်နီ၊ သည်း ဟန်နီ့ကို သိပ်ချစ်တယ်"

"ဝိုး"

လူတချို့ ဝိုင်းအော်ကြသည်။ သူမ ဂရုမစိုက်နိုင်တော့။ သူက သူမကို မြတ်မြတ်နိုးနိုး သိုင်းဖွဲ့လိုက်ကာ



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်က ပိုချစ်တာပါ၊ ကိုယ်က ပိုတောင် အဆုံးရှုံးမခံနိုင်၊ မခွဲနိုင်တာပါ၊

သေသေချာချာတွေးကြည့်ရင် ဘာမှမဟုတ်တဲ့အကြောင်းအရာကလေးတွေကြောင့် ကိုယ်တို့ ပဋိပက္ခတွေဖြစ်ခဲ့ကြတာပါ၊ တကယ်ဆို ဒါတွေက ညှိယူဖြေရှင်းလို့ရပါတယ်၊ အချစ်လောက် အရေးကြီးတာ၊ တန်ဖိုးရှိတာ ဘာမှ မရှိတော့ပါဘူး၊

ကိုယ်တို့ ထပ်ပြီးကြိုးစားကြည့်ရအောင် သည်း၊ ကိုယ်တို့နှစ်ယောက်ပေါင်းဘဝကို ဒုတိယအကြိမ် ပြန်ပြီးတည်ဆောက်ကြည့်ကြရအောင်"

"နားလည်မှုရှိဖို့၊ ဇိဇာမကြောင်ဖို့၊ အပြိုင်အဆိုင်မလုပ်ဖို့၊ မာနကို ရှေ့တန်းမတင်ဖို့က အရေးအကြီးဆုံးပဲ ဟန်နီ၊ သည်းလည်း ပြင်စရာရှိတာတွေ ပြင်ပါ့မယ်"

သူနှင့်သူမ အပြန်အလှန်ပြောနေကြတာကို အခန်းရှိလူတွေက တအံ့တသြ၊ အထူးအဆန်းဖြင့် ဝိုင်းကြည့်နေကြပြီး ပတိရသွားကြကာ ဝိုင်း၍လက်ခုပ်သြဘာသံတွေထွက်လာကြသည်။

"တစ်ယောက်ကိုတစ်ယောက် ဖွင့်ဟာဝန်ခံဖို့၊ အလျှော့ပေးသည်းခံဖို့ဟာ အချစ်မှာ အရေးကြီးဆုံးပဲ သည်း"

"ကျေးဇူးတင်ပါတယ် ဟန်နီ၊ ကျွန်မကို ခုချိန်ထိ အဲဒီလောက်ချစ်နေသေးတဲ့အတွက်ပါ"

သူက သူမ ပခုံးကလေးကို ပွေ့ဖက်ထားလိုက်လေသည်။ သူတို့ဘာသာ ပြောချင်ရာတွေပြောသွားကြပြီမို့ အင်တာဗျူးလုပ်မည့်သူတွေက ဘာထပ်မေးရမည်မသိတော့။ ထို့ကြောင့် သူနှင့်သူမ တစ်ယောက်ကိုတစ်ယောက် မက်မောငြိတွယ်စွာ ငေးမောကြည့်နေကြတာတွေကိုပဲ ဗီဒီယိုကဲန်မရာနှင့်တစ်မျိုး၊ ကဲန်မရာတွေအသီးသီးနှင့်တစ်ဖုံ ဝိုင်း၍ရိုက်လျက်သာရှိလေသည်။

သူရော သူမပါ တစ်ယောက်ယောက်ပျောက်ကွယ်သွားမှာ စိုးသည့်အလား မက်မက်မောမောစုံမက်ချစ်ခင်စွာ စိုက်ကြည့်မိလျက် တစ်ယောက်လက်တစ်ယောက် တင်းတင်းဆုပ်တွယ်ထားမိကြလေသည်။

www.burmeseclassic.com

စိတ္တသုခ ကာယသုခဖြင့် ပြည့်စုံနိုင်ပါစေ

မေတ္တာအားဖြင့်



လွန်းထားထား(ဆေးတက္ကသိုလ်)

၁-၁-၂၀၀၂

စေတနာရှာစာပေ

BURMESE CLASSIC .com
www.burmeseclassic.com